ပြည်ထောင်စုသားကုမ္ပဏီလီမိတက် မန္တလေးတိုင်းဒေသကြီး၊

ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသ

ရွှေအသေးစားလုပ်ကွက် (YMT-256)(၂၀)ဧက

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာ

ဦးဇော်ဝင်းသန်း(အငြိမ်းစား)

သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ မတ်လ (   )ရက်

စာတမ်းအကျဉ်း

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ဂါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသရှိ ရွှေလုပ်ကွက်(YMT-256)တွင် ၂၀၁၄ခုနှစ်၊ ဇွန်လ မှစ၍ ရွှေတူးဖော်မှုလုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ရွှေတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် မြေအောက်တူးဖော်မှု နည်းစနစ်ကို ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းနှင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအား လိုက်နာ ဆောင်ရွက်မည် ဖြစ်ပါသည်။

ပြည်ထောင်စုသားကုမ္ပဏီ၏ အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ကွက် (YMT-256) သည် ရမည်းသင်းမြို့နယ်၊ ဂါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသ၊ မြေပုံညွှန်း ၉၃ ဒီ/၇ (၈၆၄၇၅၀၊ ၈၆၆၇၅၀၊ ၈၆၆၇၄၅၊ ၈၆၄၇၄၅)တွင် တည်ရှိပါသည်။ ရွှေလုပ်ကွက်၏ အကျယ်အဝန်းမှာ (၂၀)ဧကဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန၏(၂၁.၃.၂၀၁၄)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်၊ ၀၀၈၈/၂၀၁၄ဖြင့် (၁)နှစ်သက်တမ်းရှိ ရွှေအသေးစားတူး ဖော်ခွင့်ရရှိခဲ့ပြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ ပန်းတောင်ဒေသအတွင်းရှိ ရွှေအသေးစားတူးဖော်ရေးလုပ်ကွက် (YMT-255), (YMT-256) နှင့် (YMT-257)၊ စုစုပေါင်းဧရိယာ(၆၀)ဧကသည် မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့၏ စစ်ဆေးချက်များအရ စိုက်ပျိုးမြေ၊ သာသနာ့မြေ၊ သုသာန်မြေ၊ မြို့မြေ၊ ရွာမြေ၊ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ဧရိယာကာကွယ်တောများနှင့် လွတ်ကင်းမှုရှိပါသည်။ ထို့အပြင် လုပ်ကွက်နယ်မြေအတွင်း အမျိုးသားအဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့် သတ်မှတ်ကာကွယ် ထားသော ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနယ်မြေများ၊ အများပြည်သူဆိုင်ရာသစ်တော၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်းထားသောနယ်မြေ၊ ဘူမိရူပဆိုင်ရာထိန်းသိမ်းထားသော အထင်ကရနေရာများ ပါဝင်မှုမရှိပါ။ ရှားပါးသောတိရိစ္ဆာန်များ၊ မျိုးတုန်းပျောက်ကွယ်လု နီးပါးဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့်ကျန်းမာရေး အဟာရဆိုင်ရာတန်ဖိုးရှိမျိုးစိတ်များ မရှိပါကြောင်း တွေ့ရှိ ရပါသည်။

ကုမ္ပဏီသည် လုပ်ကွက်အတွင်း အုပ်ချုပ်မှုနှင့်စက်မှုဆိုင်ရာအဆောက်အဦးများ တည်ဆောက်ရာတွင် YMT-255, 256, 257 (၃)ကွက် စလုံးတွင် တည်ဆောက်ခြင်း မပြုဘဲ YMT-256 လုပ်ကွက်အတွင်း၌သာ လိုအပ်သည့်အရေအတွက်အနည်းဆုံးကိုသာ တည်ဆောက်ခဲ့ပါသည်။ သတ္တုတူးဖော်မှု

လုပ်ငန်းများဆောင်ရွက်ရာတွင် စက်ယန္တရားများ သုံးစွဲမှုမရှိဘဲ လူအင်အားဖြင့် အသေးစား တူးဖော်မှုများ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

အသေးစားရွှေတူးဖော်ရေးလုပ်ကွက်(YMT-256)သည် တောင်ပေါ်တွင် တည်ရှိပါသည်။ သတ္တုသိုက်မှာ ပင်ရင်းသိုက် (Primary Ore Deposit) ဖြစ်ပါသည်။ သလင်းကြောအတွင်း တိုးဝင်နေသော ရွှေပါသတ္တုကြောများကို တူးဖော်ရာတွင် မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍ ဆင်းတွင်း (Vertical Shaft)များ နှင့် မြေအောက်လှိုဏ်ခေါင်း (Adit) တူးဖော်နေခြင်း ဖြစ်ပါသည်။ ကုမ္ပဏီ Adit မှာ အရှည် (၂၅၀)မီတာနှင့် အနက် (၄၅)မီတာရောက်ရှိနေပြီ ဖြစ်ပါသည်။ Adit အတွင်း မျက်နှာပြင် (၈)ခုဖွင့်၍ ခေါင်းသားများ တူးဖော်နေခြင်း ဖြစ်ပြီး၊ အဖွဲ့တစ်ဖွဲ့လျှင် အင်းသား (၈)ဦး ဖြင့် အကျိုးတူ တူးဖော်နေခြင်း ဖြစ်ပါသည်။ တူးဖော်ရာတွင် နေ့ဆိုင်းတစ်ဆိုင်း တည်းဖြင့် တူးဖော်ခြင်းဖြစ်ပြီး အဆိုင်းဆင်းချိန်မှာ မနက်(၇း၃၀)နာရီမှ ညနေ(၄း၃၀)အချိန်ထိ ဖြစ်ပါသည်။ အသေးစားရွှေတူးဖော်ရေး လုပ်ကွက်(YMT-256)မှ တစ်ရက်လျှင် ဖြိုး(ရွှေသတ္တုရိုင်း) (၃) တန် ထွက်ရှိပြီး၊ စွန့်ပစ်မြေစာထွက်ရှိမှုမှာ (၂)တန် ခန့်ထွက်ရှိပါသည်။ ဒေသခံအင်း(Vertical Shaft) တစ်ခုမှာ အနက်(၂၆၀)မီတာသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ပြည်ထောင်စုသားကုမ္ပဏီမှ ယခင် ရရှိသည့်ဖြိုးများအား ရမည်းသင်းမြို့နယ်အတွင်းရှိ အခြားလုပ်ကွက်များသို့ ပေးပို့၍ ရွှေစင် ထုတ်ယူမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မေလ နောက်ပိုင်း ရရှိသည့် ဖြိုးများအား အိတ်များအတွင်း ထည့်သွင်း၍ လုပ်ကွက်အတွင်း စနစ်တကျ စုပုံသိမ်းဆည်းထားပါသည်။ လုပ်ကွက်အတွင်း ရွှေထုတ်ယူရန်အတွက် ခဲခွဲစက်၊ ကြိတ်ခွဲစက်၊ မျှောလောင်းမည့်နေရာ၊ ပြဒါး ဖမ်းအင်ဝိုင်းလှည့်မည့်နေရာများ ပြင်ဆင်ခြင်းနှင့် စက်ပစ္စည်းများတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျှက် ရှိပါသည်။ တူးဖော်ရရှိသောရွှေပါဖြိုးများမှ ရွှေစင်ထုတ်ယူမှုနည်းအဆင့်ဆင့်မှာ ဖြိုး(သတ္တုရိုင်းများ)ကို ကြိတ်ခွဲစက်(Jaw Crusher) ဖြင့် ကြိတ်ခြင်း၊ ဒုတိယအဆင့်တွင် အမှုန့်ကြိတ်စက် (Pulverizer)ကို အသုံးပြု၍ အစိုကြိတ် ကြိတ်ခြင်း၊ မျှောလောင်းခြင်း၊ ပြဒါးစုရွှေ ရရှိစေရေးအတွက် အင်ဝိုင်းလှည့် ပြဒါးဖမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ရွှေထုတ်ယူခြင်း ဖြစ်ပါ သည်။

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်း မြို့နယ်။ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသရှိ ရွှေလုပ်ကွက်(YMT-256)တွင် လက်ရှိ အဆောက်အဦးများ၊ အင်းတဲများ၊ ကြိတ်ခုံများ၊ သတ္တုရိုင်းစုပုံသည့်နေရာများနှင့် စွန့်ပစ်မြေစာပုံ နေရာများမှာ စုစုပေါင်း(၆)ဧက ခန့်သာရှိပြီး၊ ကျန်ဧရိယာများတွင် သဘာဝပေါက်ပင်များအား ထိန်းသိမ်းခြင်း၊ လမ်းညွှန်ချက်ဖြင့် စိုက်ပျိုးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျှက်ရှိပါသည်။

အသေးစားရွှေထုတ်လုပ်ရေးလုပ်ကွက်(YMT-256)တွင် ဝန်ထမ်းများ၏ ကျန်းမာရေး နှင့်သက်ဆိုင်သော ဆောင်ရန်၊ ရှောင်ရန်များအား ဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊ ရာသီအလိုက် ဖြစ်ပေါ်တတ်သောရောဂါများအတွက် ကာကွယ်ဆေးထိုးပေးခြင်း၊ လစဉ်ကျန်းမာရေးစစ်ဆေး ပေးခြင်းများ ဆောင်ရွက်ပေးပါသည်။ လိုအပ်ခဲ့ပါက ဆေးမှူးဆုံးဖြတ်ချက်အရ ရမည်းသင်းမြို့ ဆေးရုံသို့ ပို့ဆောင်ကုသ ပေးလျက် ရှိပါသည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရွှေလုပ်ကွက်မှ တာဝန်ခံ၊ လုပ်ငန်းအသီးသီး၏ ကြီးကြပ်ရေးမှူးများနှင့် ဖွဲ့စည်း၍ တာဝန်အသီးသီး သတ်မှတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ ပြည်ထောင်စုသားကုမ္ပဏီ၏ အသေးစားရွှေထုတ်လုပ်ရေး လုပ်ကွက် (၃)ကွက်၏ ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို ရွှေပန်းတောင်ကွက်ရပ်အတွင်း နေထိုင်သည့် ဒေသခံများနှင့် အကျိုးတူဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ကုမ္ပဏီမှ လုပ်ကွက်အတွင်း စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ သဘာဝပေါက်ပင်များအား ထိမ်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဒေသတွင်လည်း ဂေဟစနစ် ကောင်းမွန်စေခြင်း၊ စိမ်းလန်း စိုပြေခြင်းနှင့် ဒေသခံများအလုပ်အကိုင် အခွင့်အလန်းများရရှိစေခြင်း စသည့် အကျိုးအမြတ်များကို ရရှိစေပါသည်။

ရွှေလုပ်ကွက်(YMT-256)တွင် သတ္တုတူးဖော်ရာ၌ မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍ တူးဖော်နေခြင်း၊ တူးဖော်ရာ၌လည်း၊ စက်ယန္တရားများ သုံးစွဲမှုမရှိဘဲ လူအင်အားဖြင့် တူးဖော်နေခြင်း၊ ဖြိုးထုတ်လုပ်မှုမှာ နည်းပါးခြင်း၊ ယမ်းခွဲရာ၌လည်း မြေအောက်လှိုဏ်ခေါင်းနှင့် စိုက်ကျင်းများ အတွင်း ခွဲပြီး၊ ယမ်းသုံးစွဲမှုနည်းပါးခြင်းတို့ကြောင့် ယမ်းခွဲချိန် တိုင်းတာမှုအရ ဆူညံသံမှာ (69.2)dB နှင့် တုန်ခါမှုမှာ (0)ft/sec သာရှိပါသဖြင့် ဝန်ထမ်းအိမ်ယာများနှင့် ဆက်စပ်ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု မရှိကြောင်း တိုင်းတာရရှိပါသည်။ ရုံးခန်းနှင့် ဝန်ထမ်းလိုင်းခန်း အနီးတွင် ဆူညံသံမှာ (55)dBသာ ရှိပါသည်။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အရ လူများနေထိုင်ရာ ပတ်ဝန်းကျင်တွင် ဆူညံသံမှာ (55 ~ 45)dB နှင့် လုပ်ငန်းခွင်အတွင်း (70)dB သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ တုန်ခါမှုမှာ (3 ~ 5) mm/sec သို့မဟုတ် (0.01 ~ 0.02) ft/sec ဖြစ်ပါသည်။

ရွှေလုပ်ကွက်(YMT-256)အတွင်း တူးဖော်နေသည့်စိုက်ကျင်းများအနက် မြေအောက်စိမ့်ထွက်ရေ ထွက်ရှိသည့် စိုက်ကျင်းမှာ(၁)ခုသာရှိပြီး၊ စိုက်ကျင်းအနက်(၂၀၀)မီတာ ကျော်မှ ရေစိမ့်ထွက်လာခြင်း ဖြစ်ပါသည်။ ရေထွက်ရှိမှုမှာ အလွန် နည်းပါးပါသည်။ ရေနမူနာကို ကောက်ယူပြီး ဓာတ်ခွဲခန်း (ISO

Tech Laboratory, Insein Township, Yangon)သို့ ပေးပို့ပြီး ဓာတ်ခွဲစမ်းသပ်ခဲ့ပါသည်။ ဂုင်းရေကို အင်းသားများသုံးပြုခြင်း၊ မီးစက်၊ လေစက်များ အအေးခံရာတွင် အသုံးပြုခြင်းတို့ ဖြစ်ပါသည်။ ရေအရည်အသွေးမှာ အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များမှ စွန့်ပစ်ရည်(Effluent) အရည်အသွေး အတွင်းသာ ရှိပါသည်။

လုပ်ကွက်အတွင်းနှင့်ဆက်စပ် ပတ်ဝန်းကျင် တို့၏ လေထုညစ်ညမ်းမှု ရှိ-မရှိ သိရှိစေရန်အတွက် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ဩြဂျင်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရပ်(စ်)အောက်ဆိုဒ်၊ Particulate Matters (10µm) နှင့် Particulate Matters (2.5µm) ဆာလ်ဖာဒိုင်အောက်ဆိုဒ် ပါဝင်မှုများအား တိုင်းတာခဲ့ပါသည်။ လုပ်ကွက်အတွင်း လေထုအရည်အသွေးအား တိုင်းတာ စစ်ဆေးခဲ့ပါသည်။ လုပ်ကွက်အတွင်း ဖုန်မှုန့်ပျံ့လွင့်မှုအား တိုင်းတာစစ်ဆေးနိုင်ခြင်း မရှိခဲ့ပါ။ သို့သော်လေထုအရည်အသွေး တိုင်းတာစစ်ဆေးသည့်အချက်အလက်များရ လုပ်ကွက်လေထု၏ အမှုန်အမွှားပါဝင်မှုမှာ PM_{10} - ၂၄.၁၃၈၄ $\mu g/m^3$ နှင့် $PM_{2.5}$ - ၁.၀၈၄၉ $\mu g/m^3$ ဖြစ်ပါသည်။ လုပ်ကွက်အတွင်း ဖုန်မှုန့်ပျံ့လွင့်မှုများအား တိုင်းတာစစ်ဆေးရာတွင် မိုးတွင်းကာလမပါ တစ်နှစ်လျှင် (၈)လခန့် တိုင်းတာမည် ဖြစ်ပါသည်။ ရက်(၃၀)တစ်ခါ ဖမ်းယူရရှိသော ဖုန်မှုန့်များအား ချိန်တွယ်၍ ဖုန်မှုန့် ပျံ့လွင့်မှုအား စစ်ဆေးမည်ဖြစ်ပါသည်။ ပန်းတောင်ရွှေအသေးစား လုပ်ကွက်များသည် အမြင့်ပေ (၄၀၀၀)ခန့်ရှိ ပန်းတောင်တောင်ကြောပေါ်တွင် သီးခြားတည်ရှိပြီး၊ လေကြောင်း ကျနေခြင်းနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများအရ လက်မခံနိုင်သည့် ဆိုးဝါးသောအနံ့များ ထွက်ရှိခြင်း မရှိပါ။ မြေထုအခြေအနေမှာလည်း အပေါ်ယံလွှာမှာ အနီရင့်ရောင်ရှိ သက်ရင့် နုံးမြေများဖြစ်ပါသည်။ အောက်ပိုင်းတွင် အပြာရောင်ဒိုလိုမိုက်ကျောက်များနှင့် သလင်းကြောများကို တွေ့ရှိရပြီး ပြတ်ရွေ့များ အတွင်း ရွှေပါဝင်သောဗဟန်းကြော(ဆီးမီးဆာလ်ဖိုဒ်)များ တိုးဝင်နေခြင်း ဖြစ်ပါသည်။ စွန့်ပစ်မြေစာများမှာ သက်ရင့်နုံးများနှင့် အပြာရောင် ဒိုလိုမိုဒ်များဖြစ်ပြီး အက်ယိုစီးမှု မရှိသော ကျောက်များ ဖြစ်ပါသည်။

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ရွှေအသေးစား လုပ်ကွက်(၃)ကွက်သည် သစ်တောကြိုးဝိုင်း နှင့် ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်ခြင်းမရှိပါ။ လုပ်ကွက်မှာ ပေ(၄၀၀၀)ခန့် မြင့်သော တောင်တန်းများအပေါ်တွင် တည်ရှိနေပြီး ပေါက်ရောက်နေသော သစ်တောအမျိုးအစားမှာ အမြဲစိမ်း တော ဖြစ်ပါသည်။ လုပ်ကွက်ပတ်ဝန်းကျင်ရှိ တောတောင်များတွင် ပန်းတောင်ကျေးရွာမှ ရွှေ့ပြောင်း တောင်ယာများ စိုက်ပျိုးနေခြင်း ဖြစ်၍ တောတောင်များအတွင်း လူသွားလာမှုများ၍ တောတိရိစ္ဆာန် အနေဖြင့် ယုန်၊ တောကြောင်၊ ဂျီ စသည့်တို့သာ အနီးငယ် ရှိပါသည်။

အနီးဆုံးကျေးရွာမှာ ဝါးဖြူတောင်ကျေးရွာဖြစ်ပြီး လုပ်ကွက်နှင့်(၃)မိုင်ခန့် ကွာဝေးပါသည်။ လုပ်ကွက်နှင့်(၃)ဖာလုံခန့်အကွာတွင် အင်းပိုင်များနှင့်အင်းသားများ နေထိုင်ရာ ပန်းတောင်ကွက်ရပ် (၁)ခု ရှိပါသည်။ ၎င်းကွက်ရပ်တွင် အိမ်ခြေ(၅၀)ခန့်နှင့် လူဦးရေ (၂၅၀)ခန့် နေထိုင်ပါသည်။ ၎င်းတို့မှာ ကုမ္ပဏီ၏ ပန်းတောင်ရွှေအသေးစားလုပ်ကွက်(၃)ခုအတွင်း အကျိုးတူ သတ္တုတူးဖော်ခြင်း လုပ်ငန်းများ လုပ်ကိုင်နေသူများ ဖြစ်ပါသည်။

ပန်းတောင်အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ကွက်များတွင် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်သည့်အခြေအနေများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များ ဆူညံသံနှင့် တုန်ခါမှုအား ထိန်းချုပ်ခြင်း၊ ရေသုံးစွဲမှုနှင့် စွန့်ပစ်ရေပြန်လည်သုံးစွဲမှု ထိရောက်စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသအတွင်း မြေပေါ်ရေ၊ မြေအောက်ရေ ညစ်ညမ်းမှု မရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ စွန့်ပစ်ကျောက်ပုံများ ပြိုကျတိုက်စားခြင်း မရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊ စွန့်ပစ်မြေစာများ စီမံခန့်ခွဲခြင်း၊ ဖုန်မှုန့်ပျံ့လွင့်မှု၊ လေထု ညစ်ညမ်းမှု မရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ အသုံးပြုထားသော မြေနေရာများ အား ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့် အစီအစဉ်များ၊ အစားထိုးစိုက်ပျိုးမှုလုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်မည် ဖြစ်ပါသည်။ ပြဒါးဖမ်းခြင်းနှင့် ပြဒါးစုရွှေရရှိစေရေးအတွက် မီးဖုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြဒါးငွေ့များကြောင့် လူ၊ တိရစ္ဆာန်များအပေါ် အဆိပ်သင့်စေနိုင်ခြင်း၊ မြေဆီလွှာနှင့် ရေများညစ်ညမ်းစေခြင်း အစရှိသဖြင့် လူမှုဝန်းကျင် နှင့်ပတ်ဝန်းကျင် ညစ်ညမ်းစေနိုင်သည့်အချက်များ ဖြစ်ပေါ်စေနိုင်ပါသည်။ လျော့နည်းစေသော လုပ်ငန်းများအဖြစ် ပြဒါးသုံးစွဲရာတွင် စနစ်တကျ ထားသိုခြင်း၊ လက်အိတ်များ၊ နှာခေါင်းစီးများ ဝတ်ဆင်အသုံးပြုခြင်း၊ မီးဖုတ်ရာတွင်လည်း ပြဒါးငွေ့များ လေထု အတွင်း မပြန့်လွင့်စေရေးအတွက် ပြဒါးအငွေ့ဖမ်းကိရိယာ (Retort)ကို အသုံးပြု၍ ဆောင်ရွက်ခြင်း အစရှိသည့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေး အတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။ စက်ဆီချောဆီများ၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ စွန့်ပစ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးအတွက် စီမံဆောင်ရွက်မည် ဖြစ်ပါသည်။

ပြည်ထောင်စုသားကုမ္ပဏီမှ YMT-255, 256 257 လုပ်ကွက်များနှင့်ဆက်စပ်ဒေသရှိ ဝါးဖြူတောင်ကျေးရွာ၊ အင်တိုင်းကျေးရွာ၊ တူးကုန်းကျေးရွာ၊ ချောင်းဖျားကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ကူတိုကျေးရွာများမှ ဒေသခံပြည်သူများနှင့် ပန်းတောင်ကွက်ရပ်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီရင်ခံစာပြုစုသူမှ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ကုမ္ပဏီ၏တာဝန်ရှိသူများနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲရေးအစီရင်ခံစာ ပြုစုသူမှ

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှု၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များတွင် ကုမ္ပဏီမှ ကူညီပံ့ပိုးပေးနေမှုအစီအစဉ်များ၊ လစဉ်ပုံမှန် ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်နေမှုများနှင့် သတ္တုတူးဖော်ထုတ်လုပ် သန့်စင်မှုလုပ်ငန်းအဆင့်ဆင့်၊ လက်ရှိပတ်ဝန်းကျင်အခြေအနေ၊ လုပ်ငန်းအဆင့်လိုက် ပတ်ဝန်းကျင်၊ လူမှုဝန်းကျင်နှင့် ဂေဟစနစ်များ အပေါ် ထိခိုက်နိုင်သည့်အခြေအနေများ၊ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်း ထိခိုက်မှုများအား ဖော်ထုတ်မည့် စောင့်ကြပ် ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်များ၊ ရံပုံငွေထားရှိဆောင်ရွက်မှု ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဒေသခံပြည်သူများမှလည်း ၎င်းတို့ဒေသတွင် ကုမ္ပဏီမှ စီမံကိန်းများလာရောက်ဆောင်ရွက်သည့် အလုပ်အကိုင်အခွင့်အလန်းများ ရရှိစေခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် စီမံဆောင်ရွက်နေခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးနေ ခြင်းတို့အတွက် ဒေသတွင်အကျိုးကျေးဇူးများရရှိပါကြောင်း နှင့် လုပ်ငန်းဆောင်ရွက် ထားရှိမှုများအား ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် ချပြဆွေးနွေးမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ပြည်ထောင်စုသားကုမ္ပဏီအား ထောက်ခံပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုသားကုမ္ပဏီသို့ ထောက်ခံချက်များ ပေးပို့ ခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ဒေသဖွံ့ဖြိုးရေး၊ စိန်းလန်းစိုပြေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ ဆောင်ရွက်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ နှင့် အထောက်အကူပြုအဖွဲ့အား မန်နေဂျာများ၊ လုပ်ငန်းကြီးကြပ်များ နှင့် အင်းအလိုက်တာဝန်ခံများဖြင့် ဖွဲ့စည်းဆောင်ရွက် မည်ဖြစ်ပါသည်။ ၎င်းအဖွဲ့များ မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်းလုပ်ငန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သို့ အစီရင်ခံတင်ပြ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

ပန်းတောင်အသေးစား ရွှေထုတ်လုပ်ရေးလုပ်ကွက်များအတွင်း ရွှေတူးဖော်မှုနှင့် သန့်စင်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သတ္တုပိတ်သိမ်းပြီးချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအား စနစ်တကျစီမံဆောင်ရွက်လျှက် ရှိပါ ကြောင်း

နှင့် အသေးစားရွှေလုပ်ကွက်(YMT-256)၏ အသေးစိတ်ဆောင်ရွက်မည့် အစီအမံများအား ပြုစု၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာအား တင်ပြ အပ်ပါသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သတ်မှတ်လျော်ကြေးငွေများ ပေးသွင်းမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ်လ (   )ရက်

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင် ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသရှိ YMT-256 လုပ်ကွက်တွင် ရွှေအသေးစား ထုတ်လုပ်ခြင်း လုပ်ငန်း ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် တူးဖော်လုပ်ကိုင် ဆောင်ရွက်သွားပါမည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ချမှတ်ထားသောမူ၊ လုပ်ငန်း အာမခံငွေသား သတ်မှတ်ချက်အတိုင်း ပေးသွင်းသွားပါမည်။

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်အနေဖြင့် သတ္တုတူးဖော်ပြီးစီး၍ သတ္တုတွင်းလုပ်ငန်း ပိတ်သိမ်း ချိန်တွင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများရှိပါက ထိခိုက်မှုများအတွက် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတ်မှတ်သည့် လျော်ကြေးငွေအား ပေးသွင်းမည် ဖြစ်ပါ ကြောင်း ဝန်ခံကတိပြုပါသည်။

ကတိကဝတ်ပြုချက်များ

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေလုပ်ကွက် (YMT-256)အတွင်း အသေးစား ရွှေတူးဖော်ထုတ်လုပ်သန့်စင်မှုလုပ်ငန်းအဆင့်ဆင့်ကြောင့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင် ထိခိုက်မှုများအား လျော့နည်း ပပျောက်စေရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာတွင် ပါရှိသည့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေမည့်လုပ်ငန်းများ၊ စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စာချုပ်ပါအချက်များနှင့် အောက်ဖော်ပြပါအချက်များအား လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကတိကဝတ်ပြုပါသည်။

(က) သတ္တုတူးဖော်ရာမှ ထွက်ရှိသောစွန့်ပစ်မြေစာများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အတွက် သတ်မှတ်ထားသောနေရာများတွင် စနစ်တကျစွန့်ပစ်ပါမည်။ မြေစာပုံများ ပြိုကျခြင်း မရှိစေရေးအတွက် စီမံဆောင်ရွက်ပါမည်။

(ခ) အပေါ်ယံမြေသားဖယ်ရှားရာမှ ထွက်ရှိသော အပေါ်ယံမြေဆွေးများအား သတ္တုတွင်းပိတ် သိမ်းရာတွင် သစ်ပင်များစိုက်ပျိုးရာ၌ အသုံးပြုရန်အတွက် စနစ်တကျစုပုံ သိမ်းဆည်းထားပါ မည်။

(ဂ) တူးဖော်ပြီးကျင်းဟောင်းများတွင် စွန့်ပစ်မြေစာများ ရွှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည် ဖြည့်တင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါမည်။ တူးဖော်ပြီးပါက စိုက်ကျင်းများ၏ ဆင်းတွင်းများအား စွန့်ပစ်ကျောက်များဖြည့်ခြင်း၊ စိုက်ကျင်းပတ်လည်တွင် အကာအရံများ ခိုင်ခံ့စွာကာရံခြင်း၊ သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲခြင်းတို့ ဆောင်ရွက်ထားပါမည်။ မြေအောက်လှိုဏ်ခေါင်းများ တူးဖော်ပြီးပါက ပြိုကျနိုင်သော ခေါင်းသားအတွင်း စွန့်ပစ် ကျောက်များ ဖြည့်ခြင်း၊ မြေအောက်လှိုဏ်ခေါင်းအဝအား စွန့်ပစ်ကျောက်များဖြင့် ပိတ်ခြင်း၊ သစ်သားဘောင်များ ဖြင့်ပိတ်ခြင်း၊ အကာအရံများ ပြုလုပ်၍ သတိပေးဆိုင်းဘုတ်များ ချိတ်ထားပါမည်။

(ဃ) စွန့်ပစ်မြေစာဖြည့်တင်းပြီး ကျင်းဟောင်းများအပေါ်တွင် မြေဆွေးများဖုံးအုပ်၍ သစ်ပင်များ စိုက်ပျိုးပါမည်။

(င) သန့်စင်ခြင်းလုပ်ငန်း(Sluicing)မှ ထွက်ရှိသော စွန့်ပစ်ရေများကို ပြင်ပသို့ ထုတ်လွှတ်ခြင်း မပြုဘဲ အနည်ထိုင်ကန်များတွင် အနည်ထိုင်စေပြီး ရေကြည်များအား လုပ်ငန်းတွင် ပြန်လည် အသုံးပြုပါမည်။ စွန့်ပစ်မြေစာများအားလည်း စွန့်ပစ်မြေစာကန်များ တူးဖော်၍ စွန့်ပစ်မည်

ဖြစ်ပါသည်။ စွန့်ပစ်မြေစာကန်များ ပြည့်ပါက မျက်နှာပြင်ညှိ၍ မြေဆွေးထည့်ပြီး ဒေသ ပေါက်ပင်များ ပြန်လည် စိုက်ပျိုးပါမည်။

(စ) သတ္တုရိုင်း(ပြုံး)များနှင့် စွန့်ပြစ်မြေစာများကို သယ်ယူပို့ဆောင်ရာတွင် ဖုန်မှုန့်ပျံ့လွင့်မှု မရှိစေရေးအတွက် သယ်ယူပို့ဆောင်ရေးလမ်းတစ်လျှောက်တွင် ဖုန်မှုန့်ပျံ့လွင့်မှုအား တိုင်းတာစစ်ဆေးခြင်း၊ သတ်မှတ်စံနှုန်းများ ထက်ကျော်လွန်ပါက ဖုန်မှုန့်ပျံ့လွင့်မှုကို လျှော့ချရန် ဆောင်ရွက်ပါမည်။

(ဆ) ယမ်းခွဲရာတွင် ဝန်ထမ်းနေအိမ်များ၊ ရုံးအဆောက်အဦးများနှင့် ဆက်စပ်ဒေသအတွင်း တုန်ခါမှုနှင့် ဆူညံသံအား (0.02)ft/sec နှင့် (70)dB အတွင်း ရှိစေရေးအတွက် အလေးထား ဆောင်ရွက်ပါမည်။

(ဇ) သတ္တုတွင်းဧရိယာနှင့်ဆက်စပ်နယ်မြေအတွင်း စိမ်းလန်းစိုပြေစေရေး၊ ဂေဟစနစ် ဖွံ့ဖြိုးရေးနှင့် မြင်ကွင်းရှုခင်းများ မျက်စိပသာဒ ဖြစ်စေရေးအတွက် သစ်ပင်များအား စိုက်ပျိုးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။

(ဈ) စွန့်ပစ်မြေစာပုံများအား မြင်ကွင်းလှပစေရေးနှင့် စိမ်းလန်းစိုပြေရေးအတွက် ဒေသပေါက်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများအား ဆောင်ရွက်ပါမည်။

(ည) သတ္တုတွင်းဧရိယာ နှင့် ဆက်စပ်လျက်ရှိသောပတ်ဝန်းကျင် ကျေးရွာများ၏ ဘာသာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကူညီဆောင်ရွက်ပါမည်။ ဒေသခံများအလုပ်အကိုင် အခွင့်အလန်းများရရှိစေရေးအတွက် သတ္တုတူးဖော်မှု လုပ်ငန်းများအား အကျိုးတူဆောင်ရွက်မည် ဖြစ်ပါသည်။

(ဋ) သတ္တုတူးဖော်ခြင်းနှင့် ပြဒါးသုံးစွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ကျန်းမာရေးထိခိုက်မှု မရှိစေရန်အတွက် ဝန်ထမ်းများအား စနစ်တကျလေ့ကျင့်ပေးခြင်း၊ ပြဒါးအငွေ့ဖမ်းကိရိယာများ တပ်ဆင်ခြင်း၊ လေစုပ်စနစ်များ တပ်ဆင်ခြင်း စသည်ဖြင့် လိုအပ်ချက်များအား စနစ်တကျစီမံ ဆောင်ရွက်ပါမည်။

(ဌ) သတ္တုတူးဖော်ခြင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် သက်သာချောင်ချိရေးကိစ္စရပ်များအား ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(ဍ) သတ္တုတွင်းပိတ်သိမ်းရာတွင် အသုံးပြုထားသောမြေနေရာများအား သင့်လျော်သောမြေယာ အသုံးချမှုလုပ်ငန်းတစ်ရပ် ထူထောင်နိုင်သည်အထိ စီမံဆောင်ရွက်ပါမည်။ စွန့်ပစ်မြေစာများ၊ စွန့်ပစ်ရေများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှု စစ်ဆေး ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု အခြေအနေများအား အသေး စိတ် ဆန်းစစ်၍ လျော့နည်းစေရေးအတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဎ) သတ္တုတူးဖော်ထုတ်လုပ်သန့်စင်မှု လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်လုပ်ငန်းများကိုလည်း လုပ်ငန်းအကောင် အထည်ဖော်သည့်ကာလမှ သတ္တုတွင်းပိတ်သိမ်းပြီးကာလအထိ ဆောင်ရွက်သွားပါမည်။

(ဏ) ဒေသခံများသို့ ပွင့်လင်းမြင်သာစွာ စီမံကိန်းအတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ပတ်ဝန်းကျင်၊ လူမှုဝန်းကျင်ထိခိုက်နိုင်သည့်အချက်များ၊ လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းပြောကြား၍ ဒေသခံများ၏ အကြံပြုချက် များအား အလေးထားဆောင်ရွက်မည် ဖြစ်ပါသည်။

(တ) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု အစီအစဉ်များ ပြုလုပ်၍ စီမံချက်များ ပြုစု ထားပါမည်။

(ထ) စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်လုပ်ငန်းများနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းများ လစဉ်ရန်ပုံငွေ ကျပ်(၅)သိန်း နှင့် ကျပ်(၂၀)သိန်း သတ်မှတ်၍ သုံးစွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။ ထို့အတူ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဖြစ်သော တူးဖော်ထား သည့်ကျင်းဟောင်းအား မြေပြန်လည်ဖို့ခြင်း၊ ဘေးအန္တရာယ်မဖြစ်စေရေး အတွက် လုံခြုံစွာ ပိတ်ဆို့ကာရန်ခြင်း၊ တူးဖော်ထားကန်များအား မြေစာဖို့၊ မြေညှိ၍ မြေဆွေးများ ဖုန်းအုပ်ကာ ဒေသပေါက်ပင်များ စိုက်ပျိုးခြင်း၊ မြေစာပုံများအား လမ်းခင်းခြင်း၊ ကျင်းများတွင်ဖို့ခြင်း စသည်ဖြင့် မြေစာပုံများအား ရှင်းလင်းခြင်း၊ စက်မှု၊ လျှပ်စစ်နှင့်အုပ်ချုပ်မှုဆိုင်ရာအဆောက် အဦးများ၊ ဝန်ထန်နေအိမ်များ ရှင်းလင်းခြင်း၊ အသုံးပြုထားသောမြေနေများအား သင့်လျော် သော မြေယာအသုံးချမှု လုပ်ငန်းတစ်ရပ်ဖော်ဆောင်နိုင်သည်အထိ ဆောင်ရွက်ပေး ခြင်း၊ ပိတ်သိမ်းပြီးကာလတွင် မြေဆီလွှာညစ်ညမ်းခြင်း၊ မြေပေါ်ရေ၊ မြေအောက်ရေ ညစ်ညမ်းခြင်း၊ တူးဖော်ပြီးကျင်းဟောင်းများ ပိတ်သိမ်းထားမှုအခြေအနေများအား စစ်ဆေးခြင်းနှင့် အစားထိုး စိုက်ပျိုးထားသော အပင်များ ရှင်သန်ရေးအတွက် စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည် ဖြစ်ပြီး

မိုင်းပိတ်သိမ်းသိမ်းအတွက် ကျပ်သိန်း(၃၀၀) လျာထားသတ်မှတ် ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုး တင်ပြအပ်ပါသည်။

စီမံကိန်းအဆိုပြုသူ -

အစီရင်ခံစာပြုစုသူ၏ ဝန်ခံကတိပြုချက်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာတွင် ဖော်ပြပါရှိသည့် စီမံကိန်းအကြောင်းအရာဖော်ပြချက်၊ လက်ရှိပတ်ဝန်းကျင်အခြေအနေ(Existing Environment)၊ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တွင် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်များ၊ စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်များပါအချက်များ၊ ပတ်ဝန်းကျင် စီမံခန့်ခွဲရေးဆိုင်ရာအစီအစဉ်များအတွက် ရန်ပုံငွေများထားရှိဆောင်ရွက်မှု၊ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အချက်အလက်များ၊ အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးမှု၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များမှာ ပြည့်စုံ မှန်ကန်မှုရှိကြောင်း အစီရင်ခံစာရေးသား ပြုစုသူမှ လက်မှတ်ရေးထိုး ဝန်ခံကတိပြုပါသည်။

အစီရင်ခံစာပြုစုသူ -

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁ - ၂
၂။	ရည်ရွယ်ချက်	၂
၃။	စီမံကိန်းအကြောင်းအရာဖော်ပြချက်	၃ - ၁၁
	(က) စီမံကိန်းတည်နေရာ	
	(ခ) စီမံကိန်း၏မြေနေရာအကျယ်အဝန်း	
	(ဂ) စီမံကိန်းသက်တမ်းကာလ	
	(ဃ) အဆောက်အဦးအရေအတွက်	
	(င) မြေအောက်ရေအကွာအဝေး	
	(စ) သုံးစွဲမည့်ဓာတုပစ္စည်းများအပါအဝင်ကုန်ကြမ်းပစ္စည်းများ	
	(ဆ) စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု	
	(ဇ) အသုံးပြုသည့်စက်ယန္တရားအင်အား	
	(ဈ) အသုံးပြုမည့်လုပ်သားအရေအတွက်	
	(ည) တစ်ရက်အလုပ်လုပ်ချိန်	
	(ဋ) ထုတ်လုပ်မည့်ထုတ်ကုန်နှင့်ထွက်ရှိမှု	
	(ဌ) တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့်ရေရယူသုံးစွဲမည့် ရေအရင်းအမြစ်	
	(ဍ) တစ်နှစ်အတွက် လောင်စာဆီလိုအပ်ချက်	
	(ဎ) စွန့်ပစ်ပစ္စည်းအမျိုးအစား/ပမာဏ	
၄။	မြေပုံနှင့်ကားချပ်များ	၁၁ - ၁၇
	(က) YMT-255, YMT-256, YMT-257 လုပ်ကွက်များ တည်နေရာပြ ဂြိုလ်တုဓာတ်ပုံ	
	(ခ) YMT-256 လုပ်ကွက် တည်နေရာပြ ဂြိုလ်တုဓာတ်ပုံ	
	(ဂ) ခွင့်ပြုမိန့်၊ တည်နေရာပြမြေပုံ၊ အကျယ်အဝန်းပုံသဏ္ဍာန်ပြမြေပုံ၊	
	(ဃ) ရှေ့တူးဖော်ခြင်းနှင့်သန့်စင်မှုလုပ်ငန်းအဆင့်ဆင့် နှင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှု ဖော်ပြသည့်ကားချပ်	
	(င) သတ္တုတွင်းစိမ့်ထွက်ရေနှင့် သတ္တုသန့်စင်မှုလုပ်ငန်းစွန့်ပစ်ရေ	

ပြန်လည်သုံးစွဲ အခြေ အနေ ပြဇယား

၅။ မူဝါဒ၊ ဥပဒေနှင့်မူဘောင်များ ၁၈ - ၂၄

(က) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်လူမှုရေးဆိုင်ရာမူဝါဒများ

(ခ) ဥပဒေ၊ နည်းဥပဒေများ

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများ

(၁) စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ(Effluents Levels)

(၂) ပတ်ဝန်းကျင်လေထုအရည်အသွေး

(၃) ဆူညံသံ

(ဃ) လူမှုရေးဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်အချက်များ

(င) နိုင်ငံတကာကွန်ဗင်းရှင်းများနှင့် သဘောတူ စာချုပ်များ၊ နိုင်ငံတကာ မူဝါဒများ

၆။ လက်ရှိပတ်ဝန်းကျင်အခြေအနေ ၂၄ - ၃၆

(က) ဆူညံသံနှင့်တုန်ခါမှု

(ခ) ရေအရည်အသွေး

(ဂ) လေထုအရည်အသွေး

(ဃ) ဖုန်မှုန့်ပျံ့လွင့်မှု

(င) အနံ့

(စ) မြေထုအခြေအနေ

(ဆ) ဂေဟစနစ်

(ဇ) လူမှုပတ်ဝန်းကျင်အခြေအနေ

၇။ ထိခိုက်မှုများနှင့်လျော့ပါးစေရေးအတွက် ဆောင်ရွက်မှုအစီအစဥ်များ ၃၆ - ၄၈

(က) ဆူညံသံနှင့်တုန်ခါမှု

(ခ) ရေစီမံခန့်ခွဲမှု

(ဂ) လေအရည်အသွေး

(ဃ) စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု

(င) မြေထုညစ်ညမ်းမှု

(စ) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု

(ဆ) ဂေဟာစနစ်

(ဇ) လူမှုဝန်းကျင်အပေါ် ထိခိုက်မှု

၈။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များ ၄၈ - ၄၉

၉။ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း ၄၉ - ၅၀

၁၀။ စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်းနှင့် ရန်ပုံငွေလျာထားချက် ၅၁ - ၆၄

(က) ရေအရင်းအမြစ်သုံးစွဲမှု

(ခ) ဆူညံသံ

(ဂ) ရေအရည်အသွေး

(ဃ) လေထုအရည်အသွေး

(င) စွန့်ပစ်ပစ္စည်းများစောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်

(စ) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများစွန့်ပစ်မှု

(ဆ) ဂေဟာစနစ်

(ဇ) လူမှုရေးဆိုင်ကိစ္စရပ်များအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်း

(ဈ) မြေယာအသုံးချမှု

၁၁။ အဖွဲ့အစည်းနှင့်ရန်ပုံငွေလျာထားချက် ၆၄ - ၆၇

၁၂။ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း ၆၇ - ၆၈

(က) သဘာဝသစ်တောထိန်းသိမ်းခြင်းနှင့်စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ခြင်း

၁၃။ မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာ ၆၉ - ၇၁

၁၄။ သုံးသပ်တင်ပြချက် ၇၁

၁၅။ အကြံပြုတင်ပြချက် ၇၁ - ၇၂

၁၆။ နိဂုံး ၇၂

၁၇။ နောက်ဆက်တွဲစာရင်း

(က) စီမံကိန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ နောက်ဆက်တွဲ (က)

(ခ) ပတ်ဝန်းကျင်ထိခိုက်နိုင်မှုအခြေအနေ (Risk Assessments) နောက်ဆက်တွဲ (ခ)

(ဂ)	ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းဓာတ်ပုံ	နောက်ဆက်တွဲ (ဂ)
	အစည်းအဝေးတက်ရောက်သည့်စာရင်း	နောက်ဆက်တွဲ (ဂ-၁)
(ဃ)	ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ	နောက်ဆက်တွဲ (ဃ)
	စိမ်းလန်းစိုပြေရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ	နောက်ဆက်တွဲ (ဃ-၁)
(င)	Work Experiences	နောက်ဆက်တွဲ (င)
(စ)	Company Re gistered	နောက်ဆက်တွဲ (စ)

ပြည်ထောင်စုသားသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသ

ရွှေအသေးစားတူးဖော်ထုတ်လုပ်ရေးလုပ်ကွက်(YMT-256)

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ်လ (   )ရက်

နိဒါန်း

၁။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသရှိ ရွှေလုပ်ကွက် (၃)ကွက်အား (၄.၃.၂၀၁၄)ရက်နေ့မှစ၍ ဓာတ်သတ္တုအသေးစားတူးဖော်ထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိပြီး၊ ၂၀၁၄ခုနှစ်၊ ဇွန်လမှစ၍ YMT-255, 256, 257 လုပ်ကွက်များတွင် ရွှေတူးဖော်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ရွှေတူးဖော်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်ခဲ့ပါသည်။ ရွှေလုပ်ကွက် (YMT-256)တွင် ၎င်းလုပ်ကွက်မှ တူးဖော်ရရှိသည့် သတ္တုရိုင်းများနှင့် ရွှေလုပ်ကွက် (YMT-255)နှင့် (YMT-257)တို့မှ တူးဖော်ရရှိသည့် ရွှေသတ္တုရိုင်းများအား ကြိတ်ခွဲခြင်း၊ ဒေသခံလုပ်ငန်းရှင်များနှင့် အချိုးခွဲခြင်းတို့ဆောင်ရွက်ပြီး၊ ကုမ္ပဏီအချိုးရရှိသော ရွှေသတ္တုရိုင်းများအား ရွှေလုပ်ကွက် (YMT-256)တွင် အမှုန့်ကြိတ်ခြင်း၊ အင်ဝိုင်းလှည့်-ပြဒါးဖမ်း၍ ပြဒါးစုရွှေထုတ်ယူခြင်း၊ ပြဒါးစုရွှေမှ ရွှေကြမ်းထုတ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ထို့အတူ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ရွှေလုပ်ကွက်(၃)ကွက်တွင် ရွှေတူးဖော်မှု လုပ်ငန်းများအား ဒေသခံပြည်သူများနှင့် အကျိုးတူဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်နှင့် အကျိုးတူဆောင်ရွက်နေသော ဒေသခံ (၂၀၀)ဦးကျော် ရှိပါသည်။ စီမံကိန်းအဆိုပြုသူမှာ ဦးကျော်ဖုန်းနိုင်၊ မှတ်ပုံတင်အမှတ်၊ ၉/ခမစ(နိုင်)၀၁၂၇၈၃၈၊ အမှတ်(၄၅/၄၆)၊ ၆၈ လမ်း၊ မနော်ဟယ်ရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့တွင် နေထိုင်သူဖြစ်ပြီး ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဆက်သွယ်ရန် ဖုန်းနံပတ်မှာ ၀၉၅၁၄၂၈၈၁ ဖြစ်ပါသည်။ အထွေထွေမန်နေဂျာမှာ ဦးမြင့်လွင် ဖြစ်ပြီး၊ ရမည်းသင်းမြို့တွင် နေထိုင်သူဖြစ်ပါသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၉၄၄၄၄၁၈၅၅၂ ဖြစ်ပါသည်။ အစီရင်ခံစာရေးသား ပြုစုသူမှာ ယခင်သတ္တုတွင်း

ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူး ဦးဇော်ဝင်းသန်း ဖြစ်ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာအမှတ်(၅၁၆/၂၀၁၅)အရ ထုတ်ပေးထားသည့် (၁၅.၇.၂၀၁၇) ရက်စွဲပါ ကြားကာလအကြံပေး လုပ်ကိုင်သူမှတ်ပုံတင်ခြင်းအထောက်အထား လက်မှတ်(၀၀၀၉၇) အား ရရှိထားသူဖြစ်ပါသည်။

ပန်းတောင်(YMT-256)ရွှေလုပ်ကွက်အတွက် ရွှေတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေရေးနှင့် တတိယအကြိမ် သက်တမ်းတိုးတင်ပြရန် အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာအား တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုသား သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ ရွှေအသေးစားလုပ်ကွက်(YMT-255)အတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီရင်ခံစာ တင်ပြမှုအပေါ် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ (၁၆.၁၂.၂၀၁၈)ရက်စွဲပါ စာအမှတ်၊၂၁၉၀/ရွှေဖက်စပ်(ပြည်ထောင်စုသားEMP)/၂၀၁၈ ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန၏ သဘောထားမှတ်ချက်များ ပြန်ကြားလာမှုအပေါ် ဖြည့်စွက်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင် ခံစာအား ပြန်လည်တင်ပြခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်

၂။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ကွက် (YMT-256) တွင် ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်စေသော လုပ်ငန်းများအား ရှောင်ကျဉ်ရန်(သို့မဟုတ်) အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်၊ ရေနှင့်စွမ်းအင်၊ သယံဇာတများကို ရေရှည်တည်တံ့စွာအသုံးချနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ရန်၊ ရွှေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင် နှင့် လူမှုဝန်းကျင် ထိခိုက်မှုများအား စိစစ်ဖော်ထုတ်ရန်၊ စောင့်ကြပ် ကြည့်ရှုစစ် ဆေးခြင်းနှင့် လျော့နည်းသက်သာ စေမည့် နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်ရန်၊ ဒေသတွင်းဖွံ့ဖြိုးရေး အတွက် စီမံဆောင်ရွက်ရန်၊ မြေဆီလွှာပျက်စီးသွားသော မြေနေရာများအား ပြန်လည် ပြုပြင်ရာတွင် သင့်လျော်သောမြေယာ အသုံးချမှုတစ်ရပ် ဖော်ဆောင်နိုင်သည်အထိ စီမံဆောင်ရွက်ရန်၊ သတ္တုတွင်းဧရိယာအတွင်း စိမ်းလန်း စိုပြေရေးနှင့် သဘာဝသစ်တောကာကွယ် စောင့်ရှောက်ရေးအတွက် စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးစောင့် ရှောက်ရန်တို့ ဖြစ်ပါသည်။

စီမံကိန်းအကြောင်းအရာဖော်ပြချက်

၃။ ပြည်ထောင်စုသားကုမ္ပဏီ၏ အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ကွက် (YMT-256) သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသ မြေပုံညွှန်း ၉၃ ဒီ/၇ (၈၆၄၇၅၀၊ ၈၆၆၇၅၀၊ ၈၆၆၇၄၅၊ ၈၆၄၇၄၅)တွင် တည်ရှိပါသည်။ ရွှေလုပ်ကွက်၏ အကျယ်အဝန်းမှာ (၂၀)ဧကဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန၏ (၂၁.၃.၂၀၁၄)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်၊ ၀၀၈၈/၂၀၁၄ဖြင့် (၁)နှစ်သက်တမ်းရှိ ရွှေအသေးစားတူးဖော်ခွင့်ရရှိခဲ့ပြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုသားသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသအတွင်းရှိ ရွှေအသေးစားတူးဖော်ရေးလုပ်ကွက် (YMT-255), (YMT-256) နှင့် (YMT-257)တို့၏ စုစုပေါင်းဧရိယာ (၆၀)ဧကသည် မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့၏ စစ်ဆေးချက်များအရ စိုက်ပျိုးမြေ၊ သာသနာ့မြေ၊ သုသာန်မြေ၊ မြို့မြေ၊ ရွာမြေ၊ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ဧရိယာကာကွယ်တောများနှင့် လွတ်ကင်းမှုရှိပါသည်။ ထို့အပြင် လုပ်ကွက်နယ်မြေအတွင်း အမျိုးသားအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့် သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများ၊ အများပြည်သူဆိုင်ရာ သစ်တော၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်း ထားသောနယ်မြေ၊ ဘူမိရုပ်ဆိုင်ရာထိန်းသိမ်းထားသော အထင်ကရနေရာများ ပါဝင်မှု မရှိပါ။ ရှားပါးသောတိရိစ္ဆာန်များ၊ မျိုးတုန်းပျောက်ကွယ်လုနီးပါး ဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေး နှင့် ကျန်းမာရေး အဟာရဆိုင်ရာတန်ဖိုးရှိမျိုးစိတ်များ မရှိပါကြောင်း တွေ့ရှိရပါသည်။

စီမံကိန်း၏တည်နေရာ

(က) ပြည်ထောင်စုသားကုမ္ပဏီ၏ အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ကွက်(YMT-256) သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသ မြေပုံညွှန်း ၉၃ ဒီ/၇ (၈၆၄၇၅၀၊ ၈၆၆၇၅၀၊ ၈၆၆၇၄၅၊ ၈၆၄၇၄၅) တွင် တည်ရှိပါသည်။

စီမံကိန်း၏ မြေနေရာအကျယ်အဝန်း

(ခ) ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသရှိ အသေးစား ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်(YMT-256)၏ မြေနေရာအကျယ်အဝန်းမှာ (၂၀)ဧက ဖြစ်ပါသည်။ ရမည်းသင်းမြို့မှ အရှေ့ဘက်သို့ (၂၀)မိုင် ကွာဝေးပါသည်။

စီမံကိန်းကာလ

(ဂ) သတ္တုတွင်းဝန်ကြီးဌာန၏(၂၁.၃.၂၀၁၄)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်၊ ၀၀၈၈/၂၀၁၄ဖြင့် (၁)နှစ် သက်တမ်းရှိ ရွှေအသေးစားတူးဖော်ခွင့်ရရှိခဲ့ပြီး၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့်ထုတ်လုပ်မှု အပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

စဉ်	ခွင့်ပြုမိန့် အမှတ်	စတင်လုပ်ကိုင် ခွင့်ပြုသည့်ရက်	လုပ်ကိုင်ခွင့်ပြု ကုန်ဆုံးရက်	သက်တမ်း
၁။	၀၀၈၈/၂၀၁၄	၄.၃.၂၀၁၄	၃.၃.၂၀၁၅	၁ နှစ်
၂။	၀၀၈၈/၂၀၁၄ (ပ-သက်တမ်းတိုး)	၄.၃.၂၀၁၅	၃.၃.၂၀၁၆	၁ နှစ်
၃။	၀၀၈၈/၂၀၁၄ (ဒု-သက်တမ်းတိုး)	၄.၃.၂၀၁၆	၃.၃.၂၀၁၇	၁ နှစ်

အဆောက်အဦးအရေအတွက်

(ဃ) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေ သတ္တုတူးဖော်ရေးလုပ်ကွက် (YMT-256)တွင် တည်ဆောက်ထားသော အဆောက်အဦးများ စာရင်းမှာ -

အဆောက်အဦးများစာရင်း

ရုံးအဆောက်အဦး	(၁) လုံး
စားဖိုဆောင်	(၁) လုံး
ဝန်ထမ်းတန်းလျား	(၁) လုံး
ဂိုတ်တဲ	(၂) လုံး
စတိုဆောင်	(၁) လုံး
မီးစက်၊ လေစက်တဲ	(၁) လုံး

ကြိတ်ခွဲစက်တဲ	(၁) လုံး
စုစုပေါင်း အဆောက်အဦး	(၈) လုံး

မြေအောက်ရေအကွာအဝေး

(င) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေတူးဖော်ရေး လုပ်ကွက် (YMT-256)တွင် လေးပင်စိုက်ကျင်း တူးဖော်ခြင်းအား အမြင့်ပေ (၄၀၀၀)ခန့် မြင့်သော ပန်းတောင်ထိပ်တွင် တူးဖော်နေခြင်း ဖြစ်ပါသည်။ လေးပင်အင်း (Vertical Shaft) အနက်(၂၀၀)မီတာ တွင် မြေအောက်စိမ့်ထွက်ရေ စတင် ထွက်ရှိခြင်း ဖြစ်ပါသည်။

သုံးစွဲမည့်ဓာတုပစ္စည်းများအပါအဝင်ကုန်ကြမ်းပစ္စည်းများ

(စ) သတ္တုရိုင်းများအား သတ္တုသန့်စင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် အလေးစီးသတ္တုသန့်စင်ခြင်းနည်းစနစ်ကိုအသုံးပြုဆောင်ရွက်မည် ဖြစ်၍ အခြားသော ဓာတ်ဆေးနှင့် ကုန်ကြမ်းပစ္စည်းများ သုံးစွဲမှု မရှိပါ။ လုပ်ကွက်တွင် သုံးစွဲမည့် ဓာတုပစ္စည်းများမှာ ယမ်းနှင့်ဆက်စပ်ပစ္စည်းများနှင့် ပြဒါးဖြစ်ပြီး တစ်နှစ်စာသုံးစွဲမှု ပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁)	ပြဒါး	၃၆ ကျပ်သား
(၂)	ယမ်းနှင့်ဆက်စပ်ပစ္စည်းများ	၄ တန်

စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု

(ဆ) အသေးစားရွှေတူးဖော်ရေးလုပ်ကွက်(YMT-256)သည် ပန်းတောင်ပေါ်တွင် တည်ရှိပါသည်။ သတ္တုသိုက်မှာ ပင်ရင်းသိုက် (Primary Ore Deposit) ဖြစ်ပါသည်။ အပြာရောင်ဒိုလိုမိုဒ်များနှင့် သလင်းကြောများအတွင်း တိုးဝင်နေသော ရွှေပါသတ္တုကြောများကို တူးဖော်ရာတွင် မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍ လေးပင်အင်း (Vertical Shaft) (၂)လုံး၊ မြေအောက်လှိုဏ်ခေါင်း (Adit) (၅)လုံး ဖြင့် တူးဖော်မှုလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီမှ မြေအောက်လှိုဏ်ခေါင်း (Adit) (၁)ခု၊ ဒေသခံများမှ လေးပင်အင်း(Vertical Shaft) (၂)လုံး နှင့် မြေအောက်လှိုဏ်ခေါင်း (Adit) (၄)လုံး တူးဖော်ဆောင်ရွက်လျှက်ရှိပါသည်။ ကုမ္ပဏီ Adit မှာ အရှည် (၂၅၀)မီတာနှင့် အနက်(၄၅)မီတာရောက်ရှိနေပြီ ဖြစ်ပါသည်။ Adit အတွင်း မျက်နှာပြင်(၈)ခုဖွင့်၍ ခေါင်းသားများတူးဖော်နေခြင်း ဖြစ်ပြီး၊ အင်းဆင်းအဖွဲ့

တစ်ဖွဲ့လျှင် အင်းသား (၈)ဦး ဖြင့် အကျိုးတူ တူးဖော်နေခြင်း ဖြစ်ပါသည်။ တူးဖော်ရာတွင် နေ့ဆိုင်းတစ်ဆိုင်း တည်းဖြင့် တူးဖော်ခြင်းဖြစ်ပြီး အဆိုင်းဆင်းချိန်မှာ မနက်(၇း၃၀)နာရီမှ ညနေ(၄း၃၀)အချိန်ထိ ဖြစ်ပါသည်။ အသေးစားရွှေ တူးဖော်ရေး လုပ်ကွက်(YMT-256)မှ တစ်ရက်လျှင် ဖြိုး(ရွှေသတ္တုရိုင်း) (၆၀)အိတ် စုစုပေါင်း အလေးချိန် (၃)တန်ခန့် ထွက်ရှိပြီး၊ စွန့်ပစ်ကျောက်ထွက်ရှိမှုမှာ (၂)တန် ခန့်ထွက်ရှိပါသည်။ ပြည်ထောင်စုသားကုမ္ပဏီမှ ယခင်ရရှိသည့် ကုမ္ပဏီ အချိုးရရှိသော ဖြိုးများအား ရမည်းသင်းမြို့နယ်အတွင်းရှိ အခြားလုပ်ကွက်များသို့ ပေးပို့၍ ရွှေစင်ထုတ်ယူမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မေလ နောက်ပိုင်း ရရှိသည့် ကုမ္ပဏီအချိုး ဖြိုးများအား အိတ်များအတွင်း ထည့်သွင်း၍ လုပ်ကွက်အတွင်း စနစ်တကျ စုပုံ သိမ်းဆည်း ထားပါသည်။ လုပ်ကွက်အတွင်း ရွှေထုတ်ယူရန်အတွက် ခဲခွဲစက်၊ ကြိတ်ခွဲစက်၊ မျောစင်များ ဆောက်လုပ်ခြင်း၊ အင်ဝိုင်းလှဲ့ကန်နှင့် စွန့်ပစ်မြေစာကန်၊ စွန့်ပစ်ရေအနည်ထိုင်ကန်များ(၄၀'x၁၆'x၁၂') တူးဖော်ခြင်း၊ အခြားစက်ပစ္စည်းများ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ ရွှေပါဖြိုးများမှ ရွှေစင်ထုတ်ယူမည့် နည်းစဉ်အဆင့်ဆင့်မှာ ဖြိုး(သတ္တုရိုင်းများ)ကို ကြိတ်ခွဲစက်(Jaw Crusher)ဖြင့် ကြိတ်ခြင်း၊ ဒုတိယအဆင့်တွင် အမှုန့်ကြိတ်စက်(Pulverizer)ကို အသုံးပြု၍ အစိုကြိတ် ကြိတ်ခြင်း၊ မျောလောင်းခြင်း၊ ပြဒါးစုရွှေရရှိရေးအတွက် အင်ဝိုင်းလှည့်ခြင်း၊ ပြဒါးဖမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ရရှိလာသော ပြဒါးစုရွှေအား မီးဖုတ် ကြိုချက်၍ ရွှေစင်ထုတ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ မျောလောင်းရာမှ ထွက်ရှိသော စွန့်ပစ်မြေစာများအား စွန့်ပစ်မြေစာကန်များတွင် သိမ်းဆည်း ထားမည်ဖြစ်ပါသည်။ စွန့်ပစ်မြေစာကန်များနှင့် အနည်ထိုင်ကန်များအား (၄၀'x၁၆'x၁၂')အရွယ် မြေသားကန်များ တူးဖော်မည် ဖြစ်ပါသည်။ ဘေးနံရံများနှင့် အောက်ခြေအား ဖိသိပ်၍ ရေစိမ့်ထွက်ခြင်း မရှိစေရန် စီမံဆောင်ရွက်ထားပါသည်။ စွန့်ပစ်မြေစာကန်ဝင်ဆန့်နိုင်သည့် ပမာဏမှာ (၄၀၀-၅၀၀)တန်ခန့်ဖြစ်ပြီး၊ စွန့်ပစ်ရေဝင်ဆန့်မှုမှာ (၅၀၀၀၀)ဂါလံခန့် ဖြစ်ပါသည်။ ဒေသခံများမှ ၎င်းတို့ အချိုးရရှိသော ဖြိုးများအား ပန်းတောင်ကွက်ရပ်သို့ သယ်ယူ၍ တစ်နိုင်တစ်ပိုင် ရွှေထုတ်ယူမှု လုပ်ငန်းများ ဆောင်ရွက်ပါသည်။ လုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများအား **နောက်ဆက်တွဲ(က)** ဖြင့် ပူးတွဲ တင်ပြ အပ်ပါသည်။

အသုံးပြုမည့်စက်ယန္တရားအင်အား

(ဇ) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေသတ္တုတူးဖော်ရေး လုပ်ကွက် (YMT-256)တွင် အသုံးပြုသောစက်ပစ္စည်းစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ယာဉ်/ စက်ပစ္စည်း	အရေအတွက်	မှတ်ချက်
၁။	ဂျင်ဒေါင်း(၃၀)	၂	
၂။	ဂျင်ဒေါင်း(၂၅)	၁၉	
၃။	ဒိုင်နမို(၁၀)ကီလိုဝပ်	၇	
၄။	ရေတင်ပန့်	၃	
၅။	ဖောက်ဂမ်း	၇	
၆။	ခွါဂမ်း	၂၅	
၇။	ဂမ်းချောင်း ၃ ပေ	၄၈	
၈။	လေစက်	၁၁	

အသုံးပြုမည့်လုပ်သားအရေအတွက်

(ဈ) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေ သတ္တုတူးဖော်ရေး လုပ်ကွက် (YMT-256)တွင် ခန့်ထားသည့် ဝန်ထမ်းအင်အားနှင့် အကျိုးတူဆောင်ရွက်နေသော ဒေသခံအင်းသားများ ရှိပါသည်။ ကုမ္ပဏီ၏ ပန်းတောင်ရွှေ လုပ်ကွက်(၃)ကွက် အတွင်း ဆက်စပ်ကျေးရွာများမှ အကျိုးတူ ရွှေတူးဖော်မှု လုပ်ငန်းများ လာရောက် လုပ်ကိုင်ဆောင်ရွက်နေသော ဒေသခံများမှာ (၂၀၀)ဦး ခန့်ရှိပါသည်။ (YMT-256) တွင် ခန့်ထားသည့် ဝန်ထမ်းအင်အားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်	အကြောင်းအရာ	YMT-256		
		ကျား	မ	ပေါင်း
၁။	ဝန်ထမ်းအင်အား	၅		၅
၂။	အင်းသား	၅၂	၅	၅၇
၃။	ဈေးဆိုင်			
	စုစုပေါင်း	**၅၇**	**၅**	**၆၂**

တစ်ရက်အလုပ်လုပ်ချိန်

(ည) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ကွက် (YMT-256)တွင် နေ့ဆိုင်းတစ်ဆိုင်းဖြင့် တူးဖော်ခြင်းဖြစ်ပြီး အဆိုင်းဆင်းချိန်မှာ မနက် (၇း၃၀)နာရီ မှ ညနေ(၄း၃၀)အချိန်ထိ ဖြစ်ပါသည်။

ထုတ်လုပ်မည့်ထွက်ကုန်နှင့်ထွက်ရှိမှု

(ဋ) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေ သတ္တုတူးဖော်ရေး လုပ်ကွက် (YMT-256)သည် အသေးစားရွှေလုပ်ကွက်ဖြစ်ပြီး ထုတ်လုပ်မည့် ထုတ်ကုန်မှာ အဓိက ရွှေနှင့် ရွှေပါသတ္တုရိုင်းများဖြစ်ပါသည်။ ရွှေပါဝင်မှု ပျမ်းမျှ (၅)ပီပီအမ်ခန့် ပါဝင်သော ရွှေသတ္တုရိုင်း (၃)တန်ခန့် ထွက်ရှိပါသည်။

တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့်ရေအရင်းအမြစ်

(ဌ) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ ပန်းတောင်ရွှေလုပ်ကွက် YMT-256 အတွက် တစ်ရက်လျှင် ရေသုံးစွဲမှုပမာဏမှာ (၁၀၀၀)ဂါလံခန့် ဖြစ်ပြီး YMT-256 လုပ်ကွက် လျှိုအတွင်းရှိ သဘာဝရေထွက်မှ ရေတင်စက်များဖြင့် တင်၍ အသုံးပြုခြင်း ဖြစ်ပါသည်။ တစ်နှစ် သဘာဝရေထွက်မှ ရေသုံးစွဲမှုပမာဏမှာ ၂၄၀,၀၀၀ ဂါလံခန့် ဖြစ်ပါသည်။ သျှိုအတွင်းမှရေများအား အုတ်ကန်၊ မိုးကာကန်များဖြင့် သိုလှောင် သုံးစွဲနေခြင်း ဖြစ်ပါသည်။ အုတ်ကန်မှာ အလျား(၂၄)ပေ၊ အကျယ်(၁၂)၊ အနက် (၈)ပေခန့် ရှိပြီး၊ အများစုမှာ မိုးကာကန်များဖြင့် ရေသိုလှောင်နေခြင်း ဖြစ်ပါသည်။ မိုးကာကန်များမှာ အနက်(၄)ပေခန့်နှင့် အရွယ်အစားအမျိုးမျိုးဖြင့် သိုလှောင်နေခြင်း ဖြစ်ပါသည်။ အချို့မိုးကာကန်များမှာ အလျား(၁၆)ပေ၊ အကျယ်(၈)ပေခန့် ရှိပါသည်။

တစ်နှစ်အတွက်လောင်စာဆီလိုအပ်ချက်

(ဍ) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေတူးဖော်ရေးလုပ်ကွက်(YMT-256) တွင် ကုမ္ပဏီ၏ တစ်နှစ်စာ လောင်စာဆီလိုအပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ဒီဇယ်ဆီ	၂၆၂၀၀ ဂါလံ
ဟိုက်ဒြောလစ်ဆီနှင့်အင်ဂျင်ဝိုင်	၈၀၀ ဂါလံ

စွန့်ပစ်ပစ္စည်းအမျိုးအစား/ပမာဏ

(ပ) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေတူးဖော်ရေးလုပ်ကွက်(YMT-256) တွင် သတ္တုရိုင်းတူးဖော်ခြင်းနှင့် သတ္တုသန့်စင်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်း ဖြစ်ပြီး ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှာ **စွန့်ပစ်ကျောက်** (Waste Rocks)၊ **မြေအောက်စိမ့်ထွက်ရေ** (Mine Drainage Water)၊ **လုပ်ငန်းသုံးစွန့်ပစ်ရေ** (Recycled Process Water)၊ **စွန့်ပစ်မြေစာ** (Tailing) တို့ ဖြစ်ပါသည်။

<u>စွန့်ပစ်ကျောက် (Waste Rocks)</u>

(၁) မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု ဆောင်ရွက်ခြင်းဖြစ်၍ စွန့်ပစ်ကျောက်ထွက်ရှိမှု တစ်ရက်လျှင် (၂)တန်ခန့် ထွက်ရှိပါသည်။ စွန့်ပစ်ကျောက် အမျိုးအစားမှာ အက်စစ်ယိုစီးမှုမရှိသော ဒိုလိုမိုဒ်၊ သလင်းကျောက်၊ သဲကျောက်များ ဖြစ်ပါသည်။ စွန့်ပစ်ကျောက်များအား တူးဖော်ပြီး လှိုဏ်ခေါင်းများအတွင်း ရွှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

<u>မြေအောက်စိမ့်ထွက်ရေ (Mine Drainage Water)</u>

(၂) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေတူးဖော်ရေး လုပ်ကွက် (YMT-256)တွင် လေးပင်စိုက်ကျင်း တူးဖော်ခြင်းအား အမြင့်ပေ (၄၀၀၀) မြင့်သော ပန်းတောင်ထိပ်တွင် တူးဖော်နေခြင်း ဖြစ်ပါသည်။ လေးပင်အင်း (Vertical Shaft) အနက်(၂၀၀)မီတာ တွင် မြေအောက်စိမ့်ထွက်ရေ စတင်ထွက်ရှိခြင်း ဖြစ်ပါသည်။ သတ္တုတွင်းစိမ့်ထွက်ရေထွက်ရှိမှုမှာ တစ်ရက်လျှင် (၃၀၀)ဂါလံခန့် ဖြစ်ပါသည်။ မြေအောက်ရေ၏ဓာတ်ခွဲအဖြေမှာ pH - 6.4, Fe - 0.75 mg/lit, Suspended Solid - 52 mg/lit, COD - 32 mg/lit, BOD - 10 mg/lit, free CN^{-} - Nil, Lead - Nil, Arsenic - Nil, Copper - Nil, တို့ ဖြစ်ပါသည်။ ဓာတ်ခွဲခန်းအဖြေများအရ မြေအောက်စိမ့်ထွက်ရေ အရည်အသွေးမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ စွန့်ထုတ်ရည် အရည်အသွေး သတ်မှတ်ချက်အတွင်း ရှိပါသည်။

<u>လုပ်ငန်းသုံးစွန့်ပစ်ရေ (Recycled Process Water)</u>

(၃) သတ္တုသန့်စင်ရာတွင် ဓာတ်ဆေးများအသုံးမပြုဘဲ၊ အဖိုးတန်သတ္တုနှင့် အပြုန်း(Gangue)များ၏ သိပ်သည်းဆကွာခြားမှုအပေါ် မူတည်၍ သန့်စင်သည့် အလေးစီးသတ္တုသန့်စင်ခြင်း(မျောလောင်းခြင်း) နည်းစဉ်ကို အသုံးပြု၍ ဆောင်ရွက်နေခြင်းဖြစ်ပြီး ထွက်ရှိသောစွန့်ပစ်ရေများအား အနည်ထိုင်ကန်များမှ တစ်ဆင့် အမှုန့်ကြိတ်ခြင်းအဆင့်နှင့် မျောလောင်းခြင်းအဆင့်တို့ တွင် ပြန်လည် အသုံးပြုနေခြင်း ဖြစ်ပါသည်။ သတ္တုသန့်စင်ခြင်းလုပ်ငန်းအဆင့်မှ ပြင်ပသို့ စေလွှတ်သည့်လုပ်ငန်းသုံးစွန့်ပစ်ရေ ထွက်ရှိခြင်းမရှိပါ။

မျောလောင်းရာမှ ထွက်ရှိလာသောမုံ(Sluice Concentrate)များအား အင်းဝိုင်းလှည့်ကန်တွင် အင်းဝိုင်းလှည့်၍ ပြဒါးဖမ်းခြင်းဖြင့် ပြဒါးစုရွှေ ရရှိစေရန် ဆောင်ရွက်ပါသည်။ အင်းဝိုင်းလှည့်ကန်မှာ အလျား(၁၂)ပေ၊ အနံ(၆)ပေ နှင့် အနက်(၄)ပေရှိ အုတ်ကန်တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ အုတ်ကန်အတွင်း ရေဂါလံ(၁၈၀၀)ခန့် ရှိပါသည်။ အင်းဝိုင်းလှည့်ခြင်း၊ ပြဒါးဖမ်းခြင်းလုပ်ငန်းမှ လုပ်ငန်းသုံးရေများကို ပြင်ပသို့ စွန့်ပစ်ခြင်းမပြုဘဲ ကန်အတွင်းမှာ ထားရှိပြီး အသုံးပြုနေခြင်းဖြစ်ပါသည်။

စက်ကိရိယာအအေးခံသည့်ရေများအား ရေလည်ပြန်အသုံးပြုနေခြင်း ဖြစ်ပါသည်။ စက်ကိရိယာများချို့ယွင်းခြင်းသို့မဟုတ် ရွှေ့ပြောင်းခြင်း ပြုလုပ်သည့် အခါမျိုးတွင်သာ ၎င်းရေများအား စွန့်ပစ်ခြင်း ဖြစ်ပါသည်။ ရေပမာဏမှာ (၃၀-၄၀)ဂါလံခန့်ရှိပါသည်။ ၎င်းရေများအား ပြင်ပသို့ စေလွှတ်ခြင်းမပြုဘဲ အလျား(၁၂)ပေ၊ အကျယ်(၈)ပေ၊ အနက်(၆)ပေခန့်ရှိ ရေဆိုးကန်အတွင်း စွန့်ပစ်ခြင်းဖြစ်ပါသည်။ ရေဆိုးကန်မှာ ဘေးနံရံများနှင့်အောက်ခြေများအား ရွှံ့စေးမြေများထည့်၍ ဖိသိပ်ပြီး၊ မြေအောက်ရေစိမ့်ထွက်ခြင်း မရှိစေရန် ပြုလုပ်ထားသော မြေသားကန်များ ဖြစ်ပါသည်။ ရေဆိုးကန် ရေဆန့်ဝင်မှု ပမာဏမှာ (၄၀၀၀)ဂါလံခန့် ဖြစ်ပါသည်။

<u>စွန့်ပစ်မြေစာ (Tailing)</u>

(၄) ရွှေသတ္တုရိုင်းများ ကြိတ်ခွဲသန့်စင်ပြီး ထွက်ရှိလာသည့် စွန့်ပစ်မြေစာ (Tailing)များအား စွန့်ပစ်မြေစာကန်များတွင် စနစ်တကျ စွန့်ပစ် သိမ်းဆည်းထားပါသည်။ စွန့်ပစ်မြေစာ ထွက်ရှိမှုမှာ တစ်ရက်လျှင် <(၃)တန်ခန့် ထွက်ရှိမည် ဖြစ်ပါသည်။

<u>အခိုးအငွေ့</u>

(၅) ပြဒါးစုရွှေများမှ ရွှေစင်ထုတ်ယူရာတွင် မီးဖုတ်ခြင်းနှင့် ကြိုချက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ မီးဖိုနှင့်လုံတွင် ပြဒါးအငွေ့ဖမ်းကိရိယာနှင့်လေစုပ်ပိုက်များ တပ်ဆင်အသုံးမည်ဖြစ်ခြင်းနှင့် ရွှေကြိုချက်သည့်ပမာဏမှာနည်းပါးခြင်း၊ ကြိုချက်သည့်အကြိမ်အရေအတွက်နည်းပါးခြင်း တို့ကြောင့်ပြဒါးငွေ့၊ အခိုးအငွေ့များ ထွက်ရှိမှုမှာ အလွန်နည်းပါး မည်ဖြစ်ပါသည်။

မြေပုံနှင့်ကားချပ်များ

၄။ ဆောင်ရွက်မည့်စီမံကိန်း၏တည်နေရာ၊ အနီးပတ်ဝန်းကျင်ကို တွေ့မြင်နိုင်သည့် မြေပုံများ၊ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ဖော်ပြသည့်ကားချပ်နှင့် စွန့်ပစ်ပစ္စည်းများထွက်ရှိမှု၊ စွန့်ထုတ်မည့် လုပ်ငန်းစဥ်အခြေအနေပြကားချပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) YMT-255, YMT-256, YMT-257 လုပ်ကွက်များ တည်နေရာပြ မြေပုံများ

(ခ) YMT-256 လုပ်ကွက် တည်နေရာပြ ဂြိုလ်တုဓာတ်ပုံ

(ဂ) ခွင့်ပြုမိန့်၊ တည်နေရာပြမြေပုံ၊ အကျယ်အဝန်းပုံသဏ္ဍာန်ပြမြေပုံ၊

(ဃ) ရွှေတူးဖော်ခြင်းနှင့်သန့်စင်မှုလုပ်ငန်းအဆင့်ဆင့် နှင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှု ဖော်ပြသည့်ကားချပ်

(င) သတ္တုတွင်းစိမ့်ထွက်ရေနှင့် သတ္တုသန့်စင်မှုလုပ်ငန်းစွန့်ပစ်ရေ ပြန်လည်သုံးစွဲ အခြေအနေ ပြဇယား

(က) **YMT-255, YMT-256, YMT-257 လုပ်ကွက်များ တည်နေရာပြဂြိုလ်တုဓာတ်ပုံ**

ပုံ(ခ) YMT-255, 256 လုပ်ကွက်များ တည်နေရာပြ ဂြိုလ်တုဓာတ်ပုံ

ပုံ(ဂ) YMT-256, လုပ်ကွက်အတွင်း သဘာဝရေထွက်နှင့် တူးဖော်နေသော အင်းများတည်နေရာပြ ဂြိုလ်တုဓာတ်ပုံ

ပုံ(ဃ) ခွင့်ပြုမိန့်၊ တည်နေရာပြမြေပုံ၊ အကျယ်အဝန်းပုံသဏ္ဍာန်ပြမြေပုံ၊

ပုံစံ (၄)
ပူးတွဲ(၁) ၁/၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ဝန်ကြီးရုံး
ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန်ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ ၀၀၈၈/၂၀၁၄ (သက်တမ်းတိုး) ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်။

အောက်ဖော်ပြပါ အဖွဲ့အစည်းအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန်ခွင့်ပြုလိုက်သည် -

၁။ ခွင့်ပြုမိန့်ရရှိသူ၏

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

(ခ) အဖွဲ့အစည်းအမည်နှင့် - ပြည်ထောင်စုသားကုမ္ပဏီလီမိတက်

အဖွဲ့အစည်းမှတ်ပုံတင်အမှတ် - ၉၂၂/၂၀၁၀-၂၀၁၁

(ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ - အမှတ်(၄၅/၄၆)၊ မြို့သစ်လမ်း၊ မြို့သစ်(၂)ရပ်ကွက်၊

တယ်လီဖုန်းအမှတ်၊ ဖက်(စ်) အမှတ် ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးတိုင်းဒေသကြီး

တဲလက်(စ်) အမှတ် - ဖုန်း - ၀၉-၅၁၄၂၈၈၁

၂။ ခွင့်ပြုဧရိယာ၏

(က) တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) - ရွှေလုပ်ကွက်(YMT-256)၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ - ရမည်းသင်းမြို့နယ် ၊ မန္တလေးတိုင်းဒေသကြီး

(ခ) အကျယ်အဝန်း (စတုရန်းကီလိုမီတာ) - ၂၀ ဧက (၀.၀၈၀၉ - စတုရန်းကီလိုမီတာ)

(ဂ) နယ်နိမိတ်သတ်မှတ်ချက် - မြေပုံညွှန်း။၉၃ ဒီ/၇(၈၆၄၇၅၀၊ ၈၆၆၇၅၀၊ ၈၆၆၇၄၅၊ ၈၆၄၇၄၅)(ခွင့်ပြုမိန့်အမှတ်၊ ၀၀၈၈/၂၀၁၄ တွင် ပူးတွဲပါ မြေပုံအကျယ်အဝန်းအတိုင်း)

၃။ ခွင့်ပြုဧရိယာ၏နယ်မြေ - ရမည်းသင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း -

၄။ တစ်ဆင့်သွားလာဝင်ထွက်ခွင့် - ရမည်းသင်းမြို့နယ်

၅။ ခွင့်ပြုသည့်ဓာတ်သတ္တုအမျိုးအစား - ရွှေသတ္တု

၆။ ခွင့်ပြုသည့်ဓာတ်သတ္တုတူးဖော်မှုနှင့် - ဟင်းလင်းဖွင့်တူးဖော်ခြင်း၊ မြေအောက်တူးဖောက်ခြင်း၊

ဆင့်တက်ပြုပြင်မှုနည်းစနစ် - အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှသဘောတူခွင့်ပြုသောနည်းစနစ် နှင့် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂(ည)ပါအတိုင်း

၇။ ခွင့်ပြုသက်တမ်းကာလ - ပထမအကြိမ်သက်တမ်းတိုး (၁) နှစ်

၈။ စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ - ၄ . ၃ . ၂၀၁၅

၉။ ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ - ၃ . ၃ . ၂၀၁၆

၁၀။ ပုံသေမြေငှားရမ်းခ (Dead Rent) - တစ်စတုရန်းကီလိုမီတာလျှင်တစ်နှစ် ၆၀၀၀၀၀ဝိ/နှုန်း ပေးဆောင်ရန်

၁၁။ ဓာတ်သတ္တုခွန် - ၅ %

၁၂။ စည်းကမ်းချက်များ - တစ်ဖက်ပါစည်းကမ်းချက်များကိုတိကျစွာလိုက်နာရမည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
သတ္တုတွင်းဝန်ကြီးဌာန
(သန်းထွန်းအောင်၊ဒုတိယဝန်ကြီး)

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်သို့ မန္တလေးတိုင်းဒေသကြီး၊ရမည်းသင်းမြို့နယ်၊
ဝါးဖြူတောင်ကျေးရွာအုပ်စုတွင် ရွှေသတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုသည့်
ရွှေလုပ်ကွက်(YMT-256)၏ တည်နေရာပြမြေပုံ

မြေပုံအမှတ်၊ 93-D/7



အညွှန်း

စစ်ဆေးသူ

YMT-256 လုပ်ကွက်တည်နေရာ

အတည်ပြုသူ

ဦးခင်မောင်အေး
လက်ထောက်ညွှန်ကြားရေးမှူး

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်သို့ မန္တလေးတိုင်းဒေသကြီး၊ရမည်းသင်းမြို့နယ်၊
ဝါးဖြူတောင်ကျေးရွာအုပ်စုတွင် ရွှေသတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုသည့်
ရွှေလုပ်ကွက်(YMT-256)၏ ဧရိယာအကျယ်အဝန်းနှင့်ပုံသဏ္ဍာန်ပြမြေပုံ

မြေပုံအမှတ်၊ 93-D/7



အညွှန်း

YMT-256 လုပ်ကွက်ဧရိယာ(၂၀)ဧက

စစ်ဆေးသူ

အတည်ပြုသူ

ဦးခင်မောင်အေး
လက်ထောက်ညွှန်ကြားရေးမှူး

(ဃ) ရွှေတူးဖော်ခြင်းနှင့်သန့်စင်မှုလုပ်ငန်းအဆင့်ဆင့် နှင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုဖော်ပြသည့်ကားချပ်

ရွှေတူးဖော်ခြင်းနှင့်သန့်စင်မှုလုပ်ငန်းအဆင့်ဆင့်



(င) သတ္တုတွင်းစိမ့်ထွက်ရေနှင့် သတ္တုသန့်စင်မှုလုပ်ငန်းစွန့်ပစ်ရေ ပြန်လည်သုံးစွဲ အခြေအနေပြဇယား



မူဝါဒ၊ ဥပဒေနှင့် မူဘောင်များ

၅။ ပြည်ထောင်စုသားသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများ၊ ကုမ္ပဏီမှလိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်နှင့်လူမှုရေးရာစံချိန်စံညွှန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်လူမှုရေးဆိုင်ရာမူဝါဒများ

(က) ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ကုမ္ပဏီမှ ချမှတ်ဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် လူမှုရေးဆိုင်ရာ မူဝါဒများမှာ -

(၁) ရွှေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများမှ သဘာဝပတ်ဝန်းကျင် နှင့် လူမှုစီးပွားရေး၊ ကျန်းမာရေးအပေါ် ဆိုးကျိုး သက်ရောက်မှုများကို ဖော်ထုတ်ရန်၊

(၂) ထိခိုက်မှုများအား ရှောင်လွှဲရန်နှင့် ရှောင်လွှဲ၍မရနိုင်ပါက ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ရန်၊

(၃) ဆိုးကျိုးသက်ရောက်ခြင်းခံရသော လူထုနှင့်ပြင်ပမှ ကန့်ကွက်မှုများအပေါ် တုန့်ပြန်ဖြေရှင်းရန်နှင့် သင့်လျော်သလို စီမံဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများ အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်နှင့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ လျော့နည်း ပပျောက်စေရေးအတွက် စီမံဆောင်ရွက်ရန်၊

(၅) သစ်တောသစ်ပင်များ ပြုန်းတီးမှုအနည်းဆုံးဖြစ်စေရေးအတွက် မြေယာအသုံးချမှုအား စနစ်တကျ စီမံဆောင်ရွက်ရန်၊ သစ်တောသစ်ပင်များနှင့် ဂေဟစနစ် ပြုန်းတီးမှု ရှိပါက စိမ်းလန်းစိုပြေရေးအတွက် အစားထိုး ပြန်လည်စိုက်ပျိုးရန်၊

(၆) ပတ်ဝန်းကျင်နှင့်လူမှုဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရန်၊

(၇) အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်ပေးရန်၊

(၈) ကျရောက်နိုင်သည့် သဘာဝဘေး အန္တရာယ်များအား လျော့နည်းစေရေး အတွက် ကြိုတင် စီမံဆောင်ရွက်ရန်၊

ဥပဒေ၊ နည်းဥပဒေများ

(ခ) ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုက်နာ ဆောင်ရွက်မည့် ဥပဒေ၊ နည်းဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ(၂၀၁၄)

(၃) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် များ(၂၀၁၅)

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း(၂၀၁၅)

(၅) မြန်မာ့သတ္တုတွင်းဥပဒေ(၁၉၉၄)၊

(၆) မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၅)

(၇) မြန်မာ့သတ္တုတွင်းနည်းဥပဒေများ(၂၀၁၅)၊

(၈) မြန်မာ့သတ္တုတွင်းနည်းဥပဒေများ(၁၃.၂.၂၀၁၈)၊

(၉) သစ်တောဥပဒေ(၁၉၉၂)၊

(၁၀) သစ်တောနည်းဥပဒေများ(၁၉၉၅)

(၁၁) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)၊

(၁၂) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ(၂၀၀၆)

(၁၃) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ(၂၀၁၃)

(၁၄) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၃)

(၁၅) အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၁)

(၁၆) ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)

(၁၇) အနည်းဆုံးအခကြေးငွေဥပဒေ(၂၀၁၃)

(၁၈) အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ(၁၉၅၁)

(၁၉) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)

(၂၀) အမျိုးသားမြေအသုံးချမှုဆိုင်ရာမူဝါဒ(၂၀၁၆)

(၂၁) တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝနယ်မြေများကာကွယ်ရေးဥပဒေ(၁၉၉၄)

(၂၂) The Emergency Provision Act (1950)

(၂၃) The Explosives Subatances (1908)

(၂၄) လူမှုဖူလုံရေးအက်ဥပဒေ(၁၉၅၄)

(၂၅) လူမှုဖူလုံရေးအက်ဥပဒေ(၂၀၁၂)

(၂၆) မြေအောက်ရေအက်ဥပဒေ(၁၉၃၀)

(၂၇) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၁)

(၂၈) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ(၂၀၁၃)

(၂၉) ရင်းနှီးမြှုပ်နှံမှုအမိန့်ကြော်ငြာစာအမှတ်(၂၀၁၃)

(၃၀) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ(၂၀၁၈)

(၃၁) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(၁၉၁၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ

(ဂ) ပြည်ထောင်စုသားသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ လိုက်နာဆောင်ရွက်ရမည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက် မည်ဖြစ်ပါသည် -

စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluents Levels)

(၁) ကုမ္ပဏီမှ သတ္တုတွင်းနယ်မြေ ပြင်ပသို့ စီးထွက်မည့်ရေများ၏ အရည်အသွေးအား ထိန်းသိမ်းမည့်စံချိန်စံညွှန်းများမှာ အောက်ပါဇယားအတိုင်းဖြစ်ပါသည် -

Parameter	Unit	Guideline Value
Arsenic	mg/l	0.1
Cadmium	mg/l	0.05
Chemical Oxygen Demand	mg/l	150
Chromium (hexavalent)	mg/l	0.1
Copper	mg/l	0.3
Cyanide	mg/l	1
Cyanide (free)	mg/l	0.1
Cyanide(weak acid dissociable)	mg/l	0.5
Iron(total)	mg/l	2
Lead	mg/l	0.2
Mercury	mg/l	0.002
Nickel	mg/l	0.5
pH		6~9
Temperature	°C	< 3 degree defferential
Total Suspended Solid	mg/l	0.5
Zinc	mg/l	0.5

Table A3.1. Effluent limit values for exploration and mining sites

Parameter	Unit	Effluent Limit Value	Reference
Arsenic	mg/l	0.1	Myanmar National Environmental Quality (Emission) Guidelines, December 2015.
Cadmium	mg/l	0.05	As above
Chemical oxygen demand	mg/l	150	As above
Chromium (hexavalent)	mg/l	0.1	As above
Copper	mg/l	0.3	As above
Cyanide	mg/l	1	As above
Cyanide (free)	mg/l	0.1	As above
Cyanide (weak acid dissociable)	mg/l	0.5	As above
Iron (total)	mg/l	2	As above
Lead	mg/l	0.2	As above
Mercury	mg/l	0.002	As above
Nickel	mg/l	0.5	As above
pH	S.U.[a]	6-9	As above
Temperature	°C	<3 degree differential	As above
Total suspended solids	mg/l	50	As above
Zinc	mg/l	0.5	As above

ပတ်ဝန်းကျင်လေထုအရည်အသွေး (Ambient Air Quality Standards)

(၂) သတ္တုရိုင်းများတူးဖော်ခြင်း၊ ယမ်းခြင်းခွဲခြင်း၊ သတ္တုရိုင်းများနှင့် စွန့်ပစ်မြေစာများ သယ်ယူခြင်း၊ စုပုံခြင်း လုပ်ငန်းများဆောင်ရွက်မှုမှ ဓာတ်ငွေ့များ ထွက်ရှိခြင်း၊ ဖုန်မှုန့်များပျံ့လွင့်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှု မရှိစေရေးအတွက် အောက်ပါ ပတ်ဝန်းကျင်လေထုအရည်အသွေးများနှင့်အညီ ဆောင်ရွက်မည် ဖြစ်ပါသည်။

Parameter (avg. 8hrs)	CO (ppb)	NO_2 (ppb)	NO (ppb)	PM_{10} (µg/m^3)	PM2.5 (µg/m3)	SO_2 (ppb)
Guideline Value	9(ppm)	40	100	50	25	20

3. Ambient Air Quality Standards

Air quality should not exceed the levels presented in Table A3.3

Table A3.3. Ambient air quality standards

Substance	Averaging Period	Standard µg/m^3	Reference
Sulphur dioxide	24 hours 10 minutes	20 500	Myanmar National Environmental Quality (Emission) Guidelines, December 2015.
Nitrogen dioxide	1 year 1 hour	40 200	As above
Particulate matter PM_{10}	1 year 24 hours	20 50	As above
Particulate matter $PM_{2.5}$	1 year 24 hours	10 25	As above
Ozone	8-hour daily maximum	100	As above

ဆူညံသံ (Noise)

(၃) ရွှေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများတွင် စက်ယန္တရားများ အသုံးပြုခြင်း၊ ယမ်းခွဲခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆူညံသံနှင့် တုန်ခါမှုတို့အား လုပ်ကွက်အတွင်းရှိ ရုံးခန်းများ၊ ဝန်ထမ်းနေအိမ်များနှင့် ဆက်စပ်ဝန်းကျင်ရှိ လူမှုဝန်းကျင်အပေါ် ထိခိုက်မှု မရှိစေရေးအတွက် အသုံးပြုမည့် စံချိန်စံညွှန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

Ambient Noise Standards

Receptor	One Hour L_{Aeq} (dBA)		Reference
	Daytime 07:00-22:00	Nighttime 22:00-07:00	
Residential, institutional, educational	55	45	Myanmar National Environmental Quality (Emission) Guidelines, December 2015.
Industrial, commercial	70	70	As above

လူမှုရေးဆိုင်ရာလိုက်နာဆောင်ရွက်မည့်အချက်များ

(ဃ) အထက်ဖော်ပြပါ စံချိန်စံညွှန်းများအပြင် ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်သာချောင်ချိရေးကိစ္စများ ဆောင်ရွက်ပေးခြင်း စသည့်အချက်များကို စီမံဆောင်ရွက်မည်ဖြစ်ပါသည်။

နိုင်ငံတကာကွန်ဗင်းရှင်းများနှင့် သဘောတူ စာချုပ်များ၊ နိုင်ငံတကာမူဝါဒများ

(င) အောင်မေတ္တာရှင် ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရွှေအသေးစားလုပ်ကွက် (TPK-156)မှ နိုင်ငံတကာကွန်ဗင်းရှင်းများနှင့် သဘောတူစာချုပ်များ၊ နိုင်ငံတကာမူဝါဒများ၊ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများအား လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

International Frameworks

- Extractive Industries Transparency Initiative (EITI)
- International Council on Minerals and Metals (ICMM) Sustainable Development Framework

- Voluntary Principles on Security and Human Rights (VPSHR)
- China Chamber of Commerce of Metals, Minerals & Chemicals Importers and Exporters (CCCMC) Guidelines
- OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas
- European Union Regulation on Conflict Minerals
- National Ambient Air Quality Standards(EPA)

လက်ရှိပတ်ဝန်းကျင်အခြေအနေ

၆။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်။ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသတွင်ရှိသော အသေးစားရွှေလုပ်ကွက်(YMT-256)၏ လက်ရှိပတ်ဝန်းကျင် အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ဆူညံသံ

(က) မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်။ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသရှိ ရွှေလုပ်ကွက်(YMT-256)တွင် သတ္တုတူးဖော်ရာ၌ မြေအောက် တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍ လေးပင်အင်း(Vertical Shaft)များ၊ မြေအောက်လှိုဏ်ခေါင်းများ ဖြင့် တူးဖော်နေခြင်း ဖြစ်ပါသည်။ တူးဖော်ရာ၌လည်း၊ စက်ယန္တရားများ သုံးစွဲမှုမရှိဘဲ လူအင်အားဖြင့် တူးဖော်နေခြင်း ဖြစ်ပါသည်။ ကြိတ်ခွဲရာ ၌ ခဲခွဲစက်(Jaw Crusher) ကို အသုံးပြု၍ ကြိတ်ခွဲ နေခြင်းဖြစ်ပါသည်။ ယမ်းခွဲချိန်၌ မြေအောက်လှိုဏ်ခေါင်း(Adit) အဝတွင် တိုင်းတာမှုအရ ဆူညံသံမှာ (76.1)dB နှင့် တုန်ခါမှုမှာ (0)ft/sec သာရှိပါသဖြင့် ဝန်ထမ်းအိမ်ယာများနှင့် ဆက်စပ် ပတ်ဝန်းကျင် အပေါ်သက်ရောက်မှု မရှိကြောင်း တိုင်းတာရရှိပါသည်။ ရုံးခန်းနှင့် ဝန်ထမ်းလိုင်းခန်း အနီးတွင် ဆူညံသံမှာ (55)dB သာ ရှိပါသည်။ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအရ လူများနေထိုင်ရာ ပတ်ဝန်းကျင် တွင် ဆူညံသံမှာ (55 ~ 45)dB သတ်မှတ်ထားခြင်း ဖြစ်ပါ သည်။ တုန်ခါမှုမှာ (3 ~ 5) mm/sec သို့မဟုတ် (0.01 ~ 0.02) ft/sec ဖြစ်ပါသည်။

ပုံ(၃)လုပ်ကွက်(YMT-256) Adit တွင် ယမ်းခွဲစဉ် ဆူညံသံနှင့်တုန်ခါမှုတိုင်းတာနေပုံ

ပုံ(၄)လုပ်ကွက် (YMT-256) Adit တွင် ယမ်းခွဲစဉ် ဆူညံသံ(76.1)dBနှင့်တုန်ခါမှု (0)ft/sec

ရေအရည်အသွေး

(ခ) ပြည်ထောင်စုသားကုမ္ပဏီ၏ အသေးစားရွှေထုတ်လုပ်ရေး ရွှေလုပ်ကွက် (YMT-256) အတွင်း တူးဖော်နေသည့်စိုက်ကျင်းများနှင့် မြေအောက်လှိုဏ်ခေါင်းများ အနက်မှ မြေအောက်စိမ့်ထွက်ရေထွက်ရှိသည့် စိုက်ကျင်းမှာ (၁)ခုသာရှိပြီး၊ နံနက်အဆိုင်း မှ စွန့်ပစ်ရေများကို (၅၀)ဂါလံဆန့် ရေတိုင်ကီအပြာဖြင့် (၆)ပုံးခန့်သာ ခပ်ထုတ်ယူရခြင်း ဖြစ်ပါသည်။ တစ်ရက်လျှင် စွန့်ပစ်ရေထွက်ရှိမှုမှာ (၃၀၀)ဂါလံခန့် ဖြစ်ပါသည်။ ၎င်းစွန့်ပစ်ရေများအား လုပ်ကွက်အတွင်း မီးစက်များ အအေးခံရေအဖြစ် လည်းကောင်း၊ အင်းသားများမှ လည်းကောင်း သုံးစွဲနေခြင်း ဖြစ်ပါသည်။ အခြား စိုက်ကျင်းများနှင့် မြေအောက်လှိုဏ်ခေါင်းများမှ မြေအောက်စိမ့်ထွက်ရေ ထွက်ရှိခြင်း မရှိပါ၊ လက်ရှိ မြေအောက်စိမ့်ထွက်ရေထွက်ရှိသည့် စိုက်ကျင်းအနက်မှာ မီတာ (၂၀၀)မီတာ ကျော်မှ ရေစိမ့်ထွက်လာခြင်း ဖြစ်သော်လည်း ရေထွက်ရှိမှုမှာ အလွန်နည်းပါးပါသည်။ ရေနမူနာကို ကောက်ယူပြီး ဓာတ်ခွဲခန်း (ISO Tech Laboratory, No.18, Lanthit Road, Nanthargone Quarter, Insein Township, Yangon) သို့ပေးပို့ပြီး ဓာတ်ခွဲ စမ်းသပ်ခဲ့ပါသည်။ အနည်ပါဝင်မှုမှာ သတ်မှတ်ချက်အတိုင်း ရှိပြီး၊ အခြားသတ္တုများပျော်ဝင်မှု မရှိကြောင်း တွေ့ရှိရပါသည်။

ရေနမူနာဓာတ်ခွဲအဖြေများ

Parameter	Unit	Guideline Value	Mine Drainage Water YMT-256
pH		6~9	6.4
Iron (Fe)	mg/l	2	0.75
Suspended Solid	mg/l	50	52
Lead	mg/l	0.2	Nil
Arsenic	mg/l	0.1	Nil

Zinc	mg/l	0.5	Nil
Copper	mg/l	0.3	Nil
Cyanide	mg/l	0.07	Nil
COD	mg/l	35	32
BOD	mg/l	150	10

မြေအောက်စိမ့်ထွက်ရေနှင့် သတ်မှတ်ချက်စံညွှန်းနှိုင်းယှဉ်မှုဇယား



ISO TECH LABORATORY

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E (Delft) Lecturer of YIT (Retd), Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

TRACE CERTIFIED

ISO 9001:2008 Cert. No.688283

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 2 of 2

W1216 102

WATER QUALITY TEST RESULTS FORM

Client	U Zaw Win Than
Nature of Water	GW - 1 Mine Drawing Water (YMT - 256)
Location	Yamethin
Date and Time of collection	2.12.2016
Date and Time of arrival at Laboratory	5.12.2016
Date and Time of commencing examination	6.12.2016
Date and Time of completing	11.12.2016

Results of Water Analysis — **WHO Drinking Water Guideline (Geneva - 1993)**

Temperature (°C)		°C	
Fluoride (F)		mg/l	1.5 mg/l
Lead (as Pb)	Nil	mg/l	0.01 mg/l
Arsenic (As)	Nil	mg/l	0.01 mg/l
Nitrate (N.NO_3)		mg/l	50 mg/l
Chlorine (Residual)		mg/l	
Ammonia (NH_3)		mg/l	
Ammonium (NH_4)		mg/l	
Dissolved Oxygen (DO)		mg/l	
Chemical Oxygen Demand (COD)	32	mg/l	
Biochemical Oxygen Demand (BOD) (5 days at 20 °C)	10	mg/l	
Cyanide (CN)	Nil	mg/l	0.07 mg/l
Zinc (Zn)	Nil	mg/l	3 mg/l
Copper (Cu)	Nil	mg/l	2 mg/l
Silica (Si)		mg/l	

Remark: This certificate is issued only for the receipt of the test sample.

Tested by

Signature:

Name: Zaw Hein Oo
B.Sc (Chemistry)
Sr. Chemist
ISO TECH Laboratory

Approved by

Signature:

Name: Soe Thit
B.E (Civil) 1980,
Technical Officer
ISO TECH Laboratory

(a division of WEG Co.,Ltd.)

No.18, Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-73225175, 09-73242162, Fax: 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

ISO TECH LABORATORY

TRACE CERTIFIED | ISO 9001:2008 Cert. No.688283

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E (Delft) Lecturer of YIT (Retd), Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 1 of 2

W1216 102

WATER QUALITY TEST RESULTS FORM

Client: U Zaw Win Than
Nature of Water: GW - 1 Mine Drawing Water (YMT - 256)
Location: Yamethin
Date and Time of collection: 2.12.2016
Date and Time of arrival at Laboratory: 5.12.2016
Date and Time of commencing examination: 6.12.2016
Date and Time of completing: 11.12.2016

Results of Water Analysis — **WHO Drinking Water Guideline (Geneva - 1993)**

pH	6.4		6.5 - 8.5
Colour (True)		TCU	15 TCU
Turbidity		NTU	5 NTU
Conductivity		micro S/cm	-
Total Hardness		mg/l as $CaCO_3$	500 mg/l as $CaCO_3$
Calcium Hardness		mg/l as $CaCO_3$	
Magnesium Hardness		mg/l as $CaCO_3$	
Total Alkalinity		mg/l as $CaCO_3$	
Phenolphthalein Alkalinity		mg/l as $CaCO_3$	
Carbonate ($CaCO_3$)		mg/l as $CaCO_3$	
Bicarbonate (HCO_3)		mg/l as $CaCO_3$	
Iron	0.75	mg/l	0.3 mg/l
Chloride (as CL)		mg/l	250 mg/l
Sodium chloride (as NaCL)		mg/l	
Sulphate (as SO_4)		mg/l	200 mg/l
Total Solids		mg/l	1500 mg/l
Suspended Solids	52	mg/l	
Dissolved Solids		mg/l	1000 mg/l
Manganese		mg/l	0.05 mg/l
Phosphate		mg/l	
Phenolphthalein Acidity		mg/l	
Methyl Orange Acidity		mg/l	
Salinity		ppt	

Remark; **This certificate is issued only for the receipt of the test sample.**

Tested by
Signature: [signature]
Name: Zaw Hein Oo
~~B.Sc (Chemistry)~~
Sr. Chemist
ISO TECH Laboratory

Approved by
Signature: [signature]
Name: Soe Thit
~~B.E (Civil) 1980,~~
Technical Officer
ISO TECH Laboratory

(a division of WEG Co.,Ltd.)
No.18, Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-73225175, 09-73242162, Fax: 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

လေထုအရည်အသွေး

(ဂ) သတ္တုတူးဖော်မှုလုပ်ငန်းအဆင့်တွင် ယမ်းခွဲခြင်း၊ သတ္တုရိုင်းများ၊ စွန့်ပစ်မြေစာများ သယ်ယူခြင်း၊ စုပုံခြင်း၊ စွန့်ပစ်ခြင်း၊ ကြိတ်ခွဲခြင်း၊ သတ္တုသန့်စင်မှုလုပ်ငန်းအဆင့်တွင် ပြဒါးစုရွှေမှ ရွှေစင်ထုတ်ယူခြင်း လုပ်ငန်းအဆင့်ဆင့်တွင် ဖုန်မှုန့်များ ထွက်ရှိခြင်း၊ ဓာတ်ငွေ့များ ထွက်ရှိခြင်းတို့ကြောင့် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသ၏ လေထုအရည်အသွေးအား ညစ်ညမ်းစေနိုင်ပါသည်။ ရွှေအသေးစားတူးဖော် ထုတ်လုပ်ရေး လုပ်ကွက်(YMT-256)တွင် ရွှေသတ္တုတူးဖော်ရာ၌ မြေအောက်တူးဖော်မှု နည်းစနစ်ကို အသုံးပြုတူးဖော်ခြင်း၊ အဓိကလူအင်အားသုံးစွဲ၍ အသေးစားတူးဖော်မှု လုပ်ငန်းများသာ ဆောင်ရွက်ခြင်း၊ စက်ယန္တရားကြီးများ သုံးစွဲမှုမရှိခြင်း တို့ကြောင့် လေထုညစ်ညမ်းမှု လျော့နည်းမည်ဖြစ်ပါသည်။ လုပ်ကွက်အတွင်းနှင့်ဆက်စပ် ပတ်ဝန်းကျင်တို့၏ လေထုညစ်ညမ်းမှု ရှိ-မရှိ သိရှိစေရန်အတွက် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထြိုဂျင်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရပ်(စ်)အောက်ဆိုဒ်၊ Particulate Matters (10µm) နှင့် Particulate Matters (2.5µm) ဆာလ်ဖာဒိုင်အောက်ဆိုဒ် ပါဝင်မှုများအား တိုင်းတာ ခဲ့ပါသည်။ လုပ်ကွက်အတွင်း လေထုအရည်အသွေးအား တိုင်းတာ စစ်ဆေးခဲ့ပါသည်။

YMT-256 လုပ်ကွက်လေထုအရည်အသွေးနှင့် NAAQS လေထုအရည်အသွေး နှိုင်းယှဥ်မှုဇယား

Parameter (avg. 8hrs)		CO (ppb)	NO_2 (ppb)	NO (ppb)	PM_{10} ($\mu g/m^3$)	PM2.5 (µg/m3)	SO_2 (ppb)
Guideline Value		၉(ppm)	၁၀၀	၁၀၀	၅၀	၂၅	၇၅
YMT-256 Air Quality	Avg.	၅၅.၂၃၁၈	၄၀.၉၄၈၀	၅.၆၁၂၄	၂၄.၁၃၈၄	၃၀.၈၆၈၅	၁.၀၈၄၉၆
	Max.	၁၆၅	၁၀၇	၁၀၉	၉၀	၆၆	၁၀
	Min.	၅၀	၂	၁	၂	၈	၁

`

MT-256 လုပ်ကွက်လေထုအရည်အသွေးနှင့် NAAQS လေထုအရည်အသွေးနှိုင်းယှဥ်ဖော်ပြမှု



ရွှေလုပ်ကွက်(YMT-256)၏ လေထုအရည်အသွေး တိုင်းတာစစ်ဆေးမှု အချက်အလက်များ

Main | Preferences | Header | Data | Report

Environmental Report

Record Cnt 290
Start Date 12/2/2016 6:02:14 AM
End Date 12/2/2016 11:10:51 AM

	CO	NO2	NO	PMA	PMB	RH %	SO2	TmpC	Pwr V				
Ave Max Min	55.2318 165 50	40.9480 107 2	5.61245 109 1	24.1384 90 2	31.8685 66 8	79.1660 91 73	3.21799 61 1	22.4152 24 21	12.8020 13.8 11.7	0 0 0	0 0 0	0 0 0	0 0 0
EPAS Header ?	55.2318 165 50	40.9480 107 2	5.61245 109 1	24.1384 90 2	31.8685 66 8	79.1660 91 73	3.21799 61 1	22.4152 24 21	12.8020 13.8 11.7	0 0 0	0 0 0	0 0 0	0 0 0
Daily Fri, Dec 2, 2016	55.2318 165 50	40.9480 107 2	5.61245 109 1	24.1384 90 2	31.8685 66 8	79.1660 91 73	3.21799 61 1	22.4152 24 21	12.8020 13.8 11.7	0 0 0	0 0 0	0 0 0	0 0 0
Ave Period 2 6:02:14 12/2/16	50 50 50	21 21 21	1 1 1	6 6 6	11 11 11	73 73 73	1 1 1	21 21 21	11.7 11.7 11.7	0 0 0	0 0 0	0 0 0	0 0 0
Ave Period 2 6:03:14 12/2/16	50 50 50	21 21 21	1 1 1	6 6 6	11 11 11	73 73 73	1 1 1	24 24 24	11.7 11.7 11.7	0 0 0	0 0 0	0 0 0	0 0 0
Ave Period 2 6:04:13 12/2/16	50 50 50	21 21 21	1 1 1	6 6 6	11 11 11	73 73 73	1 1 1	24 24 24	11.7 11.7 11.7	0 0 0	0 0 0	0 0 0	0 0 0
Ave Period 2 6:05:13 12/2/16	50 50 50	21 21 21	1 1 1	6 6 6	11 11 11	73 73 73	1 1 1	24 24 24	11.7 11.7 11.7	0 0 0	0 0 0	0 0 0	0 0 0
Ave Period 2 6:06:13 12/2/16	50 50 50	21 21 21	1 1 1	6 6 6	11 11 11	73 73 73	1 1 1	24 24 24	11.7 11.7 11.7	0 0 0	0 0 0	0 0 0	0 0 0
Ave Period 2 6:07:13 12/2/16	50 50	21 21	1 1	6 6	11 11	73 73	1 1	24 24	11.7 11.7	0 0	0 0	0 0	0 0

ပုံ(၅) YMT-256 လုပ်ကွက်အတွင်းရှိ ရုံးခန်းရှေ့တွင် လေထု အရည်အသွေး တိုင်းတာနေပုံ

ပုံ(၆) YMT-256 လုပ်ကွက်အတွင်းရှိ ရုံးခန်းရှေ့တွင် လေထုအရည်အသွေး တိုင်းတာမှု
အချက်အလက်များမှတ်တမ်းတင်နေပုံ

ဖုန်မှုန့်ပျံ့လွင့်မှု

(ဃ) ဖုန်မှုန့်ပျံ့လွင့်မှုတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများအား တိုင်းတာ စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါသည်။ ဖုန်မှုန့်ပျံ့လွင့်မှုတိုင်းတာ စစ်ဆေးရာတွင် အချိန်လိုအပ်ချက်မှာ (၃၀)ရက် လိုအပ်ခြင်းဖြစ်၍ (YMT-256)လုပ်ကွက်အတွင်း ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာ စစ်ဆေးနိုင်ခြင်း မရှိခဲ့ပါ။ သို့သော်လေထုအရည်အသွေးတိုင်းတာ စစ်ဆေးသည့် အချက်အလက်များရ လုပ်ကွက်လေထု၏ အမှုန်အမွှားပါဝင်မှုမှာ PM_{10} - ၂၄.၁၃၈၄ $\mu g/m^3$ နှင့် $PM_{2.5}$ - ၁.၀၈၄၉၆ $\mu g/m^3$ ဖြစ်ပါသည်။ သတ္တုတူးဖော်နေမှု လုပ်ငန်းများကြောင့် လေထုညစ်ညမ်းမှု မရှိကြောင်း စစ်ဆေးတွေ့ရှိ ရပါသည်။

တိုင်းတာစစ်ဆေးမည့်နေရာနှင့် အကြိမ်အရေအတွက်

(၁) (YMT-256)လုပ်ကွက်အတွင်း သတ္တုတူးဖော်နေသည့် ရုံးအနီး (DT-1)၊ ကြိတ်ခွဲစက်အနီး (DT-2)၊ ဝန်ထမ်းနေအိမ်အနီး (DT-3)တို့တွင် ဖုန့်မှုန့်ပျံ့လွင့်မှုများအား တိုင်းတာမည်ဖြစ်ပါသည်။ တိုင်းတာစစ်ဆေးရာတွင် မိုးတွင်းကာလမပါတစ်နှစ်လျှင် (၈)လခန့် တိုင်းတာမည် ဖြစ်ပါသည်။ ရက်(၃၀) တစ်ခါ ဖမ်းယူရရှိသော ဖုန်မှုန့်များအား ချိန်တွယ်၍ ဖုန်မှုန့်ပျံ့လွင့်မှုအား စစ်ဆေး မည်ဖြစ်ပါသည်။ ဖမ်းယူမည့်ကတော့ မျက်နှာပြင် ဧရိယာမှာ (0.03) m^2 ဖြစ်ပါသည်။



ပုံ(၇) ဖုန်မှုန့် ပျံ့လွင့်မှုတိုင်းတာမည့်ဖုန်မှုန့်ဖမ်းကိရိယာပုံစံ

ဖုန်မှုန့်ပျံ့လွင့်မှုသတ်မှတ်ချက်

(၂) အောက်ပါ ဖုန်မှုန့်ပျံ့လွင့်မှုသတ်မှတ်ချက်အတွင်း ရှိစေရေးအတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။ ပိုမိုပါက သယ်ယူပို့ဆောင်သည့်လမ်းနှင့် စုပုံသည့်နေရာများတွင် ရေဖြန်းခြင်းဖြင့် လူမှုဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးအတွက် ပြုပြင်ဆောင်ရွက်မည် ဖြစ်ပါသည်။

ဖုန်မှုန့်ပျံ့လွင့်မှု သတ်မှတ်ချက်

Dust Monitoring Station	Description of Dust Monitoring Station	Alert Level of Dust Emission (gm / m2 / month)
DT-1	ရုံးအနီး	36
DT-2	ကြိတ်ခွဲစက်အနီး	80
DT-3	ဝန်ထမ်းအိမ်ယာအနီး	36

အနံ့

(င) ရွှေအသေးစားလုပ်ကွက်(YMT-256)သည် အမြင့်ပေ(၄၀၀၀)ခန့်ရှိ ပန်းတောင်တောင်ကြောပေါ်တွင် သီးခြားတည်ရှိပြီး၊ လုပ်ငန်းဆောင်ရွက်မှုမှာ သတ္တုတူးဖော်ခြင်း နှင့် အလေးသတ္တုသန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းသာဖြစ်ပြီး ဓာတ်ဆေးများ သုံးစွဲမှုမရှိခြင်းကြောင့် အနံ့များ ထွက်ရှိခြင်း မရှိပါ။

မြေထုအခြေအနေ

(စ) အပေါ်ယံလွှာမှာ အနီရင့်ရောင်ရှိ သက်ရင့်နှုံးမြေများဖြစ်ပါသည်။ အောက်ပိုင်းတွင် အပြာရောင် ဒိုလိုမိုက်ကျောက်များနှင့် သလင်းကြောများကို တွေ့ရှိရပြီး ပြတ်ရွေ့များအတွင်း ရွှေပါဝင်သော ဗဟန်းကြော(ဆီးမီးဆာလ်ဖိုဒ်)များ တိုးဝင်နေခြင်း ဖြစ်ပါသည်။ စွန့်ပစ်မြေစာများမှာ သက်ရင့်နှုံးများနှင့် အပြာရောင်ဒိုလိုမိုဒ်များဖြစ်ပြီး အက်စစ် ယိုစီးမှုမရှိသော ကျောက်များ ဖြစ်ပါသည်။

ဂေဟစနစ်

(ဆ) ရွှေအသေးစားလုပ်ကွက်(YMT-256)အတွင်း တောတောင်အခြေအနေနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဖြစ်ထွန်းမှုအခြေအနေများမှာ -

<u>တောတောင်အခြေအနေ</u>

(၁) မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စုအတွင်းရှိ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ရွှေအသေးစားလုပ်ကွက်(၃)ကွက်သည် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်ခြင်းမရှိပါ။ သို့သော်လုပ်ကွက်မှာ ပေ(၄၀၀၀)ကျော်မြင့်သော တောင်တန်းများအပေါ်တွင် တည်ရှိနေပြီး ပေါက်ရောက်နေသောသစ်တောအမျိုးအစားမှာ အမြဲစိမ်းတောဖြစ်ပါသည်။ ပေါက်ရောက်နေသည့်သစ်ပင်များမှာ သစ်အယ်၊ ဇင်ပြွန်း၊ လယ်ဇ၊ နဘဲ၊ သစ်ယား၊ သပြေ၊ စစ်ဆေး၊ ဒီဒူး၊ ကသစ်၊ ချဉ်ယုတ်၊ တောင်မကျီး၊ ဖက်သန်း၊ တောင်ပိန်းနဲ၊ မြောက်ငူ၊ သစ်ဖြူ၊ ကြသောင်းဝါး၊ ဝါးပိုးဝါး၊ တင်းဝါးများ ပေါက်ရောက်ပါသည်။

<u>ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအခြေအနေ</u>

(၂) လုပ်ကွက်နယ်မြေအတွင်း အမျိုးသားအဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့်သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများ၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်း ထားသောနယ်မြေ၊ ဘူမိရူပဆိုင်ရာ ထိန်းသိမ်းထားသော အထင်ကရ နေရာများ ပါဝင်မှုမရှိပါ။ ရှားပါးသော တိရိစ္ဆာန်များ၊ မျိုးတုံးပျောက်ကွယ်လု နီးပါးဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့်ကျန်းမာရေး အာဟာရဆိုင်ရာတန်ဖိုးရှိမျိုးစိတ်များ မရှိပါကြောင်းတွေ့ရှိရပါသည်။ လုပ်ကွက်ပတ်ဝန်းကျင်ရှိ တောတောင်များတွင် ပန်းတောင်ကျေးရွာမှ ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးနေခြင်း ဖြစ်၍ တောတိရိစ္ဆာန်အနေဖြင့် ယုန်၊ တောကြောင်၊ ဂျီ စသည့်တို့သာ အနည်းငယ်နေထိုင်နေခြင်းဖြစ်ပါသည်။

စီမံကိန်းအနီးဝန်းကျင်ရှိလူမှုပတ်ဝန်းကျင်အခြေအနေ

(၃) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ကွက်(YMT-255)သည် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ဒေသတွင်တည်ရှိပြီး အနီးဆုံးကျေးရွာမှာ ဝါးဖြူတောင်ကျေးရွာဖြစ်ပြီး လုပ်ကွက်နှင့်(၃)မိုင်ခန့် ကွာဝေးပါသည်။ လုပ်ကွက် နှင့်(၃)ဖာလုံခန့်အကွာတွင် ဒေသခံအင်းပိုင်များနှင့် အင်းသားများနေထိုင်

ရာ ကွက်ရပ်(၁)ခုရှိပြီး ၎င်းကွက်ရပ်တွင် အိမ်ခြေ(၅၀)ခန့်နှင့် လူဦးရေ(၂၅၀)ဦး ခန့် နေထိုင်ပါသည်။ ၎င်းတို့မှာ ရမည်းသင်းမြို့နယ်၊ သိမ်ကုန်းကျေးရွာ၊ အင်တိုင်းကျေးရွာ၊ ကင်းရွာ၊တူးကုန်းကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ချောင်းဖျားကျေးရွာ၊ ကူတိုကျေးရွာ၊ ဝါးဖြူတောင်အထက်ရွာ တို့မှ ရွှေတူးဖော်မှုလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသော ဒေသခံများ ဖြစ်ပြီး ကုမ္ပဏီ၏ YMT-255, 256, 257 လုပ်ကွက်(၃)ခု အတွင်း အကျိုးတူသတ္တုတူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။

ထိခိုက်နိုင်မှုများနှင့်လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဥ်များ

၇။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေသတ္တု တူးဖော်ရေးလုပ်ကွက် (YMT-256)တွင် လုပ်ငန်းများဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်သည့်အခြေအနေများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဥ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။ ထိခိုက်မှုဆန်းစစ်ချက်များအား **နောက်ဆက်တွဲ (က)**ဖြင့် ပူးတွဲတင်ပြ အပ်ပါသည်။

ဆူညံသံနှင့်တုန်ခါမှု

(က) အသေးစားရွှေသတ္တုတူးဖော် ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ဆူညံသံနှင့် တုန်ခါမှု ထွက်ရှိမည့်အရင်းအမြစ်နှင့် လျော့ချမည့်နည်းလမ်းများမှာ -

ထွက်ရှိမည့်အရင်းအမြစ်

(၁) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေလုပ်ကွက် (YMT-256)၌ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍ တူးဖော်နေခြင်းဖြစ်ပြီး စက်ယန္တရားများ အသုံးပြုဆောင်ရွက်ခြင်းမပြုဘဲ တစ်နိုင်တစ်ပိုင် တူးဖော်နေခြင်း ဖြစ်ပါသည်။ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမ်းခွဲခြင်း၊ ကြိတ်ခွဲခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆူညံသံနှင့် တုန်ခါမှုများ ဖြစ်ပေါ်စေပါသည်။ တစ်ရက်လျှင် ကြိတ်ခွဲသည့် သတ္တုရိုင်း(ပြိုး)အလေးချိန်မှာ (၃)တန်ခန့် ဖြစ်ပါသည်။

လျော့ချမည့်နည်းလမ်း

(၂) ယမ်းခွဲရာတွင် ဆူညံသံနှင့် တုန်ခါမှုသက်သာစေရေးအတွက် Detonation Relayများ ခံ၍ အဆင့်ဆင့်ကွဲစေခြင်းဖြင့်လည်းကောင်း၊ သုံးစွဲသည့် ယမ်းပမာဏအား သတ္တုသိုက်အမျိုးအစားအလိုက် အနည်းဆုံးလိုအပ်မည့် ပမာဏကို ကန့်သတ်သုံးစွဲခြင်းဖြင့်လည်းကောင်း၊ ဆူညံသံနှင့်တုန်ခါမှုအား လျော့ချရန် ဖြစ်ပါသည်။ ဆူညံသံနှင့် တုန်ခါမှုအား အောက်ပါ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ(ထုတ်လွှတ်မှု)အရည်အသွေးလမ်းညွှန်ချက်အတိုင်း ရှိစေရေးအတွက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လက်ရှိတိုင်းတာ စစ်ဆေးမှုများအရ ယမ်းခွဲချိန်၌ မြေအောက်လှိုဏ်ခေါင်း(Adit) အဝတွင် ဆူညံသံမှာ (69.2)dB နှင့် တုန်ခါမှုမှာ (0)ft/sec သာရှိပါသဖြင့် ဝန်ထမ်းအိမ်ယာများနှင့် ဆက်စပ် ပတ်ဝန်းကျင် အပေါ်သက်ရောက်မှု မရှိကြောင်း တိုင်းတာ ရရှိပါသည်။ ရုံးခန်းနှင့် ဝန်ထမ်းလိုင်းခန်း အနီးတွင် ဆူညံသံမှာ (55)dB သာ ရှိပါသည်။

Receptor	One Hour Laeq (dBA)[a]	
	Daytime 07:00-22:00 (10:00-22:00 for Public holidays)	Nighttime 07:00-22:00 (10:00-22:00 for Public holidays)
Residential. Institutional. Educational.	55	45
Industrial commercial	70	70

ရေစီမံခန့်ခွဲမှု

(၁) ပြည်ထောင်စုသားကုမ္ပဏီ၏ အသေးစားရွှေထုတ်လုပ်ရေး ရွှေလုပ်ကွက် (YMT-256) အတွင်း တူးဖော်နေသည့်စိုက်ကျင်းများနှင့် မြေအောက်လှိုဏ်ခေါင်းများ မှ မြေအောက်စိမ့်ထွက်ရေထွက်ရှိသည့် စိုက်ကျင်းမှာ (၁)ခုသာရှိပြီး၊ တစ်ရက်လျှင် စွန့်ပစ်ရေထွက်ရှိမှုမှာ (၃၀၀)ဂါလံခန့် ဖြစ်ပါသည်။ ရွှေအသေးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေပေါ်ရေ၊ မြေအောက်ရေအရည်

အသေးပေါ်ထိခိုက်နိုင်မှု ထွက်ရှိမည့်အရင်းအမြစ်နှင့် လျှော့ချမည့် နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ထွက်ရှိမည့်အရင်းအမြစ်

(၁) ပတ်ဝန်းကျင် နှင့် လုပ်ကွက်အတွင်းရှိ မြေပေါ်ရေနှင့် မြေအောက်ရေများအား ညစ်ညမ်းစေနိုင်သည့် အဓိကစွန့်ပစ်ရေထွက်ရှိမှုမှာ စိုက်ကျင်း (Vertical Shaft)မှ စုပ်ထုတ်သော မြေအောက်စိမ့်ထွက်ရေများနှင့် သတ္တုသန့်စင်ခြင်း (မျှောလောင်းခြင်း) လုပ်ငန်းအဆင့်မှ ထွက်ရှိသော မြေပေါ်စွန့်ပစ်ရေများ ဖြစ်ပါသည်။

လျှော့ချမည့်နည်းလမ်း

(၂) ရွှေလုပ်ကွက်(YMT-256)၌ တူးဖော်နေသော စိုက်ကျင်းမှ မြေအောက်စိမ့်ရေမှာ ဓာတ်ခွဲစမ်းသပ်မှုအဖြေများအရ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) သတ်မှတ်ချက်များအတွင်း ရှိကြောင်းနှင့် ၎င်းစိမ့်ထွက်ရေများအား သတ္တုသန့်စင်မှုလုပ်ငန်းများတွင် အသုံးပြုနေခြင်း ဖြစ်ပါသည်။ သတ္တုသန့်စင်ခြင်း (မျှောလောင်းခြင်း) လုပ်ငန်းအဆင့်မှ ထွက်ရှိ စွန့်ပစ်ရေများအား မြေပေါ်ရေနှင့် မြေအောက်ရေ ညစ်ညမ်းမှု မရှိစေရေးအတွက် လျှော့ချမည့်နည်းလမ်းများမှာ -

(၂.၁) မျှောလောင်းရာမှ ထွက်ရှိသော စွန့်ပစ်မြေစာများအား စွန့်ပစ်မြေစာကန်များနှင့် စွန့်ပစ်ရေအနည်ထိုင်ကန်များ တူးဖော်၍ စွန့်ပစ်မည် ဖြစ်ပါသည်။ စွန့်ပစ်ရေများအား ပြင်ပသို့စေလွှတ်ခြင်း မပြုဘဲ ဖြုံးများကြိတ်ခွဲခြင်း၊ မျှောလောင်းခြင်း အဆင့်တွင် ပြန်လည်အသုံးပြုမည် ဖြစ်ပါသည်။

(၂.၂) စွန့်ပစ်မြေစာကန်တွင် စွန့်ပစ်မြေစာများ ပြည့်လာပါက အခြောက်ခံခြင်း၊ မျက်နှာပြင်ညှိခြင်း၊ မြေဆွေးဖုံးအုပ်ခြင်းနှင့် ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုး၍ ဂေဟစနစ်ဖွံ့ဖြိုးစေရေးနှင့် လုပ်ကွက်အတွင်း စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။ ***

(၂.၃) ပြဒါးဖမ်းအင်းဝိုင်းလှည့်သည့်ကန်မှ ရေများအား အုတ်ကန်ဖြင့် အခိုင်အမာ ပြုလုပ်ထားပြီး၊ စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်သုံးစွဲနေခြင်း ဖြစ်ပါသည်။

(၂.၃) မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေးအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတိုင်းရှိစေရေးအတွက် စီမံဆောင်ရွက်ရမည် ဖြစ်ပါသည်။

လေအရည်အသွေး

(ဂ) သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမှ လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသတွင် လေထုညစ်ညမ်းမှု ဖြစ်စေနိုင်သောအချက်များနှင့် လျော့နည်းစေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ -

<u>ထွက်ရှိမည့်အရင်းအမြစ်</u>

(၁) သတ္တုတူးဖော်မှုလုပ်ငန်းအဆင့်တွင် ယမ်းခွဲခြင်း၊ သတ္တုရိုင်းများ၊ စွန့်ပစ်မြေစာများသယ်ယူခြင်း၊ စုပုံခြင်း၊ သတ္တုသန့်စင်မှုလုပ်ငန်းအဆင့်တွင် သတ္တုရိုင်းများအား ကြိတ်ခွဲခြင်း၊ ပြဒါးစုရွှေမှ ရွှေစင်ထုတ်ယူခြင်းလုပ်ငန်းတွင် ပြဒါးမီးဖုတ်ခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်မှ ဓာတ်ငွေ့များနှင့် အမှုန်အမွှားများ ထွက်ရှိခြင်းတို့ကြောင့် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသ၏ လေထုအား ညစ်ညမ်းစေနိုင်ပါသည်။

<u>လျော့ချမည့်နည်းလမ်း</u>

(၂) ရွှေအသေးစားတူးဖော် ထုတ်လုပ်ရေးလုပ်ကွက် (YMT-256) တွင် ရွှေသတ္တုတူးဖော်ရာ၌ မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု တူးဖော်ခြင်း၊ ယမ်းခွဲရာ၌လည်း မြေအောက်လှိုဏ်ခေါင်းအတွင်း ယမ်းခွဲခြင်း၊ အဓိကလူအင်အားသုံးစွဲ၍ အသေးစားတူးဖော်မှုလုပ်ငန်းများသာ ဆောင်ရွက်ခြင်း၊ စက်ယန္တရားကြီးများ သုံးစွဲမှုမရှိခြင်းတို့ကြောင့် လေထုညစ်ညမ်းမှု လျော့နည်းမည်ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုမရှိစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများမှာ -

(၂.၁) ယမ်းခွဲရာတွင် ယမ်းသုံးစွဲမှုအား ကန့်သတ်သုံးစွဲရမည် ဖြစ်ပါသည်။

(၂.၂) သတ္တုရိုင်းများ သယ်ပို့ရာတွင် လမ်းများတစ်လျှောက် အမှုန်အမွှားများ၊ ဖုန်မှုန့်များ ထွက်ရှိမှု လျော့ပါးစေရေးအတွက် စီမံဆောင်ရွက် ရမည် ဖြစ်ပါသည်။

(၂.၃) သတ္တုရိုင်းများ ကြိတ်ခွဲရာတွင် ဖုန်မှုန့်ပျံ့လွင့်မှု မရှိစေရေးအတွက် စီမံဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကြိတ်ခွဲမှုလုပ်ငန်းဆောင်ရွက်သည့် ဝန်ထမ်းများအား နှာခေါင်းစည်းများ ဝတ်ဆင် စေရပါမည်။

(၂.၄) ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာခြင်းလုပ်ငန်းနှင့် လေထုအရည်အသွေး တိုင်းတာခြင်း လုပ်ငန်းများအား ဆောင်ရွက် ရမည်ဖြစ်ပါသည်။

(၂.၅) ပြဒါးစုရွှေအား မီးဖုတ်ခြင်း၊ ကြိုချက်ချင်း ပြုလုပ်ရာတွင် ပြဒါးငွေ့ ဖမ်းကိရိယာနှင့် ဓာတ်ငွေ့စုပ်စနစ်များ တပ်ဆင်အသုံးပြုမည် ဖြစ်ပါသည်။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ထုတ်လုပ်အခိုးအငွေ့အဆင့် သတ်မှတ်ချက်များ၊ Hg(vapour)- (0.02) mg/Nm^3 အတိုင်း ရှိစေရေးအတွက် သတ္တုသန့်စင်မှု လုပ်ငန်းများလည်ပတ်သည့်အခါတွင် တွင်တိုင်းတာ စစ်ဆေး၍ ထိန်းသိမ်းဆောင်ရွက်ပါမည်။

(၂.၆) ဓာတ်ဆေးများသုံးစွဲမှု မရှိပါ။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲ

(ဃ) ရွှေအသေးစားတူးဖော်မှုလုပ်ငန်းနှင့် သန့်စင်မှုလုပ်ငန်းများမှ စွန့်ပစ္စည်းများ ထွက်ရှိမှု နှင့် ပတ်ဝန်းကျင်ထိခိုက်စေနိုင်သည့် အချက်များနှင့် လျော့ချမည့် နည်းလမ်းများမှာ -

(ဃ-၁) <u>သတ္တုတူးဖော်ရာမှထွက်ရှိသော စွန့်ပစ်ကျောက်များစွန့်ပစ်မှုနှင့် ပတ်ဝန်းကျင် ထိခိုက်မှု လျော့ချမည့် နည်းလမ်းများ</u>

(၁) စွန့်ပစ်ကျောက် ထွက်ရှိမှုမှာ တစ်ရက်လျှင်(၂)တန်ခန့် ဖြစ်ပါသည်။ စွန့်ပစ်ကျောက်များမှာ ထုံးကျောက်၊ သလင်းကျောက်နှင့် သံအောက်ဆိုဒ်များ ဖြစ်ပြီး မြေဆီလွှာ နှင့်မြေပေါ်ရေ၊ မြေအောက်ရေများအား ညစ်ညမ်းမှုမရှိစေကြောင်း တွေ့ရှိ ရပါသည်။

(၂) သတ္တုတူးဖော်ရာမှ ထွက်ရှိသော စွန့်ပစ်ကျောက်များအား သတ္တုပိတ်သိမ်းရာတွင် ကျင်း၊ ဂလိုဏ်များကို ပြန်လည်ဖြည့်ရန် စုပုံသိမ်းဆည်းထားမည် ဖြစ်ပါသည်။ နောက်ပိုင်းထွက်ရှိသည့် စွန့်ပစ်ကျောက်များအား မြေပေါ်သို့ တင်ခြင်းမပြုဘဲ တူးဖော်ပြီး လိုဏ်ခေါင်းများအတွင်း ရှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည် ဖြည့်မည် ဖြစ်ပါသည်။

(၃) စွန့်ပစ်ကျောက်ပုံအား ကြောခုံတောင်ကုန်း၊ လေးပင်အင်းလုံးအနီးမြေနေရာ(၂.၁၆)ဧကတွင် စနစ်တကျ စုပုံစွန့်ပစ်ထားပါသည်။ လက်ရှိစွန့်ပစ်ကျောက်ပုံတွင် စွန့်ပစ်ကျောက် (၈၀၀)တန်ခန့် ရှိပါသည်။ မိုးတွင်းကာလတွင် ရွာချင်းဆက်လမ်းများ ပြုပြင်ပေးခြင်း၊ လမ်းအသစ်ဖောက်ခြင်း တို့တွင် ၎င်းစွန့်ပစ်ကျောက်များအား အသုံးပြုဆောင်ရွက်မည် ဖြစ်ပါသည်။

(၄) စွန့်ပစ်ကျောက်ပုံများ ပြိုကျခြင်းမရှိစေရေးနှင့် တိုက်စားမှု မရှိစေရေးအတွက် အဆင့်များဖော်ခြင်း၊ အောက်ခြေတွင် တုပ်များရိုက်ခြင်း၊ စွန့်ပစ်ကျောက်ပုံအခြေတွင် မြောင်းများတူးခြင်း စသည့်လုပ်ငန်းများရွက်မည် ဖြစ်ပါသည်။ သတ္တုပိတ်သိမ်းမည့်ကာလတွင်လည်း စွန့်ပစ်ကျောက်ပုံများအပေါ် နှင့် ဘေးနံများတွင် မြေသားများ ဖုံးအုပ်၍ အပင်များစိုက်ပျိုးခြင်းနှင့် ဘေးနံရံများ ပြိုကျတိုက်စားမှု မရှိစေရေးနှင့် မြင်ကွင်းကောင်းမွန်စေရေးအတွက် မြေထိန်းမြက်များ စိုက်ပျိုးမည် ဖြစ်ပါသည်။

<u>သတ္တုသန့်စင်ခြင်းလုပ်ငန်းမှ စွန့်ပစ်မြေစာထွက်ရှိမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချမည့် နည်းလမ်းများ</u>

(ဃ-၂) သတ္တုရိုင်းများအား ကြိတ်ခွဲပြီးသန့်စင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးစီးသတ္တုသန့်စင်ခြင်းနည်းစနစ်ဖြင့် သန့်စင်မည်ဖြစ်၍ဓာတုဓာတ်ဆေးသုံးစွဲမှုမရှိပါ။ သန့်စင်မှုလုပ်ငန်းမှ ထွက်ရှိမည့် စွန့်ပစ်မြေစာများအား စွန့်ပစ်ကန်များ၊ အနည်ထိုင်ကန်များဖြင့် စနစ်တကျစွန့်ပစ်မည် ဖြစ်ပါသည်။ သတ္တုသန့်စင်ခြင်းလုပ်ငန်းမှ ထွက်ရှိမည့် စွန့်ပစ်မြေစာပမာဏမှာ တစ်ရက်လျှင်

(၂)တန် ခန့်ထွက်ရှိမည် ဖြစ်ပါသည်။ စွန့်ပစ်မြေစာကန်များ ပြည့်သွားပါက မြေဆွေးအုပ်၍ အပင်များ စိုက်ပျိုးမည် ဖြစ်ပါသည်။

ရွှေစင်ထုတ်ယူခြင်းလုပ်ငန်းမှ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု နှင့် လျော့ချမည့် နည်းလမ်းများ

(ဃ-၃) ပြဒါးဖမ်းခြင်းနှင့် ပြဒါးစုရွှေရရှိစေရေးအတွက် မီးဖုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက် ရာတွင် ပြဒါးငွေ့များကြောင့် လူ၊ တိရစ္ဆာန်များအပေါ် အဆိပ်သင့်စေနိုင်ခြင်း၊ မြေဆီလွှာနှင့် ရေများညစ်ညမ်းစေခြင်း အစရှိသဖြင့် လူမှုဝန်းကျင်နှင့်ပတ်ဝန်းကျင် ညစ်ညမ်းစေနိုင်သည့်အချက်များ ဖြစ်ပေါ်စေနိုင်ပါသည်။ လျော့နည်းစေသော လုပ်ငန်းများအဖြစ် ပြဒါးသုံးစွဲရာတွင် စနစ်တကျထားသိုခြင်း၊ လက်အိတ်များ၊ နှာခေါင်းစီးများ ဝတ်ဆင်အသုံးပြုခြင်း၊ မီးဖုတ်ရာတွင်လည်း ပြဒါးငွေ့များ လေထု အတွင်း မပြန့်လွင့်စေရေးအတွက် ပြဒါးအငွေ့ဖမ်းကိရိယာ (Retort)ကို အသုံးပြု၍ ရရှိမည့် ပြဒါးများအား ပြဒါးစုရွှေဖမ်းယူရာတွင် ပြန်လည်အသုံးပြုမည် ဖြစ်ပါသည်။ ပြဒါးငွေ့ ထွက်ရှိမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊

(၃.၁) ပြဒါးဖမ်း၊အင်းဝိုင်းလှည့်သည့်ကန်မှ ရေများအား အုတ်ကန်ဖြင့် အခိုင် အမာ ပြုလုပ်ထားပြီး၊ စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်သုံးစွဲနေခြင်း ဖြစ်ပါ သည်။

(၃.၂) မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းအတွက် ပြဒါးထုတ်လွှတ်မှုအခိုးအငွေ့ အဆင့်သတ်မှတ်ချက် (0.02)mg/Nm3 ထက် မကျော်လွန်စေရေးအတွက် စီမံဆောင်ရွက်သွားပါမည်။

မြေထုညစ်ညမ်းမှု

(င) ရွှေအသေးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေထုညစ်ညမ်းမှုဖြစ်စေနိုင်သည့် ထွက်ရှိမည့်အရင်းအမြစ်နှင့် လျော့ချမည့် နည်းလမ်းများမှာ -

စွန့်ပစ်မြေစာထွက်ရှိမှု

(၁) စွန့်ပစ်မြေစာထွက်ရှိမှုမှာ အင်း(Vertical Shaft)များ တူးဖော်ရာမှ စွန့်ပစ်မြေစာ(Waste Rocks)များ ထွက်ရှိပါသည်။ ထို့အတူသတ္တုသန့်စင်မှုလုပ်ငန်းဆောင်ရွက်ရာမှ စွန့်ပစ်မြေစာ(Tailing)များ ထွက်ရှိပါသည်။ စွန့်ပစ်မြေစာများမှ မြေဆီလွှာညစ်ညမ်းစေနိုင်ခြင်း၊ မြေပေါ်ရေမြေအောက်ရေများညစ်ညမ်းစေနိုင်ခြင်း တို့ ဖြစ်ပေါ်စေနိုင်ပါသည်။

လျှော့ချမည့်နည်းလမ်း

(၂) သတ္တုတူးဖော်ခြင်းအဆင့်မှ ထွက်ရှိသော စွန့်ပစ်မြေစာ၊ စွန့်ပစ်ကျောက်များအား ပြိုကျခြင်း မရှိစေရေး နှင့် သတ္တုတွင်းပိတ်သိမ်းရာတွင် ကျင်း၊ ချိုင့်များပြန်လည် ဖြည့်ရန်အတွက် စနစ်တကျစုပုံ ထားရှိရမည် ဖြစ်ပါသည်။ မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍ အင်းများအား တူးဖော်ရာတွင် ရွှေကြောကိုလိုက်၍ တူးဖော်နေခြင်းဖြစ်၍ စွန့်ပစ်မြေစာထွက်ရှိမှုမှာ နည်းပါးပါသည်။ နောက်ပိုင်းထွက်ရှိသည့် စွန့်ပစ်မြေစာများအား မိုင်းပိတ်သိမ်းမှုအကြိုကာလ အစီအစဉ်များအနေဖြင့် တူးဖော်ပြီး ခေါင်းသားများအတွင်းပြန်လည် ဖြည့်ဆည်းသွားမည် ဖြစ်ပါသည်။

စွန့်ပစ်မြေစာပုံများပေါ်တွင် မိုးကာလရွာသွန်းသော မိုးရေများကြောင့် မြေစာအနည်များ တိုက်စား၍ ဘေးပတ်ဝန်းကျင်သို့ မျောပါသွားခြင်း မရှိစေရေးအတွက် မြေစာပုံပတ်လည်တွင် မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများအားဆောင်ရွက် ရမည် ဖြစ်ပါသည်။

လုပ်ကွက်အတွင်း မိုးကာလရွာသွန်းသော မိုးရေများကြောင့် မြေစာများတိုက်စား၍ ဘေးပတ်ဝန်းကျင်သို့ မျောပါသွားခြင်း မရှိစေရေးအတွက်ရေမြောင်းများတူးဖော်၍ တားစီးရေးလုပ်ငန်းများအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သတ္တုသန့်စင်ခြင်းလုပ်ငန်းမှ ထွက်ရှိသော စွန့်ပစ်မြေစာများအား စွန့်ပစ်မြေစာကန်များဖြင့် စနစ်တကျ စွန့်ပစ်ရမည် ဖြစ်ပါသည်။

ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု

(၈) ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်သည် စီမံကိန်းမှ အသုံးပြုပြီးသော ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများစွန့်ထုတ်ခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် သိုလှောင်ခြင်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ တူးဖော်ရေးလုပ်ကွက်တွင် တူးဖော်ခြင်းနှင့် ကြိတ်ခွဲခြင်းလုပ်ငန်းများသာ ဆောင်ရွက်နေပြီး အသုံးပြုနေသော ဘေးအန္တရာယ်ရှိ ပစ္စည်းများမှာ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် စက်ဆီချောဆီအဟောင်းများ ဖြစ်ပြီး၊ အခြားအန္တရာယ်ရှိ ဓာတုပစ္စည်းများ သုံးစွဲခြင်းမရှိပါ။ ဘေးအန္တရာယ်ရှိ ပစ္စည်းများစွန့်ပစ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း စေရေးနှင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ -

(၁) ကျောက်ခွဲစက်နှင့် တူးဖော်ရေးလုပ်ငန်းများမှ အမဲဆီ၊ စက်ဆီချောဆီ အဟောင်းများအား စွန့်ပစ်ရာတွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ဆောင်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

(၂) အတင်/အချဧရိယာ၊ ပြုပြင်ထိန်းသိမ်းရေးဧရိယာများမှ စက်ဆီချောဆီများ၊ အမဲဆီများ နှင့် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများ ယိုဖိတ်မှုဖြစ်ပါက စုပ်ယူနိုင်သော ပစ္စည်းများဖြစ်သည့် လွှစာမှုန့်၊ သဲ အစရှိသည်တို့ကို အသုံးပြု၍ ရှင်းလင်းပစ်ရပါမည်။

(၃) စွန့်ပစ်စက်ဆီချောဆီများကို သီးသန့်ပီပါများတွင် ထည့်ပြီး မြေကတုတ် နှင့် ကုန်စည်တင်ရန် အခင်းပြားကို အမာခံပြုလုပ်ထားသော နေရာတွင် ထားသို၍ ဒုတိယအဆင့် ထိန်းချုပ်နိုင်သော ကိရိယာများ တပ်ဆင်၍ ရာသီဥတုဒဏ် ခံနိုင်အောင် ပြင်ဆင်ပြီး ပီပါများကို ထားရှိ ရမည် ဖြစ်ပါသည်။

(၄) ပီပါများတွင် ထည့်ထားသော ပစ္စည်းများအမည်စာရင်းကို မြင်သာအောင် ပေပါတွင် ကပ်ထားရပါမည်။

(၅) စက်ဆီချောဆီများ ပြန်သုံးရန် မသင့်တော်ပါက မီးရှို့ ဖျက်စီးပစ်ရပါမည်။

(၆) အသုံးမပြုတော့သောယမ်းနှင့် ပေါက်ကွဲပစ္စည်းများကို ယမ်းဖောက်ခွဲရန် တာဝန်ယူထားသော အဖွဲ့မှ ရှင်းလင်းပစ်ရပါမည်။

(၇) ယိုဖိတ်မှု ရှင်းလင်းခြင်းနှင့် မီးသတ် ကိရိယာများကို အလွယ်တကူ ရရှိအောင် စီစဥ်ထားရပါမည်။

(၈) ဝန်ထမ်းများကိုလည်း ၎င်းပစ္စည်းများအသုံးပြုပုံကို သင်တန်းပို့ချပေးထား ရပါမည်။

(၉) စွန့်ပစ် စက်ဆီချောဆီများကို စီမံကိန်းဒေသအတွင်းရှိ မည်သည့်မြေဆီလွှာနှင့် ရေကန်များပေါ်တွင် လုံးဝစွန့်ထုတ်ခြင်းမပြုရပါ။

ဂေဟစနစ်

(ဆ) ရွှေအသေးစား လုပ်ကွက်(YMT-256)အတွင်း လုပ်ငန်းများဆောင်ရွက်မှုကြောင့် ဂေဟစနစ် ဖြစ်ထွန်းမှုအတွက် ထိခိုက်စေနိုင်သည့် အရင်းအမြစ်များနှင့် လျော့နည်းစေမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

<u>တောတောင်အခြေအနေနှင့်ထိခိုက်မှု</u>

(၁) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ ရွှေအသေးစားလုပ်ကွက်(YMT-256) သည် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ဒေသတွင် တည်ရှိပြီး၊ ပေ(၄၀၀၀)ခန့် အမြင့်တွင် တည်ရှိပါသည်။ ပေါက်ရောက်နေသော သစ်တောမှာ အမြဲစိမ်း တောဖြစ်ပြီး ပေါက်ရောက်နေသောအပင်များ အဖိုးတန်သစ်များ ပေါက် နေခြင်း မရှိပါ။ သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ် တော ဧရိယာများနှင့် ကင်းလွတ်မှုရှိကြောင်းတွေ့ရှိရပါသည်။ တူးဖော်မည့် နည်းစဥ်မှာ တစ်နိုင်တစ်ပိုင်တူးဖော်ခြင်းဖြစ်ပြီး မြေအောက် တူးဖော်မှု နည်းစနစ်ဖြစ်သည့် ဆင်းတွင်းများ (Vertical Shaft)နှင့် မြေအောက် လှိုဏ်ခေါင်းများ (Adit)တူးဖော်နေခြင်း ဖြစ်၍ တောတောင်များနှင့် သစ်တော သစ်ပင်များ၊ မြင်ကွင်းများနှင့် ဂေဟစနစ်အား ထိခိုက်မှု မရှိကြောင်း တွေ့ရှိ ရပါသည်။

<u>လျော့ချမည့်နည်းလမ်း</u>

(၁.၁) မြေအောက်တူးဖော်မှု နည်းစနစ်ကို အသုံးပြုဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

(၁.၂) စွန့်ပစ်မြေစာများ စုပုံခြင်း၊ သတ္တုရိုင်းများ စုပုံခြင်း၊ အဆောက်အဦးများ တည်ဆောက်ခြင်းလုပ်ငန်းများတွင် မြေယာအသုံးချမှု အနည်းဆုံး ဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရပါမည်။

(၁.၃) လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည် ဖြစ်ပါသည်။

(၁.၄) မြေယာအသုံးချမှုများအတွက် ဆုံးရှုံးသော သစ်ပင်များအား အစားထိုး စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက် ရပါမည်။

<u>ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအခြေအနေနှင့်ထိခိုက်မှု</u>

(၂) လုပ်ကွက်မှာ ပန်းတောင် တောင်တန်းအပေါ်တွင် တည်ရှိပြီး လုပ်ကွက်အတွင်း အမျိုးသားအဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့် သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများ၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်းထားသောနယ်မြေ၊ ဘူမိရူပဆိုင်ရာထိန်းသိမ်းထားသော အထင်ကရနေရာများ ပါဝင်မှုမရှိပါ။ ရှားပါးသောတိရိစ္ဆာန်များ၊ မျိုးတုံး ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့် ကျန်းမာရေး အာဟာရဆိုင်ရာတန်ဖိုးရှိမျိုးစိတ်များ မရှိပါကြောင်း တွေ့ရှိရပါသည်။ တောတိရိစ္ဆာန်များ အနေဖြင့် တောကြောင်၊ ယုန်၊ ဂျီ အနည်းငယ် နေထိုင်ကျက်စားပါသည်။

<u>လျော့ချမည့်နည်းလမ်း</u>

(၂.၁) လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း၊ အစားထိုး စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၂.၂) ဂေဟစနစ်ထိခိုက်မှု မရှိစေရေးအတွက် ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှုမရှိစေရေးအတွက် ဆောင်ရွက် ရမည်ဖြစ်ပါသည်။

(၂.၃) သတ္တုသန့်စင်မှုလုပ်ငန်းမှ စွန့်ပစ်ရေများ ပြင်ပသို့ရောက်ရှိ၍ ရေထု ညစ်ညမ်းမှု မရှိစေရေးအတွက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၂.၄) ဆူညံသံနှင့် တုန်ခါမှုများ အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင် ရွက်မည် ဖြစ်ပါသည်။

(၂.၅) ဇီဝမျိုးစုံမျိုးကွဲဖြင့်စပ်လျဥ်း၍ ထိခိုက်မှုများလျော့နည်းစေရန် ထိခိုက် လွယ်သောနေရာများတွင် သင့်လျော်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ ဆောင်ရွက်ရပါမည်။

လူမှုဝန်းကျင်အပေါ် ထိခိုက်မှု

(၉) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ကွက် (YMT-256) သည် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ဒေသတွင်တည်ရှိပြီး အနီးဆုံး ကျေးရွာမှာ ဝါးဖြူတောင်ကျေးရွာဖြစ်၍ လုပ်ကွက်နှင့် (၃)မိုင်ခန့်ကွာဝေးပါသည်။ လုပ်ကွက်နှင့်(၃)ဖာလုံခန့်အကွာတွင် အင်းပိုင်များနှင့် အင်းသားများနေထိုင်ရာ ပန်းတောင်အင်းသားကွက်ရပ်(၁)ခု ရှိပြီး ၎င်းကွက်ရပ်တွင် အိမ်ခြေ(၅၀)ခန့်နှင့် လူဦးရေ (၂၅၀)ခန့် နေထိုင်ပါသည်။ ကုမ္ပဏီ၏ YMT-255, 256 257 လုပ်ကွက် (၃)ခုအတွင်း သတ္တုတူးဖော်မှုလုပ်ငန်းများကို အင်းသားများ၊ အင်းပိုင်များမှ ကုမ္ပဏီ နှင့်အကျိုးတူ လာရောက်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ အသေးစားတူးဖော်မှု လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ လုပ်ကွက်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများမှာ မြေအောက်တူးဖော်သည့်နည်းစနစ်ဖြင့် တူးဖော်ခြင်း၊ တူးဖော် ရရှိသည့် ပြုံးများအား ကုမ္ပဏီ၊ အင်းပိုင်နှင့် အင်းသားများ ခွဲဝေရန် ကြိတ်ခွဲခြင်း လုပ်ငန်းများသာ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ရမည်းသင်းဒေသရှိ ရွှေတူးဖော်မှု လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသည့် ဒေသခံများအတွက် အားကိုးအားထား ပြုနေသော ရွှေလုပ်ကွက်များ ဖြစ်ပါသည်။

<u>ထွက်ရှိမည့်အရင်းအမြစ်</u>

(၁) လုပ်ကွက်အတွင်း လွန်တွင်းများ တူးဖော်ခြင်း၊ ယမ်းခွဲခြင်း၊ သတ္တုရိုင်းများ နှင့် စွန့်ပစ်မြေစာများ သယ်ယူပို့ဆောင်ခြင်း၊ ကြိတ်ခွဲခြင်းတို့ မှ အမှုန်အမွှားများ၊ ဖုန်မှုန့်များ ထွက်ရှိ၍ လုပ်ကွက်အတွင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ

လုပ်မှုဝန်းကျင်အား ထိခိုက်စေနိုင်ပါသည်။ လေထုညစ်ညမ်းမှုမှ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားစေနိုင်ပါသည်။ ထို့အတူ ယမ်းခွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် တုန်ခါမှုများမှာလည်း အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအား အနှောက် အယှက် ဖြစ်စေနိုင်ပါသည်။

<u>လျော့ချမည့်နည်းလမ်း</u>

(၂) တူးဖော်ခြင်း၊ ကြိတ်ခွဲခြင်း၊ သယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်မှုကြောင့် ဖုန်မှုန့်ထွက်ရှိမှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၃) ယမ်းခွဲရာမှ ဖြစ်ပေါ်သောတုန်ခါမှုအား အနီးပတ်ဝန်းကျင်ကျေးရွာများ သို့ တုန်ခါမှုသက်ရောက်ခြင်းမရှိစေရေးနှင့် စံချိန်စံညွှန်းသတ်မှတ်ချက် အတွင်း ရှိစေရေးတို့အတွက် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက် နေသည့် ကာလ တစ်လျှောက် Detonating Relay များသုံးခြင်း နှင့် ယမ်းသုံးစွဲမှုအား ကန့်သတ် သုံးစွဲ ရမည်ဖြစ်မည် ဖြစ်ပါသည်။

(၄) အများပြည်သူမှ ကန့်ကွက်မှုများ ဖြစ်ပေါ်လာပါက ယမ်းခွဲမှုကြောင့် ဖြစ်ပေါ်သည့် တုန်ခါမှုအား လုပ်ကွက်အတွင်းနှင့် လုပ်ကွက်ပြင်ပတွင် ယမ်းခွဲသည့်နေရာမှ အကွာအဝေးများ သတ်မှတ်ပြီး၊ တုန်ခါမှု၊ ဆူညံသံ များကို တိုင်းတာစစ်ဆေး၍ သတ်မှတ်ချက်အတွင်း ရှိစေရေးအတွက် ဆောင်ရွက် ရမည် ဖြစ်ပါသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်

၈။ ပန်းတောင်လုပ်ကွက်အတွင်း ဆောင်ရွက်နေသောလုပ်ငန်းများမှာ စိုက်ကျင်းများတူးဖော်ခြင်း၊ မြေအောက်လှိုဏ်ခေါင်းများတူးဖော်ခြင်း၊ ယမ်းခွဲခြင်း စသည့် ဘေးအန္တရာယ်ရှိလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ လုပ်သားအတွက် ကျင်းအတွင်းဆင်း/တက်ပြုလုပ်ခြင်း၊ ဖြုံး(သတ္တုရိုင်း) များ တူးဖော်ခြင်း၊ လွန်စက်များသုံးခြင်း၊ ယမ်းခွဲခြင်းအဆင့်များတွင် လုပ်သားများအတွက် ထိခိုက် ဒဏ်ရာရရှိစေခြင်း၊ အသက်ဆုံးရှုံးနိုင်သည်အထိ ဘေးအန္တရာယ်ကျရောက်စေနိုင်ပါသည်။ သို့ပါ၍ အောက်ဖော်ပြပါ ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များ စီမံဆောင်ရွက်ရန်လိုအပ်ပါသည်။

(က) လုပ်သားဝန်ထမ်းအားလုံးအား လုပ်ငန်းခွင်ဝင် သင်တန်းများ ပေးရပါမည်။

(ခ) လုပ်သားဝန်ထမ်းအားလုံး၏ ဘာသာရပ်ဆိုင်ရာနှင့် ပညာရေးဆိုင်ရာလိုအပ်ချက်အရ အန္တရာယ် ကင်းရှင်းရေးသင်တန်းများကို ပို့ချပေးရန် စီမံထားရပါသည်။

(ဂ) လုပ်ငန်းခွင် ကျန်းမာရေးနှင့်အန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်ကို တိုးချဲ့ ဆောင်ရွက် အကောင်ထည်ဖော်သွားရပါမည်။

(င) လုပ်ငန်းအနေအထားအရ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် သတိပေး ဆိုင်းဘုတ်များ တပ်ဆင်ထားရပါမည်။

(စ) လုပ်ငန်းအနေအထားအရ လုပ်ငန်းခွင်အတွင်း ပင်ပန်းနွမ်းနယ်မှု နည်းပါးစေရန် လုပ်ငန်း အချိန်ကို လိုသည်ထက် မပိုအောင်တားမြစ် ထားရပါမည်။

(ဆ) ကျင်းအတွင်းအဆင်းအတက်များ ပြုလုပ်ရာတွင် အသုံးပြုသော ဆင်းကြိုးများ၊ ဝင့်စက်များ၊ လုပ်သားများအသုံးပြုမည့် လုံခြုံရေးအသုံးအဆောင်များနှင့် ဝတ်စုံများ အား ပုံမှန်စစ်ဆေးရ ပါမည်။

(ဇ) သတ္တုရိုင်းများ အင်းအပေါ်တင်ရာတွင် ကြိုးပြတ်ကျခြင်း၊ ခဲစင်ခြင်းစသည့် ဖြစ်စဥ်များကြောင့် ထိခိုက်မှုမရှိစေရေးအတွက် အချက်ပေးခြင်း၊

(ဈ) ယမ်းခွဲမည့်သတိပေးစနစ်များ တပ်ဆင်ခြင်း၊ အန္တရာယ်ထိခိုက်နိုင်သည့် ဧရိယာ သတ်မှတ်ပေး၍ ရှောင်ရှားစေခြင်း၊

(ည) သဘာဝဘေးအန္တရာယ်ကျရောက်ပါက လုပ်ဆောင်ရမည့်ကယ်ဆယ်ရေး လုပ်ငန်းများ အား စီမံချက်များရေးဆွဲ စီမံထားခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်း ကရိယာများ စုဆောင်းထားခြင်း၊ မီးသတ်ဗူးများ တပ်ဆင် ထားခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လေ့ကျင့်သင်ကြား ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊

အများပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း

၉။ ပြည်ထောင်စုသားကုမ္ပဏီမှ YMT-255, 256 257 လုပ်ကွက်များနှင့်ဆက်စပ်ဒေသရှိ ဝါးဖြူတောင်ကျေးရွာ၊ အင်တိုင်းကျေးရွာ၊ တူးကုန်းကျေးရွာ၊ ချောင်းဖျားကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ကူတိုကျေးရွာများမှ ဒေသခံပြည်သူများနှင့် ပန်းတောင်ကွက်ရပ်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီရင်ခံစာပြုစုသူမှ တွေ့ဆုံ

ဆွေးနွေးခဲ့ပါသည်။ ကုမ္ပဏီ၏တာဝန်သူများမှ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှု၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များတွင် ကုမ္ပဏီမှ ကူညီပံ့ပိုးပေးနေမှု အစီအစဥ်များ၊ လစဥ်ပုံမှန် ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်နေမှုများ၊ ကျေးရွာဆက်လမ်းများအား မိုးရာသီမတိုင်မီ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း တို့အား ဆောင်ရွက်ပေးခြင်း နှင့် အလုပ်အကိုင်ခန့်ထားရေးကိစ္စများတွင် ဒေသခံများအား ဦးစားပေးခန့်ထားမှုနှင့် လက်ရှိကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသည့် ဒေသခံဝန်ထမ်း မိသားစုများအား ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ ပညာရေးနှင့် သက်သာချောင်ချိရေးထောက်ပံ့ပေးမှုများ ဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ပတ်ဝန်းကျင် စီမံခန့်ခွဲရေးအစီရင်ခံစာပြုစုသူမှလည်း ပြည်ထောင်စုသားသတ္တုတူးဖော် ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် မှ ဆောင်ရွက်နေသည့် သတ္တုတူးဖော်ထုတ်လုပ် သန့်စင်မှုလုပ်ငန်းအဆင့်ဆင့်၊ လက်ရှိပတ်ဝန်းကျင်အခြေအနေ၊ လုပ်ငန်းအဆင့်လိုက် ပတ်ဝန်းကျင်၊ လူမှုဝန်းကျင်နှင့် ဂေဟစနစ်များအပေါ် ထိခိုက်နိုင်သည့်အခြေအနေများ၊ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်း ထိခိုက်မှုများအား ဖော်ထုတ်မည့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်အစီအစဥ်များ၊ ရံပုံငွေထားရှိဆောင်ရွက်မှု၊ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိ ခိုက်မှုမရှိစေရေးအတွက် ကုမ္ပဏီမှ ချမှတ်ဆောင်ရွက်နေသောမူဝါဒများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဥ်များ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဒေသခံပြည်သူများမှလည်း ၎င်းတို့ဒေသတွင် ကုမ္ပဏီမှ စီမံကိန်းများလာရောက်ဆောင်ရွက်သည့် အလုပ်အကိုင်အခွင့်အလန်းများ ရရှိစေခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ပေးနေခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရန် ကြိုးစား စီမံဆောင်ရွက်နေခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးကိစ္စများတွင် ကူညီ ဆောင်ရွက်ပေးနေခြင်းတို့အတွက် ဒေသတွင် အကျိုးကျေးဇူးများ ရရှိပါကြောင်း နှင့် လုပ်ငန်းဆောင်ရွက် ထားရှိမှုများအား ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် ချပြဆွေးနွေးမှုများအတွက် ကျေးဇူးတင်ပါကြောင်း နှင့် ဒေသခံပြည်သူများ အနေဖြင့် ပြည်ထောင်စုသားကုမ္ပဏီအား ထောက်ခံပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။ ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံများအား **နောက်ဆက်တွဲ (ဃ)**ဖြင့်လည်းကောင်း၊ ဒေသခံပြည်သူများ၏ သဘောထားမှတ်ချက်များအာ **နောက်ဆက်တွဲ (ဃ-၁)**ဖြင့်လည်းကောင်း ပူးတွဲတင်ပြအပ်ပါသည်။

စောင့်ကြပ် ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားချက်

၁၀။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ဒေသဖွံ့ဖြိုးရေး၊ စိန်းလန်းစိုပြေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ ဆောင်ရွက်ရန် အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့အား မန်နေဂျာများ၊ လုပ်ငန်း ကြီးကြပ်များနှင့် အင်းအလိုက်တာဝန်ခံများဖြင့် ဖွဲ့စည်းဆောင်ရွက် မည်ဖြစ်ပါသည်။ ၎င်းအဖွဲ့များ မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်း လုပ်ငန်းများအား လိုအပ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သို့ အစီရင်ခံတင်ပြ၍ ဆောင်ရွက်မည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် စောင့်ကြပ် ကြည့်ရှု စစ်ဆေးရန် ရန်ပုံငွေသီးခြားလျာထားသတ်မှတ်၍ လစဉ် (၅)သိန်းကျပ်အား သုံးစွဲစီမံ ဆောင်ရွက်မည် ဖြစ်ပြီး၊ အမှန်တကယ်သုံးစွဲသည့်အခါလုံလောက်မှုမရှိပါက ကုမ္ပဏီမှ အပြည့်အဝ တာဝန်ယူဆောင်ရွက်မည် ဖြစ်ပါသည်။ စောင့်ကြပ် ကြည့်ရှု စစ်ဆေးမှုအစီရင်ခံစာအား (၆)လ တစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြပါမည်။

(က) **ရေအရင်းအမြစ်သုံးစွဲမှု**

စစ်ဆေးမည့် ကာလ	လုပ်ကွက်တွင်အသုံးပြုသည့်ရေအရင်းအမြစ်မှာ TPK-256 လျှိုအတွင်းမှ သဘာဝရေထွက် ဖြစ်ပါသည်။ ရေသုံးစွဲမှုအား စီမံကိန်းကာလတစ်လျှောက် မှတ်တမ်းထားရှိပါမည်။
နေရာ	TPK-256 လျှိုအတွင်းမှ သဘာဝရေထွက်
အကြိမ်	တစ်ပတ်တစ်ကြိမ် - pH, Fe(mg/lit), သုံးလတစ်ကြိမ်- pH, Fe(mg/lit), Copper (mg/lit), Lead(mg/lit), Zinc (mg/lit) (၆)လတစ်ကြိမ် - pH, Fe(mg/lit), Copper (mg/lit), Lead (mg/lit), Zinc (mg/lit), Total Suspended Solid (mg/lit), Sulphate(SO4=) (mg/lit), BOD (mg/lit), COD (mg/lit), Arsenic(mg/lit)
တာဝန်ယူမည့်ဌာန	အထောက်အကူပြုအဖွဲ့
တာဝန်ခံအဖွဲ့	ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့
အစီရင်ခံခြင်း	တစ်လတစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန်၊
	(၃)လ တစ်ကြိမ်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ တင်ပြရန်
သတ်မှတ်ချက်	(၆)လ တစ်ကြိမ် စမ်းသပ်မှုအား ISO လက်မှတ်ရ၊ Tech

	Laboratory ဓာတ်ခွဲခန်းသို့ ပေးပို့ စမ်းသပ် ပါမည်။

ဆူညံသံနှင့်တုန်ခါမှု

(ခ) သတ္တုတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လွန်တူးခြင်း၊ ယမ်းခွဲခြင်း၊ သတ္တုရိုင်းများ ကြိတ်ခွဲခြင်း၊ မီးစက်၊ ရေစက်များမောင်းနှင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဆူညံသံများအား လျော့နည်း သက်သာစေရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဆူညံသံများကြောင့် လူမှုအဖွဲ့အစည်းများတွင် စိတ်အနှောက်အယှက် ဖြစ်စေခြင်းနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးထိခိုက်စေခြင်း ဖြစ်စေနိုင်ပါသည်။ ဂေဟစနစ် အတွက် လည်း အနှောက်အယှက် ဖြစ်စေနိုင်ပါသည်။

<u>တိုင်းတာစစ်ဆေးမည့်နေရာ</u>

(၁) တူးဖော်ရာတွင် မြေအောက်တူးဖော်သည့်နည်းစနစ်ကို အသုံးပြုတူးဖော်ခြင်း၊ ကြိတ်ခွဲစက်၊ မီးစက်၊ လေပေးစက်၊ စသည့် စက်ကရိယာများအား အသေးစားများ အသုံးပြုနေခြင်းတို့ကြောင့် ယမ်းခွဲခြင်းနှင့် စက်ကရိယာများ အသုံးပြုသည့်အချိန်များတွင် ရုံးခန်း၊ ဝန်ထမ်း လိုင်းခန်း၊ ယမ်းဖောက်ခွဲသည့် အင်းအနီး စသည့်နေရာများတွင် တိုင်းတာစစ်ဆေးမည်ဖြစ်ပါသည်။ လိုအပ်ပါက လုပ်ကွက်အနီးဝန်းကျင်ပါ တိုင်းတာ စစ်ဆေးမည် ဖြစ်ပါသည်။

<u>တိုင်းစစ်ဆေးမည့်ကာလ</u>

(၂) ဆူညံသံတိုင်းတာစစ်ဆေးခြင်းအား လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလနှင့် သတ္တုတွင်းပိတ်သိမ်းသည့်ကာလများတွင် ဆူညံသံတိုင်းတာ စစ်ဆေးသည့် ကရိယာအား အသုံးပြု၍ တိုင်းတာ စစ်ဆေးမည် ဖြစ်ပါသည်။

အသုံးပြုမည့်<u>စံချိန်စံညွှန်း</u>

(၃) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်-ဆူညံသံစံချိန်စံညွှန်းများအား လိုက်နာဆောင်ရွက်ပါမည်။

Receptor	One Hour Laeq (dBA)[a]	
	Daytime 07:00-22:00	Nighttime 07:00-22:00
Residential. Institutional. Educational.	55	45

Industrial commercial	70	70

အဖွဲ့အစည်း

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ခံကြီးကြပ်၍ အင်းများလုပ်ငန်းကြီးကြပ်ရေး အဖွဲ့မှ ဆောင်ရွက်ပါမည်။

အရေးယူဆောင်ရွက်ခြင်း

(၅) ယမ်းခွဲချိန်များတွင် ယမ်းသုံးစွဲမှုအား ကန့်သတ်သုံးစွဲပြီး အင်းအနီး ဖြစ်ပေါ်သည့်ဆူညံသံအား (80)dB အောက် နှင့် တုန်ခါမှုအား (0.02)ft/sec အတွင်း ထိန်းသိမ်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ယမ်းခွဲချိန် ဆူညံသံနှင့် တုန်ခါမှုအား မှတ်တမ်းတင် ထားရှိပါမည်။

လုပ်ငန်းခွင်အတွင်း နေ့အချိန် စက်ကရိယာများ လည်ပတ်မှုကြောင့် ဖြစ်ပေါ်သည့် ဆူညံသံအား (75)dB အောက် ထိန်းသိမ်းဆောင်ရွက်မည် ဖြစ်ပါသည်။

ကြိတ်ခွဲစက်၊ မီးစက်၊ လေပေးစက်၊ ရေစုပ်စက်၊ လေမှုတ်စက် စသည်ဖြင့် စက်ကရိယာများ၏ ဆူညံသံမှာ သတ်မှတ်ချက်ထက် ကျော်လွန်ပါက အသံလုံအောင် စီမံ ဆောင်ရွက်ပါမည်။

ညအချိန်တွင် သတ်မှတ်ဆူညံသံထက်ပိုသော စက်ရိယာများ လည်ပတ်ခြင်းမှ ရပ်နားထားပါမည်။

ရေအရည်အသွေး

(၇) ရေအရည်အသွေး စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်တွင် သတ္တုတူးဖော်ခြင်း၊ သန့်စင်ခြင်းတို့မှ ထွက်ရှိမည့် မြေအောက်စိမ့်ထိုက်ရေများ၏ အရည်အသွေး၊ ထုတ်လွှတ်မှု ပမာဏ၊ ပြန်လည်သုံးစွဲသည့်အခြေအနေများနှင့် သတ္တုသန့်စင်ခြင်း လုပ်ငန်းမှ စွန့်ပစ်ရေအရည်အသွေး၊ စွန့်ပစ်မှုအခြေအနေတို့နှင့် ၎င်းစွန့်ပစ်ရေများကြောင့် မြေပေါ်ရေနှင့်မြေအောက်ရေညစ်ညမ်းနိုင်မှု အခြေအနေများကို စစ်ဆေးရန် ဖြစ်ပါသည်။

<u>လက်ရှိစွန့်ပစ်ရေအရည်အသွေး၊ ထုတ်လုပ်မှုပမာဏ၊ မြေအောက်ရေအရည်အသွေး</u>

(၈-၁) တူးဖော်နေသည့် စိုက်ကျင်းတစ်ခုမှသာ မြေအောက်ရေစိမ့်ထွက်ပါသည်။ အနက်(၂၀၀)မီတာကျော်တွင် ထွက်ရှိခြင်း ဖြစ်ပြီး၊ ထွက်ရှိမှုပမာဏမှာ (၃၀၀)ဂါလံဖြစ်ပါသည်။ (၅၀)ဂါလံဆန့် ပုံးပြာ (၆)လုံး ခပ်ထုတ်ခြင်း ဖြစ်ပါသည်။ ၎င်းစွန့်ပစ်ရေများအား လုပ်ကွက်အတွင်း မီးစက်များ အအေးခံရေအဖြစ်လည်းကောင်း၊ အင်းသားများမှလည်းကောင်း သုံးစွဲနေခြင်း ဖြစ်ပါသည်။ မြေအောက်စိမ့်ထွက်ရေအရည်အသွေးမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်အတိုင်းသာ ရှိပါသည်။

Mine Drainage Water Assay Result (YMT-256)

Parameter	Unit	Effluents Level	YMT-256
pH		6~9	6.4
Iron (Fe)	mg/l	2	0.75
Suspended Solid	mg/l	50	52
Lead	mg/l	0.2	Nil
Arsenic	mg/l	0.1	Nil
Zinc	mg/l	0.5	Nil
Copper	mg/l	0.3	Nil
Cyanide	mg/l	0.07	Nil
COD	mg/l	35	32
BOD	mg/l	150	10

<u>တိုင်းတာစစ်ဆေးမည့်ကာလ</u>

(၈-၂) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်ကာလ၊ ပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် တိုင်းတာစစ်ဆေးမည် ဖြစ်ပါသည်။ အကြိမ်အရေအတွက်နှင့် ခာတ်ခွဲစမ်းသပ်မည့် parameters များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နမူနာ	စစ်ဆေးမည့်အချက်	အကြိမ်ရေ
သတ္တုတွင်းစွန့်ပစ်ရေ	pH	နေ့စဉ်
	pH & Base Metal Impurities	လစဉ်
	Effluent Levels Parameters	လေးလ တစ်ကြိမ် ISO လက်မှတ်ရ ဓာတ်ခွဲခန်းတွင် စမ်းသပ်ရန်

<u>နမူနာကောက်ယူစစ်ဆေးမည့်နေရာ</u>

(၈-၃) YMT-256 လုပ်ကွက်အတွင်း မြေအောက်စိမ့်ထွက်ရေ ထွက်ရှိသည့် စိုက်ကျင်း(Vertical Shaft)မှ ရေနမူနာအား ကောက်ယူ စစ်ဆေးပါမည်။

<u>စံချိန်စံညွှန်း</u>

(၈-၄) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်-စွန့်ပစ်အရည် (Effluent Levels)အရည်အသွေး

စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)

Parameter	Unit	Guideline Value
Arsenic	mg/l	0.1
Cadmium	mg/l	0.05
Chemical oxygen demand	mg/l	150
Chromium (hexavalent)	mg/l	0.1
Copper	mg/l	0.3
Cyanide	mg/l	1
Cyanide (free)	mg/l	0.1
Cyanide (weak acid dissociable)	mg/l	0.5
Iron (total)	mg/l	2
Lead	mg/l	0.2
Mercury	mg/l	0.002
Nickel	mg/l	0.5
pH	S.U.[a]	6-9
Temperature	°C	<3 degree differential
Total suspended solids	mg/l	50
Zinc	mg/l	0.5

[a] Standard unit

<u>အဖွဲ့အစည်း</u>

(ဂ-၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ခံကြီးကြပ်၍ အင်းများလုပ်ငန်းကြီးကြပ်ရေး အဖွဲ့မှ ဆောင်ရွက်ပါမည်။

<u>အရေးယူဆောင်ရွက်ခြင်း</u>

(ဂ-၆) သတ္တုတွင်းစိမ့်ထွက်ရေထွက်ရှိမှုများအား ထွက်ရှိမှုပမာဏ၊ ရေအရည်အသွေးများအား မှတ်တမ်းထားရှိပါမည် ဖြစ်ပါသည်။ အထက်ဖော်ပြပါအတိုင်း ရေနမူနာများ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပြီး၊ နေ့စဉ်၊ လစဉ် နှင့် လေးလတစ်ကြိမ် တိုင်းတာ စစ်ဆေးရာတွင် အထက်ဖော်ပြပါ အပိုဒ်(၁၀)၊ အပိုဒ်ခွဲ(ဂ-၂)ပါ အကြိမ်အရေအတွက်နှင့် တိုင်းတာစစ်ဆေးမည့် parameters များ၊ လေးလတစ်ကြိမ် တိုင်းတာ စစ်ဆေးရာတွင် အပိုဒ်(၁၀)၊ အပိုဒ်ခွဲ(ဂ-၄)ပါ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များအတိုင်း စစ်ဆေးမည် ဖြစ်ပါသည်။ စက်ကရိယာ အအေးခံသည့်ရေများနှင့် စွန့်ပစ်ရေများအား တိုက်ရိုက် စွန့်ပစ်ခြင်းမပြုဘဲ ရေဆိုးကန်တည်ဆောက်၍ စစ်ဆေးပြီးမှ စွန့်ပစ်မည် ဖြစ်ပါသည်။ စွန့်ပစ်ရေများမှာ ချဉ်ဖန်ဓာတ်ပြောင်းလဲမှုရှိခြင်း၊ စက်ကရိယာ အအေးခံရေများမှ စက်သုံးဆီများ ပါဝင်ခြင်းရှိပါက ရေဆိုးကန်အတွင်းတွင် စွန့်ပစ်ရေများအား သန့်စင်ပြီးမှ စွန့်ပစ်ရန် စီမံဆောင်ရွက်မည် ဖြစ်ပါသည်။

လေထုအရည်အသွေး

(ဃ) သတ္တုတူးဖော်မှုလုပ်ငန်းအဆင့်တွင် ယမ်းခွဲခြင်း၊ သတ္တုရိုင်းများ၊ စွန့်ပစ်မြေစာများ သယ်ယူခြင်း၊ စုပုံခြင်း၊ စွန့်ပစ်ခြင်း၊ ကြိတ်ခွဲခြင်း၊ သတ္တုသန့်စင်မှုလုပ်ငန်းအဆင့်တွင် ပြဒါးစုရွှေမှ ရွှေစင်ထုတ်ယူခြင်း လုပ်ငန်းအဆင့်ဆင့်တွင် ဖုန်မှုန့်များ ထွက်ရှိခြင်း၊ ဓာတ်ငွေ့များ ထွက်ရှိခြင်းတို့ကြောင့် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသ၏ လေထုအရည်အသွေးအား ညစ်ညမ်းစေနိုင်ပါသည်။ ရွှေအသေးစားတူးဖော် ထုတ်လုပ်ရေးလုပ်ကွက်(YMT-256)တွင် ရွှေသတ္တုတူးဖော်ရာ၌ မြေအောက်တူးဖော်မှု နည်းစနစ်ကို အသုံးပြုတူးဖော်ခြင်း၊ အဓိကလူအင်အားသုံးစွဲ၍ အသေးစားတူးဖော်မှု လုပ်ငန်းများသာ ဆောင်ရွက်ခြင်း၊ စက်ယန္တရားကြီးများ သုံးစွဲမှုမရှိခြင်း တို့ကြောင့် လေထုညစ်ညမ်းမှု လျော့နည်းမည်ဖြစ်ပါသည်။ လုပ်ကွက်အတွင်းအသေးစား ဆောင်ရွက်နေ

ခြင်းကြောင့် လေထုညစ်ညမ်းမှုအခြေအနေမှာ ဆက်စပ်ဒေသများသို့ သက်ရောက်မှု မရှိနိုင်သော်လည်း လုပ်ကွက်အတွင်း လေထုညစ်ညမ်းမှုမှာ ကုမ္ပဏီ ဝန်ထမ်းများ နှင့် အကျိုးတူဆောင်ရွက်နေသောအင်းသားများအား အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါများ ရရှိစေနိုင်မည် ဖြစ်ပါသည်။ ထို့အပြင်သဘာဝသစ်ပင်များပေါ်ရောက်မှု၊ ဂေဟာစနစ်များအပေါ်တွင် ထိခိုက်မှု ရှိနိုင်ပါသည်။ လေထုအရည်အသွေးတိုင်းတာ စစ်ဆေးခြင်း နှင့် ကြိတ်ခွဲခြင်းအဆင့်မှ ထွက်ရှိသော ဖုန်မှုန့်ပျံ့လွင့်မှုအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးရန် လိုအပ်ပါသည်။

<u>စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်ကာလ</u>

(၁) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်ကာလ၊ ပိတ်သိမ်းသည့်ကာလ နှင့် ပိတ်သိမ်းပြီးကာလများတွင် တိုင်းတာစစ်ဆေးမည် ဖြစ်ပါသည်။

<u>နေရာ</u>

(၂) YMT-256 လုပ်ကွက်အတွင်း ရုံးအဆောက်အဦး၊ ဝန်ထမ်းအဆောက်အဦး၊ ပြဒါးစုရွှေ မီးဖုတ်၊ ကြိုချက်သည့်နေရာနီးတို့ တွင် တိုင်းတာ စစ်ဆေးမည် ဖြစ်ပါသည်။

<u>စံချိန်စံညွှန်း</u>

(၃) လေထုအရည်အသွေးတိုင်းတာစစ်ဆေးရာတွင် ကာဗွန်မိုနော့ဆိုဒ် (CO)၊ နိုက်ဒြိုဂျင် ဒိုင်အောက်ဆိုဒ်(NO_2)၊ နိုက်ထရပ်စ်အောက်ဆိုဒ်(NO)၊ ဆာလ်ဖာဒိုင် အောက်ဆိုဒ် (SO_2)၊ အမှုန်အမွှား (PM_{10})၊ အမှုန်အမွှား($PM_{2.5}$) တို့အား တိုင်းတာ စစ်ဆေးမည် ဖြစ်ပါသည်။ ထို့အတူ ပြဒါးစုရွှေမှ ရွှေစင်ထုတ်ယူရာမှ ထွက်ရှိသော လေထုအတွင်း ပြဒါးငွေ့ပါဝင်မှုအား EQEG ပါ အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းအတွက် ပြဒါးထုတ်လွှတ်မှု အခိုးအငွေ့အဆင့်သတ်မှတ်ချက် (0.02)mg/Nm3 ထက် မကျော်လွန်စေရေးအတွက် စီမံဆောင်ရွက်သွားပါမည်။

Parameter (avg. hrs)	CO (ppb) 8hrs.	NO_2 (ppb) 1hr.	NO (ppb) 1hr.	PM_{10} ($\mu g/m^3$) 24hrs.	PM2.5 (µg/m3) 24hrs.	SO_2 (ppb) 1hr.
Standards	9(ppm)	100	100	50	25	75

National Ambient Air Quality Standards (NAAQS)

National Ambient Air Quality Standards (NAAQS)

Pollutant [final rule cite]		Primary/ Secondary	Averaging Time	Level	Form
Carbon Monoxide [76 FR 54294, Aug 31, 2011]		primary	8-hour	9 ppm	Not to be exceeded more than once per year
			1-hour	35 ppm	
Lead [73 FR 66964, Nov 12, 2008]		primary and secondary	Rolling 3 month average	$0.15\ \mu g/m^3$ [1]	Not to be exceeded
Nitrogen Dioxide [75 FR 6474, Feb 9, 2010] [61 FR 52852, Oct 8, 1996]		primary	1-hour	100 ppb	98th percentile of 1-hour daily maximum concentrations, averaged over 3 years
		primary and secondary	Annual	53 ppb [2]	Annual Mean
Ozone [73 FR 16436, Mar 27, 2008]		primary and secondary	8-hour	0.075 ppm [3]	Annual fourth-highest daily maximum 8-hr concentration, averaged over 3 years
Particle Pollution Dec 14, 2012	$PM_{2.5}$	primary	Annual	$12\ \mu g/m^3$	annual mean, averaged over 3 years
		secondary	Annual	$15\ \mu g/m^3$	annual mean, averaged over 3 years
		primary and secondary	24-hour	$35\ \mu g/m^3$	98th percentile, averaged over 3 years
	PM_{10}	primary and secondary	24-hour	$150\ \mu g/m^3$	Not to be exceeded more than once per year on average over 3 years
Sulfur Dioxide [75 FR 35520, Jun 22, 2010] [38 FR 25678, Sept 14, 1973]		primary	1-hour	75 ppb [4]	99th percentile of 1-hour daily maximum concentrations, averaged over 3 years
		secondary	3-hour	0.5 ppm	Not to be exceeded more than once per year

<u>အဖွဲ့အစည်း</u>

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ခံကြီးကြပ်၍ အင်းများ လုပ်ငန်း ကြီးကြပ်ရေး အဖွဲ့မှ ဆောင်ရွက်ပါမည်။

<u>အရေးယူဆောင်ရွက်ခြင်း</u>

(၅) လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသတို့၏ လေထုအရည်အသွေးအား သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးအတွက် ဆောင်ရွက်ပါမည်။

ဝန်ထမ်း၊ ဒေသခံများ၊ အပင်များ၊ တိရိစ္ဆာန်များ၊ စိုက်ပျိုးပင်များအား အမှုန် အမွှားများကြောင့် ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်မည် ဖြစ်ပါ သည်။ သတ္တုရိုင်းများ ကြိတ်ခွဲခြင်း၊ သယ်ယူခြင်း၊ စုပုံခြင်း၊ စွန့်ပစ်မြေစာများ စွန့်ပစ်ခြင်း၊ မြေသားလုပ်ငန်းများ ဆောင်ရွက်ခြင်း တို့ကြောင့် ထွက်ရှိမည့် ဖုန်မှုန့်ပျံ့လွင့်မှုများအား တိုင်းစစ်ဆေးခြင်း၊ ဖုန်မှုန့် ပျံ့လွင့်မှုလျော့နည်းစေရေး အတွက်ဆောင်ရွက်ခြင်း၊ ဖုန်မှုန့်ပျံ့လွင့်မှု အား ရုံး၊ ကြိတ်ခွဲရုံ၊ လမ်းမများတွင် တိုင်းတာစစ်ဆေးပြီး 36 to 180 gm / m^2 /month အတွင်း ထိန်းသိမ်း ဆောင်ရွက်ပါမည်။ မိုးရာသီကာလမှ အပ လစဉ်တိုင်းတာပါမည်။

စွန့်ပစ်ပစ္စည်းများစောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်

(င) YMT-256 လုပ်ကွက်မှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများမှာ စွန့်ပစ်ကျောက်များ၊ စွန့်ပစ်မြေစာများနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ထွက်ရှိပါသည်။ စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်နိုင်ချေရှိသော ထိခိုက်မှုများမှာ ရေအရင်းအမြစ်များ ညစ်ညမ်းစေခြင်း၊ လူမှုဝန်းကျင်နှင့် သတ္တဝါ မျိုးရင်းများတို့အား အန္တရာယ်ဖြစ်စေခြင်း၊ စွန့်ပစ်ကျောက်ပုံများမှ မြင်ကွင်းများ အကျည်းတန်စေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

<u>စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်ကာလ</u>

(၁) လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သည့်ကာလ၊ ပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် စွန့်ပစ်မြေစာပုံများ ခိုင်မြဲမှု၊ တိုက်စားမှု၊ အပင်များစိုက်ပျိုးမှု၊ ထွက်ရှိမှုပမာဏနှင့် ပတ်ဝန်းကျင် ထိခိုက်မှုအခြေအနေများအား အပတ်စဉ် စောင့်ကြပ် ကြည့်ရှု စစ်ဆေးပါမည်။

<u>နေရာ</u>

(၂) စွန့်ပစ်ကျောက်ပုံများ၊ စွန့်ပစ်မြေစာကန်များနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သည့်နေရာများအား ကြည့်ရှု စစ်ဆေးပါမည်။

<u>အဖွဲ့အစည်း</u>

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ခံကြီးကြပ်၍ အင်းများလုပ်ငန်းကြီးကြပ်ရေး အဖွဲ့မှ ဆောင်ရွက်ပါမည်။ စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုများအား မှတ်တမ်းပြုစုခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုများအား အစီရင်ခံတင်ပြ၍ အတည်ပြုချက်ဖြင့် ပြုပြင်ဆောင်ရွက် လုပ်ငန်းများ ဆောင်ရွက်ရပါမည်။

<u>အရေးယူဆောင်ရွက်ခြင်း</u>

(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အစီအမံများ ချမှတ်ဆောင်ရွက်ထားမည် ဖြစ်ပါသည်။

စွန့်ပစ်ကျောက်ပုံများ ပြိုကျခြင်း၊ တိုက်စားခြင်းများ မရှိစေရေးအတွက် အဆင့်များဖော်ခြင်း၊ အမြင့်သတ်မှတ် ပုံခြင်း၊ မြေစာပုံဟောင်းများတွင် အပေါ်ယံနှင့် ဘေးနံရံများ သစ်ပင်များနှင့် မြေထိန်းမြက်များ စိုက်ပျိုးခြင်းတို့အား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

စွန့်ပစ်ကျောက်များအား တူးဖော်ပြီးလိုဏ်ခေါင်းများအတွင်း ပြန်လည် ဖြည့်တင်းမည် ဖြစ်ပါသည်။

စွန့်ပစ်မြေစာကန်များ တည်ဆောက်ရာ စွန့်ပစ်ရေများ စိမ့်ထွက်မှု မရှိစေရေး အတွက် စီမံဆောင်ရွက်ခြင်း၊ သတ္တုသန့်စင်ခြင်းလုပ်ငန်းမှ ဓာတ်ဆေးပါ စွန့်ပစ်ရေများအား ပြင်ပသို့ (လုံး၀)စွန့်ပစ်ခြင်းမပြုဘဲ အနည်ထိုင်ကန်များ တည်ဆောက်၍ ရေကြည်များအား ပြန်လည် အသုံးပြုမည် ဖြစ်ပါသည်။

စွန့်ပစ်မြေစာပြည့်သွားသော စွန့်ပစ်ကန်များအတွင်း မြေဆွေးများ ထည့်၍ သစ်ပင်များ စိုက်ပျိုးမည် ဖြစ်ပါသည်။

အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်း

(စ) YMT-256 ရွှေလုပ်ကွက်၌ သတ္တုသန့်စင်ရာတွင် အလေးစီးသတ္တုသန့်စင်ခြင်း (မျောလောင်း)နည်းဖြင့် ဆောင်ရွက်ခြင်းဖြစ် ဓာတ်ဆေးများ သုံးစွဲမှုမရှိပါ၊ အန္တရာယ် ဖြစ်စေသောစွန့်ပစ်ပစ္စည်းအနေဖြင့် မီးစက်၊ လေစက်၊ ရေစုပ်စက်များတွင် အသုံးပြု သော စက်သုံးဆီဟောင်းများ၊ ယမ်းထုတ်ပိုး ပစ္စည်းများနှင့် ပြဒါးထုတ်ပိုးပစ္စည်းများ သာ ရှိပါသည်။ ယင်းစွန့်ပစ်ပစ္စည်းများ ကြောင့် ဖြစ်နိုင်ချေရှိသော ထိခိုက်မှုများမှာ မြေဆီလွှာညစ်ညမ်းခြင်း၊ ရေအရင်း အမြစ်များ ညစ်ညမ်းစေခြင်း၊ လူမှု၀န်းကျင်နှင့် သတ္တ၀ါမျိုးရင်းများ တို့အား အန္တရာယ်ဖြစ်စေခြင်းတို့ ဖြစ်ပါသည်။

<u>စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်ကာလ</u>

(၁) လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သည့်ကာလ၊ ပိတ်သိမ်း သည့် ကာလနှင့် ပိတ်သိမ်းပြီး ကာလများတွင် အန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်း ထွက်ရှိမှုပမာဏနှင့် စွန့်ပစ်ထားမှုအခြေအနေ၊ ပတ်၀န်းကျင် ထိခိုက်မှုအခြေအနေများအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးပါမည်။

<u>စစ်ဆေးမည့်နေရာ</u>

(၂) အန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်း ထွက်ရှိနိုင်သည့် ယမ်း တိုက်၊ စက်ကရိယာအသုံးပြုသည့်နေရာများ၊ ဆီသိုလှောင်ရုံ နေရာများ၊ စွန့်ပစ်သည့်နေရာများအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးပါမည်။

<u>အရေးယူဆောင်ရွက်ခြင်း</u>

(၃) စက်သုံးဆီဟောင်းများအား အသုံးပြုနိုင်သ၍ ပြန်လည် အသုံးပြုခြင်း၊ ယမ်းနှင့်ဆက်စပ် စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာ အင်းပိုင်များနှင့် အင်းစောင့်ကြပ် ကြည့်ရှု စစ်ဆေးသည့်အဖွဲ့ အစီအမံအဖြစ် ဖျက်ဆီး ခြင်း၊ သုံးမရတော့သည့် စက်သုံးဆီဟောင်းများအား အမည်များ ကပ်၍ စနစ်တကျ တည်ဆောက်ထားသည့် စွန့်ပစ်ကန်တွင် ပေပါများ ဖြင့် စွန့်ပစ်ခြင်းတို့ ဆောင်ရွက်ပါမည်။ ပြဒါးနှင့်ဆက်စပ်သည့် စွန့်ပစ်ပစ္စည်းများများအား Chemical Safety Law (2013)ပါ အချက်များအတိုင်းလိုက်နာ စွန့်ပစ်ခြင်း တို့အား ဆောင်ရွက်ပါမည်။ အန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ ၏ အဝင်၊ သုံးစွဲမှု၊ စွန့်ပစ်မှု စာရင်းများပြုစုထားရှိခြင်း၊ သုံးစွဲမှုအား အနည်းဆုံးဖြစ်စေရေးအတွက် စီမံခြင်းတို့အား ဆောင်ရွက်ပါမည်။

ဂေဟာစနစ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

(ဆ) ပန်းတောင်ဒေသအတွင်း အပင်များနှင့် သတ္တဝါမျိုးရင်းများ ပျောက်ကွယ်မှု မရှိစေရေးအတွက် လုပ်ကွက်တည်ရှိရာ ပန်းတောင်ဒေသကို ပြန်လည်ပြုစု ပျိုးထောင်ရမည်ဖြစ်ပါသည်။ သတ္တုပိတ်သိမ်းသည့်အခါတွင် အစားထိုး ပေါက်ရောက်နေသော ပေါင်းပင်များကို ရှင်းလင်းပြီး ဆုံးရှုံးသွားသော သဘာဝအပင်များအား ပြန်လည်စိုက်ပျိုးပေးရမည် ဖြစ်ပါသည်။

<u>စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်ကာလ</u>

(၁) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်ကာလ၊ သတ္တု ပိတ်သိမ်းမည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် ကြည့်ရှု စစ်ဆေးရမည် ဖြစ်ပါသည်။

<u>နေရာ</u>

(၂) လုပ်ကွက်အတွင်း မြေယာအသုံးပြုထားသည့်နေရာများ၊ လုပ်ကွက် အတွင်း သဘာဝပေါက်ပင်များ ပေါက်ရောက်နေသည့် နေရာများ၊ အစားထိုးစိုက်ပျိုးထားသည့်နေရာများ၊

<u>ဆောင်ရွက်မည့်အဖွဲ့အစည်း</u>

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ခံ ကြီးကြပ်၍ စိုက်ပျိုးရေးအဖွဲ့မှ စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည် ဖြစ်ပါ သည်။

<u>အရေးယူဆောင်ရွက်ခြင်းနှင့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်း</u>

(၄) လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များ၊ အပင်မျိုးရင်းများထိန်းသိမ်း ကာကွယ်ခြင်း၊

ပေါင်းပင်များ ပေါက်ရောက်မှုအား ရှင်းလင်းခြင်း၊

ဒေသရင်း၊ အပင်မျိုးရင်းများ မျိုးပွားခြင်းနှင့် ဂေဟစနစ်ကို ထိန်းသိမ်း ကာကွယ်ခြင်း၊

ကျူးကျော်ရောက်ရှိလာသော အပင်မျိုးရင်း များအား စစ်ဆေးခြင်းကို လစဉ်စစ်ဆေးပါမည်။

ကျူးကျော်ပေါက်နေသော အပင်မျိုးရင်းများ ပေါက်ရောက်တတ်သည့် နေရာများအား စာရင်းပြုစု မှတ်သားထားပါမည်။

လူမှုဝန်းကျင်အပေါ်ထိခိုက်မှုအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်း

(၅) ပြည်ထောင်စုသားကုမ္ပဏီ၏ ပန်းတောင်ဒေသရှိ ရွှေအသေးစားတူးဖော်ရေး လုပ်ကွက်များ အနီးတည်ရှိသော ပန်းတောင်ကွက်ရပ်မှ အချို့မိသားစုမှာ ကွက်ရပ်တွင်း ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချပြီး ကျန်(၂၀၀)ဦးခန့်မှာ အင်းပိုင်နှင့် အင်းသားများဖြစ်ပြီး YMT-255, 256, 257 လုပ်ကွက်များအတွင်း ကုမ္ပဏီအင်းများတွင် အကျိုးတူရွှေတူးဖော်နေခြင်းနှင့် ၎င်းတို့ပိုင် အင်းများတူးဖော်၍ကုမ္ပဏီနှင့် အကျိုးတူးဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ကုမ္ပဏီ အုပ်ချုပ်ရေးအဖွဲ့မှ ၎င်းဒေသခံများ၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ ကျန်းမာရေးကိစ္စရပ်များအား စောင့်ကြပ် ကြည့်ရှု အကူညီပေးဆောင်ရွက်လျက် ရှိပါသည်။ စီမံကိန်းကာလ တစ်လျှောက်နှင့် ပိတ်သိမ်းသည့်ကာလ တစ်လျှောက် ကြည့်ရှု စောင့်ရှောက်ပေးမည် ဖြစ်ပါ သည်။

မြေယာအသုံးချမှု

(ဈ) ရွှေအသေးစားလုပ်ကွက်အတွင်း လမ်းများဖောက်ခြင်း၊ အုပ်ချုပ်မှုနှင့် စက်မှုဆိုင်ရာ အဆောက်အဦးများ တည်ဆောက်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ စွန့်ပစ်မြေစာစွန့်ပစ်ခြင်း၊ စွန့်ပစ်ရေကန်များ တည်ဆောက်ခြင်းနှင့် အထွေထွေလုပ်ငန်းများအတွက် မြေယာအသုံးချမှု များကြောင့် ပတ်ဝန်းကျင် ထိခိုက်ခြင်းအချက်များအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည် ဖြစ်ပါသည်။

<u>ကာလ</u>

(၁) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်ကာလ၊ သတ္တုတွင်းပိတ်သိမ်းသည့်ကာလ၊ ပိတ်သိမ်းပြီးကာလများတွင် ထိခိုက်မှုများအားကြည့်ရှု စစ်ဆေးမည် ဖြစ်ပါသည်။

<u>နေရာ</u>

(၂) လုပ်ကွက်အတွင်း မြေယာအသုံးချထားသည့်နေရာများ၊

<u>အဖွဲ့အစည်း</u>

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ခံ၊ ကြီးကြပ်၍ အထောက်အကူပြုအဖွဲ့မှ ဆောင်ရွက်မည် ဖြစ်ပါသည်။

<u>အရေးယူဆောင်ရွက်မည့်လုပ်ငန်းများ</u>

(၄) ပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အနေဖြင့် အောက်ပါ အချက်များအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးရမည် ဖြစ်ပါသည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အချက်များမှာ -လုပ်ငန်းအလိုက်မြေယာအသုံးချမှုဧရိယာများအား စစ်ဆေးမှတ်တမ်း တင်ခြင်း၊

ပျက်စီးသွားသည့် သစ်တောသစ်ပင်အရေအတွက်များအား အစားထိုးပြန်လည် စိုက်ပျိုးရန်အတွက် စာရင်းပြုစုခြင်း၊

မလိုအပ်သည့်မြေနေရာများအား ပြုပြင်၍ သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊

အသုံးချထားသောမြေယာစာရင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုအခြေအနေ၊ ပြန်လည်ထူထောင်ပြီးသော မြေယာစာရင်း၊ ဆောင်ရွက်နေသည့် လုပ်ငန်းများအား လစဉ် စစ်ဆေး တင်ပြရမည် ဖြစ်ပါသည်။

အဖွဲ့အစည်းနှင့်ရန်ပုံငွေလျာထားချက်

၁၁။ ပြည်ထောင်စုသားကုမ္ပဏီ၏ အသေးစားရွှေထုတ်လုပ်ရေး လုပ်ကွက်(YMT-256)တွင် အသေးစားရွှေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် အောက်ဖော်ပြပါလုပ်ငန်းများ အား စီမံဆောင်ရွက်မည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ဒေသဖွံ့ဖြိုးရေး၊ စိန်းလန်းစိုပြေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ ဆောင်ရွက်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့အား မန်နေဂျာများ၊ ဌာနတာဝန်ခံများ၊ လုပ်ငန်းကြီးကြပ်များနှင့် လုပ်ကွက်တာဝန်ခံများဖြင့် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းအဖွဲ့များမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်းလုပ်ငန်းများအား လစဉ်အစီရင်ခံစာပြုစု၍ သက်ဆိုင်ရာသို့ တင်ပြအစီရင်ခံမည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့အား ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကြပ်မတ်စီမံဆောင်ရွက်မည် ဖြစ်ပါသည် -

(၁) သတ္တုတူးဖော်ရာမှ ထွက်ရှိသော စွန့်ပစ်မြေစာများကို သတ်မှတ်ထားသော နေရာများတွင် စနစ်တကျစွန့်ပစ်ခြင်း၊

(၂) သတ္တုတူးဖော်ရာမှထွက်ရှိသော အပေါ်ယံမြေဆွေးများအား သတ္တုတွင်းပိတ်သိမ်းရာတွင် သစ်ပင်များစိုက်ပျိုးရာ၌ အသုံးပြုရန်အတွက် စနစ်တကျစုပုံထားခြင်း၊

(၃) စွန့်ပစ်မြေစာများ၊ စွန့်ပစ်ကျောက်များအား တူးဖော်ပြီး ခေါင်းသားများအတွင်း ရှေ့စားနောက်ပစ်စနစ်ဖြင့် Back Filling ပြုလုပ်ခြင်း၊

(၄) စွန့်ပစ်မြေစာဖြည့်တင်းပြီး ကျင်းဟောင်းများအပေါ်တွင် မြေဆွေးများ ဖုံးအုပ်၍ သစ်ပင်များစိုက်ပျိုးခြင်း၊

(၅) အလေးစီးသန့်စင်ခြင်းလုပ်ငန်း(Sluicing)မှ ထွက်ရှိသောစွန့်ပစ်ရေများကို ပြင်ပသို့ စေလွှတ်ခြင်း မပြုစေဘဲ၊ စွန့်ပစ်မြေစာကန်နှင့် အနည်ထိုင်ကန်များတွင် အနည်ထိုင်စေပြီး ရေကြည်များအား သတ္တုရိုင်းများ အမှုန့်ကြိတ်ခြင်း လုပ်ငန်းနှင့် သတ္တုသန့်စင်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်မြေကန်များ ပြည့်သွားပါက အခြောက်ခံ၍ မြေညှိခြင်းနှင့် မြေဆွေးဖုံးအုပ်ပြီး ဒေသအပင်များ စိုက်ပျိုးခြင်း၊

(၆) သတ္တုရိုင်း(ပြုံး)များနှင့် စွန့်ပြစ်မြေစာများကို သယ်ယူပို့ဆောင်ရာတွင် ဖုန်မှုန့်ပျံ့လွင့်မှုမရှိစေရေးအတွက် သယ်ယူပို့ဆောင်ရေးလမ်းဘေး တစ်လျှောက်တွင် ဖုန်မှုန့်ပျံ့လွင့်မှုအား တိုင်းတာစစ်ဆေးခြင်း၊ သတ်မှတ်စံနှုန်း ထက်ကျော်လွန်ပါက ဖုန်မှုန့်ပျံ့လွင့်မှုကို လျော့ချရန်ဆောင်ရွက်ခြင်း၊

(၇) ယမ်းခွဲရာတွင် တုန်ခါမှုနှင့် ဆူညံသံအား သတ်မှတ်စံချိန်စံညွှန်းအတွင်း ရှိစေရေး အတွက် ဆောင်ရွက်ခြင်း၊

(၈) သတ္တုတွင်းဧရိယာနှင့် ဆက်စပ်နယ်မြေအတွင်း စိမ်းလန်းစိုပြေစေရေးအတွက် နှစ်ရှည်ပင်များအားစိုက်ပျိုးခြင်း၊

(၉) စွန့်ပစ်မြေစာပုံများ ပြိုကျမှုမရှိစေရေး နှင့် စိမ်းလန်းစိုပြေရေးအတွက် ဒေသပေါက်ပင်များ စိုက်ပျိုးခြင်း၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း

(ခ) သတ္တုတူးဖော်ခြင်း၊ သန့်စင်ခြင်း၊ စီမံကိန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်မည် ဖြစ်ပါသည် -

(၁) စီမံကိန်းဆိုင်ရာအဆောက်အဦးများ တည်ဆောက်ရာတွင် သစ်တောသစ်ပင် အနည်းဆုံးဖြစ်သည့်နေရာများနှင့် ရေဝေရေလဲ့နေရာများမှ လွတ်ကင်းသည့် နေရာများအား ရွေးချယ်တည်ဆောက်ခဲ့ပါသည်။

(၂) သတ္တုတူးဖော်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက် လျက် ရှိပါသည်။

(၃) သတ္တုတွင်းမှ ထွက်ရှိသည့် စွန့်ပစ်မြေစာများအား စနစ်တကျစုပုံထားရှိပြီး မြေညှိ၍ မြေဆွေးများထည့်ပြီး သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် တူးဖော်ပြီး ကျင်းများ၊ လိုဏ်ခေါင်းများအတွင်း ပြန်လည်ဖြည့်တင်းခြင်း လုပ်ငန်းများအား ဆောင်ရွက်မည် ဖြစ်ပါသည်။

(၄) သတ္တုသန့်စင်ခြင်းလုပ်ငန်းမှ ထွက်ရှိသော စွန့်ပစ်မြေစာများအား စွန့်ပစ်ကန် များဖြင့် စနစ်တကျ ထိန်းသိမ်းထားမည် ဖြစ်ပါသည်။

(၅) သန့်စင်မှုလုပ်ငန်းသုံးစွန့်ပစ်ရေများအား ပြင်ပသို့ စေလွှတ်ခြင်းမပြုဘဲ စွန့်ပစ်မြေစာကန်နှင့် အနည်ထိုင်ကန်များ တည်ဆောက်၍ စွန့်ပစ်ရေအား လုပ်ငန်းတွင် ပြန်လည်အသုံး ပြုရန် စီမံဆောင်ရွက်မည် ဖြစ်ပါသည်။

(၆) သတ္တုတူးဖော်ခြင်း၊ သယ်ယူခြင်း၊ စုပုံခြင်း၊ ကြိတ်ခွဲခြင်းတို့မှ ဖုန်မှုန့်ပျံ့လွင့်မှု အနည်းဆုံး ဖြစ်စေရေးအတွက် တိုင်းတာခြင်း၊ ရေဖြန်းခြင်း လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

(၇) ယမ်းခွဲခြင်းမှ ဆူညံသံ၊ တုန်ခါမှုများအား သတ်မှတ်စံညွှန်းများအတွင်း ရှိစေရေးအတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။

(၈) သတ္တုတူးဖော်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဘေးအန္တရာယ် ဖြစ်ပေါ်မှု မရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ ပညာပေး ဟောပြောပွဲ များ ပြုလုပ်ခြင်း၊ Safety Equipments များ ဝတ်ဆင်စေခြင်းတို့ ဆောင်ရွက် မည် ဖြစ်ပါသည်။

(၉) သတ္တုတွင်းနယ်မြေအတွင်း သဘာဝသစ်တောများအား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

(၁၀) ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် အစားထိုးအပင်များ စိုက်ပျိုးလျက် ရှိပါသည်။

(၁၁) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးလျက် ရှိပါသည်။

(၁၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလန်းများ ကောင်းမွန်စေရေးအတွက် ဒေသခံများအား အလုပ်အကိုင် ဦးစား ပေး ခန့်ထားလျက် ရှိပါသည်။

(ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များကို စီမံကိန်းကာလတစ်လျှောက် ဆောင်ရွက်မည် ဖြစ်ပြီး လစဉ် ရန်ပုံလျာထားမှုအဖြစ် ကျပ်(၂၀)သိန်း လျာထားသုံးစွဲမည် ဖြစ်ပါသည်။ ရေနမူနာများ ကောက်ယူ စစ်ဆေးခြင်း၊ ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာစစ်ဆေးခြင်း၊ စွန့်ပစ်မြေစာပုံများ ပြိုကျမှုမရှိစေရေးနှင့် စိမ်းလန်းစိုပြေရေးအတွက် မြေစာပုံ ဘေးနံရံများတွင် စိုက်ပျိုးခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်း စေရေးအတွက် Safety Equipments များထုတ်ပေးခြင်း စသဖြင့် လုပ်ငန်းကိစ္စရပ်များအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေ ကျခံသုံးစွဲမည် ဖြစ်ပါသည်။

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း

၁၂။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ ရွှေအသေးစားလုပ်ကွက်(YMT-255,256,257)တို့သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်။ ဝါးဖြူတောင် ကျေးရွာ အုပ်စု၊ ပန်းတောင်ဒေသတွင် တည်ရှိပါသည်။ လုပ်ကွက်နှင့်အနီးဆုံးတည်ရှိသော ကျေးရွာမှာ ပန်းတောင်ကျေးရွာဖြစ်ပြီး လုပ်ကွက်နှင့် (၂)မိုင်ခန့်ကွာဝေးပါသည်။ လုပ်ကွက်နှင့် လေးဖာလုံခန့် အကွာတွင် ပန်းတောင်ကွက်ရပ်ရှိပြီး ရမည်းသင်းဒေသမှ ရွှေတူးဖော်မှုလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ အဓိကနေထိုင်ပါသည်။ ကုမ္ပဏီမှ ပန်းတောင်လုပ်ကွက်(၃)ကွက်အတွင်း ရွှေအသေးစားတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီအနေဖြင့် သီးခြားဆောင်ရွက်ခြင်းမပြုဘဲ ကုမ္ပဏီ၊ အင်းပိုင်နှင့်အင်းသား သုံးဦးသုံးဖလှယ် အကျိုးတူဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ကုမ္ပဏီမှ မြေအောက်လှိုဏ်ခေါင်းများတူးဖော်၍ ၎င်းလှိုဏ်ခေါင်းများအတွင်း မျက်နှာပြင်များ ဖွင့်၍ ဒေသခံများအား တူးဖော်စေခြင်း၊ အင်းပိုင်များနှင့်အင်းသားများအစီအစဉ်ဖြင့် စိုက်ကျင်းများ တူးဖော်ခြင်း စသည်ဖြင့် ဒေသခံများအလုပ်အကိုင် ရရှိစေအတွက် အခွင့်အလန်းများ ရရှိအောင်

ဆောင်ရွက်ပေးလျှက် ရှိပါသည်။ ဒေသဖွံ့ဖြိုးရေးအနေဖြင့် မဖွံ့ဖြိုးသေးသောတောင်တန်းဒေသများ ရှိ ကျေးရွာများတွင် ရေရရှိရေးဆောင်ရွက်ပေးခြင်း၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ် ပြုပြင် ထိန်းသိမ်းပေးခြင်း၊ ကျေးလက်နေပြည်သူများ အသိအမြင် ကြွယ်ဝစေရန်နှင့် ဗဟုသုတရရှိစေရန် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ ကလေးသူငယ်များ စာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မား ရေးတို့အတွက် စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းပေးခြင်း၊ ကျောင်းဆရာ၊ ဆရာမများ ငှားရမ်းပေးခြင်း၊ စာသင်ခုံနှင့်စာရေးကိရိယာများ လှူဒါန်း ပေးခြင်း၊ ကျေးရွာများ မီးလင်းရေး အတွက် ရေအားလျှပ်စစ်များ ဆောင်ရွက်လှူဒါန်းပေးခြင်း၊ ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ပေး ခါ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျှက် ရှိပါသည်။ (၁၃.၂.၂၀၁၇)ရက်နေ့တွင် ရမည်းသင်းမြို့တွင် ဗိုလ်ချုပ်ကြေးရုပ်နှင့် ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံအား လှူဒါန်းထားပါသည်။ ပုံမှန် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာအတွင်းရှိလမ်းမကြီးအား ပြုပြင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် သာသနာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရှိရေး လုပ်ငန်းများအား ဆောင်ရွက်လျှက်ရှိပါသည်။ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများအား **နောက်ဆက်တွဲ (င)**ဖြင့် ပူးတွဲ တင်ပြ အပ်ပါသည်။

သဘာဝသစ်တောထိန်းသိမ်းခြင်းနှင့်စိမ်းလန်းစိုပြေရေးအတွက်ဆောင်ရွက်ခြင်း၊

(က) ပြည်ထောင်စုသားကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်။ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသရှိ ရွှေလုပ်ကွက် (YMT-256)တွင် ဓာတ်သတ္တုအသေးစား ခွင့်ပြုဧရိယာ(၂၀)ဧကဖြစ်ပါသည်။ လက်ရှိ အဆောက်အဦးများ၊ အင်းတဲများ၊ ကြိတ်ခုံများ၊ သတ္တုရိုင်းစုပုံသည့်နေရာများ နှင့် စွန့်ပစ်မြေစာပုံနေရာများမှာ စုစုပေါင်း (၆)ဧကခန့်သာရှိပြီး၊ ကျန်ဧရိယာများတွင် သဘာဝပေါက်ပင်များအား ထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးမှုအနေဖြင့် စိုက်ပျိုးရေး တာဝန်ခံ(၁)ဦးခန့်ထားပြီး၊ မြို့နယ်သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် စိုက်ပျိုးခြင်း ၏လုပ်ငန်းများအား ဆောင်ရွက်လျှက်ရှိပါသည်။ ပန်းတောင်ဒေသရှိ ရွှေ အသေးစားလုပ်ကွက်(၃)ကွက်တွင် ကျွန်းပင်ပေါက် (၃၅၀)ပင် စီ ပျိုးထောင် စိုက်ပျိုးခဲ့ပါသည်။ သစ်ပင်စိုက်ပျိုးမှုစီမံချက်အား (၁၄.၁.၂၀၁၄)ရက်တွင် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် မြို့နယ်သစ်တော ဦးစီးဌာန၊ ရမည်းသင်းမြို့တို့အား တင်ပြ၍ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ စိမ်းလန်းစိုပြေရေးဆောင်ရွက်မှုအား **နောက်ဆက်တွဲ**

(ဂ)ဖြင့် လည်းကောင်း၊ ကွန်းစိုက်ပျိုးရေး စီမံချက်အားနောက်ဆက်တွဲ (ဂ-၁) ဖြင့်လည်းကောင်း ပူးတွဲ တင်ပြအပ်ပါသည်။

မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာ

၁၃။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေ သတ္တုတူးဖော် ရေးလုပ်ကွက် (YMT-256)တွင် ရွှေသတ္တုတူးဖော်ရာ၌ စွန့်ပစ်မြေစာများအား သတ္တုပိတ်သိမ်းသည့်ကာလတွင် တူးဖော်ပြီး လှိုဏ်ခေါင်းများအား ပြန်လည်ဖြည့်တင်းရန် သိမ်းဆည်း ထားပါသည်။ ထပ်မံထွက်ရှိမည့် စွန့်ပစ် မြေစာများအား တူးဖော်ပြီးလှိုဏ်ခေါင်းများ ပြိုကျခြင်း မရှိစေရေးအတွက် လှိုဏ်ခေါင်းများအတွင်း ပြန်လည် ဖြည့်တင်းမည် ဖြစ်ပါသည်။ ထို့အတူ မိုင်းပိတ်သိမ်းခြင်းကာလတွင် တူးဖော်ထား သည့်ကျင်းဟောင်းအား မြေပြန်လည်ဖို့ခြင်း၊ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် လုံခြုံစွာ ပိတ်ဆို့ကာရန်ခြင်း၊ သတိပေးဆိုင်းဘုတ်များ ချိတ်ခြင်း၊ တူးဖော်ထားကန်များအား မြေစာဖို့၊ မြေညှိ၍ မြေဆွေးများ ဖုန်းအုပ်ကာ ဒေသပေါက်ပင်များ စိုက်ပျိုးခြင်း၊ မြေစာပုံများအား လမ်းခင်းခြင်း၊ ကျင်းများတွင်ဖို့ခြင်း စသည်ဖြင့် မြေစာပုံများအား ရှင်းလင်းခြင်း၊ တူးဖော်ထားသည့်ကန်များအား စွန့်ပစ်ကျောက်များ ဖြည့်ခြင်း၊ မြေညှိ မြေဆွေးဖုံးအုပ်၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ လုပ်ငန်းများဆက်လက် ဆောင်ရွက်ခြင်း မပြုပါက အဆောက်အဦးများ ပြန်လည်ဖျက်သိမ်းခြင်း၊ စက်ကိရိယာများပြန်လည် သိမ်းဆည်းခြင်း၊ လျှပ်စစ်ကြိုးများ ပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်းများ အား ခွင့်ပြုသက်တမ်း မကုန်မီကာလအတွင်း အပြီးသတ် ဆောင်ရွက်မည် ဖြစ်ပါသည်။ အဆောက်အဦး တည်ဆောက်ခြင်း၊ သတ္တုရိုင်းများစုပုံခြင်း စသည့်ဖြင့် အသုံးပြုခဲ့သည့် မြေနေရာများမှ မြေဆီလွှာ ပျက်စီးသွားသော မြေနေရာများအား ပြန်လည် ပြုပြင်ရာတွင် သင့်လျော်သောမြေယာ အသုံးချမှု တစ်ရပ် ဖော်ဆောင်နိုင်သည်အထိ စီမံဆောင်ရွက် မည် ဖြစ်ပါသည်။ ပိတ်သိမ်းပြီးကာလတွင်လည်း လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသအတွင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် မြေပေါ် မြေအောက်ရေများ ညစ်ညမ်းမှု၊ မြေဆီလွှာ ညစ်ညမ်းမှု ရှိ-မရှိသိရှိစေရန် စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည် ဖြစ်ပြီး ညစ်ညမ်းမှု ရှိပါက ပြုပြင်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ ဒေသခံအလုပ်သမားများအား ကုမ္ပဏီ၏ အခြားလုပ်ကွက်များတွင် ပြောင်းရွှေ့ခန့်ထားရေးအတွက် ၎င်းတို့၏ သဘောထားများရယူ ဆောင်ရွက်မည် ဖြစ်ပါသည်။ အထက်ဖော်ပြပါ မိုင်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သိန်း(၃၀၀) ကျပ်အား ရံပုံငွေအဖြစ် သတ်မှတ်ထားမည် ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းမည့် စီမံချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

သတ္တုတွင်းပိတ်သိမ်းမည့်စီမံချက်

စဉ်	ဆောင်ရွက်မည့်လုပ်ငန်း	သတ္တုပိတ်သိမ်းရန် စီမံဆောင်ရွက်မည့် လုပ်ငန်းများ			မှတ်ချက်
		ပိတ်သိမ်းမှု အကြိုကာလ	ပိတ်သိမ်းမည့် ကာလ	ပိတ်သိမ်းပြီး ကာလ	
၁။	ဘူမိ-ဓာတု ဆိုင်ရာအချက်အလက်များ လေ့လာခြင်း (က) ကျင်းအတွင်းမြေသားနံရံများ ခိုင်ခံမှု အခြေအနေ၊ (ခ) ကျင်းအတွင်း မြေအောက်ရေ စိမ့်ထွက်မှုနှင့် အရည်အသွေး၊ (ဂ) စွန့်ပစ်မြေစာများ၏ သတ္တုပေါင်းစပ်မှု အခြေအနေ၊	✓			
၂။	စွန့်ပစ်မြေစာများအား စနစ်တကျ စုပုံခြင်း	✓	✓		
၃။	အပေါ်ယံမြေဆွေးများ စုဆောင်ခြင်း	✓	✓		
၄။	တူးဖော်ပြီး ကျင်း၊ ဂလိုဏ်များအတွင်း စွန့်ပစ်မြေစာများ ဖြည့်ခြင်း	✓	✓		
၅။	အသုံးမပြုသော မြေနေရာများမှ သဘာဝ သစ်တောများအား ထိန်းသိမ်းခြင်း	✓	✓	✓	
၆။	လုပ်ငန်းပိုင်းဆိုင်ရာ အဆောက်အဦးများ ဖျက်သိမ်း		✓		
၇။	အသုံးပြုပြီးမြေနေရာများအား သင့်လျော်သော မြေယာအသုံးချမှု ပြုလုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း		✓		
၈။	သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊	✓	✓	✓	
၉။	ဖုန်မှုန့် ပျံ့လွင့်မှုတိုင်းတာစစ်ဆေးခြင်း၊	✓	✓	✓	

၁၀။	လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊	✓	✓	✓	
၁၁။	မြေပေါ်ရေနှင့်မြေအောက်ရေ အရည်အသွေးများ တိုင်းတာစစ်ဆေးခြင်း၊	✓	✓	✓	
၁၂။	သတ္တုတွင်းပိတ်သိမ်းမည့် လုပ်ငန်းအဆင့်ဆင့် အလိုက်ခန့်မှန်းကုန်ကျစရိတ်များ စိစစ်တွက်ချက်ထားမှု၊ ရန်ပုံငွေလျာထားမှု၊		✓	✓	

သုံးသပ်တင်ပြချက်

၁၄။ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေထုတ်လုပ်ရေးလုပ်ကွက်(YMT-256) တွင် အသေးစားရွှေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် မြေအောက်တူးဖော်မှု နည်းစနစ်ကို အသုံးပြုဆောင်ရွက်ခြင်း၊ တစ်နိုင်တစ်ပိုင်တူးဖော်ခြင်း၊ သတ္တုရိုင်းထုတ်လုပ်မှု နည်းပါးခြင်းတို့ကြောင့် အပေါ်ယံမြေသား ရှင်းလင်းရမှုနည်းခြင်း၊ စွန့်ပစ်မြေစာ ထွက်ရှိမှုနည်းခြင်း တို့ကြောင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုနည်းပါးခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ ယမ်းသုံးစွဲမှု ပမာဏထိန်းချုပ်ခြင်းဖြင့် လူမှုဝန်းကျင်အပေါ်ထိခိုက်စေနိုင်သည့် ဆူညံသံ၊ တုန်ခါမှုတို့ ဖြစ်ပေါ်ခြင်း မရှိကြောင်း သုံးသပ်ရရှိပါသည်။ မြေအောက်စိမ့်ထွက်ရေများမှာလည်း ထုံးကျောက်နှင့် သလင်းကျောက်များအတွင်းမှ ထွက်သည့်ရေများဖြစ်၍ ညစ်ညမ်းမှုမရှိကြောင်း သုံးသပ်တင်ပြ အပ်ပါသည်။ ထို့အပြင် စွန့်ပစ်ရေများအား ကြိတ်ခွဲခြင်းနှင့် မျောလောင်းခြင်းလုပ်ငန်းများတွင် ပြန်လည် အသုံးပြုမည်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအမံများ၊ စောင့်ကြပ် ကြည့်ရှု စစ်ဆေးသည့်အစီအမံများ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်၍ ပြည်ထောင်စုသားကုမ္ပဏီလီမိတက်၏ အသေးစားရွှေထုတ်လုပ် ရေးလုပ်ကွက်(YMT-256) တွင် အသေးစားရွှေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမှာ လျော့နည်းသက်သာစေမည်ဖြစ်ကြောင်းနှင့် ဒေသခံများအတွက် အလုပ်အကိုင် ရရှိခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူများရခြင်းတို့ကြောင့် နိုင်ငံတော်နှင့် ဒေသအား အကျိုးပြုနေသော လုပ်ငန်းဖြစ်ပါကြောင်း သုံးသပ်တင်ပြ အပ်ပါသည်။

အကြံပြုတင်ပြချက်

၁၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့်အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်း၍ ကတိကဝတ်ပါ အချက်များဖြစ်သော သတ္တုတူးဖော်ခြင်းနှင့် သန့်စင်ခြင်းအဆင့်မှ ထွက်ရှိသည့် စွန့်ပစ်မြေစာ၊

စွန့်ပစ်ရေများအား စနစ်တကျစွန့်ပစ်ခြင်း၊ စွန့်ပစ်မြေစာများနှင့် စွန့်ပစ်ရေများကြောင့် မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းမှု မရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း လုပ်ငန်းများအား စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကြိတ်ခွဲမှုအဆင့်မှ ဖုန်မှုန့်များကြောင့် လူမှုဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ဖုန်မှုန့်စုပ်စနစ်တပ်ဆင်ခြင်း၊ ဖုန်မှုန့်ပျံ့လွင့်မှုအား တိုင်းတာ စစ်ဆေးခြင်း လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဒေသခံများ အဓိက အသက်မွေးဝမ်းကြောင်းပြုနေသော လုပ်ငန်းဖြစ်သဖြင့် ရေရှည်စီမံကိန်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲအစီအစဉ်များအား စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

နိဂုံး

၁၆။ ပြည်ထောင်စုသားကုမ္ပဏီ၏ အသေးစားရွှေထုတ်လုပ်ရေးလုပ်ကွက် (YMT-256)တွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ ဖွဲ့စည်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအမံများ နှင့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးသည့် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်လျှက် ရှိပါသည်။ ကုမ္ပဏီ၏ အသေးစား ရွှေထုတ်လုပ်ရေးလုပ်ကွက်(YMT-256)အတွင်း သတ္တုတူးဖော်မှုနှင့် သန့်စင်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝသစ်တောများ ထိန်းသိမ်း ကာကွယ်ခြင်း၊ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများအား စနစ်တကျ စီမံဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် အသေးစားရွှေလုပ်ကွက်(YMT-256)၏ ပတ်ဝန်ကျင်စီမံခန့်ခွဲမှုအစီရင်ခံစာအား တင်ပြ အပ်ပါသည်။

ဦးဇော်ဝင်းသန်း

ညွှန်ကြားရေးမှူး(အငြိမ်းစား)

သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊

နောက်ဆက်တွဲ (က)

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်

မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသ

ရွှေအသေးစားတူးဖော်ရေးလုပ်ကွက်(YMT-256)

စီမံကိန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

ပုံ(၁) ပန်းတောင်ရွှေအသေးစားလုပ်ကွက် (YMT-256) အတွင်းရှိ ရုံးအဆောက်အဦး

ပုံ(၂) ပန်းတောင်ရွှေအသေးစားလုပ်ကွက် (YMT-256) အတွင်းရှိ ဝန်ထမ်းအိမ်ယာ

ပုံ(၃) ကြိတ်ခွဲစက်၊ အမှုန့်ကြိတ်စက်၊ မြောလောင်းခြင်းနှင့်ပြဒါးဖမ်းခြင်းလုပ်ငန်းများ
ဆောင်ရွက်အဆောက်အဦးများ တည်ဆောက်နေပုံ

ပုံ(၄) အသေးစားလုပ်ကွက် (YMT-256)၊ ဒေသခံများ၏ ဆင်းကျင်း(Vertical Shaft)

ပုံ(၅) အသေးစားလုပ်ကွက် (YMT-256)၊ ဒေသခံများ၏ ဆင်းကျင်း(Vertical Shaft)

ပုံ(၆) ကုမ္ပဏီခွဲတမ်းရ ဖြုံးအိတ်များအား ရွှေထုတ်ရန် စုံပုံသိမ်းထားဆည်းထားပုံ

ပုံ(၇) ကုမ္ပဏီခွဲတမ်းရ ဖြုံးအိတ်များအား ရွှေထုတ်ရန် သိမ်းထားပုံ

ပုံ(၈) YMT-256 လေးပင်ကျင်း(Vertical Shaft)မှ ထွက်ရှိသည့် စွန့်ပစ်ကျောက်များ

ပုံ(၉) ကုမ္ပဏီ၊ အင်းပိုင်နှင့်အင်းသားအစုခွဲရန် ဖြိုးများအား ကြိတ်ခွဲနေပုံ

ပုံ(၁၀) သတ္တုရိုင်း အမှုန့်ကြိတ်စက်များ (Pulverizers)

ပုံ(၁၁) ပြုံးအိတ်သိုလှောင်ရာနေရာနှင့် အမှုန့်ကြိတ်ခုံ

ပုံ(၁၂) မျှောလောင်းရာမှထွက်ရှိသော စွန့်ပစ်မြေကန်နှင့် စွန့်ပစ်ရေအနည်ထိုင်ကန်

ပုံ(၁၃) ပြဒါးစုထုတ်ယူရန်အတွက် အင်းဝိုင်းလှည့်မည့်ကန် တည်ဆောက်ထားပုံ

ပုံ(၁၄) လုပ်ကွက်အတွင်းအသုံးပြုသော မီးစက်၊ ရေစက်များ

ပုံ(၁၅)YMT-256 ရုံးအဆောက်အဦးရှေ့ လေထုအရည်အသွေး တိုင်းတာ စစ်ဆေးနေပုံ

ပုံ(၁၆)YMT-256 မြေအောက်ရေနမူနာကောက်ယူစစ်ဆေးသည့်နေရာ

ပုံ(၁၇) YMT-256 လုပ်ကွက်၊ ရုံးနှင့်ဝန်ထမ်းလိုင်းခန်းအနီး ဖုန်မှုန့်ပျံ့လွင့်မှုတိုင်းတာနေပုံ

ပုံ(၁၈) စွန့်ပစ်မြေစာကန်နှင့် စွန့်ပစ်ရေအနည်ထိုင်ကန်

ပုံ(၁၉) လှို်ုအတွင်းမှ ရေများသိုလှောင်ကန်၊

ပုံ(၂၀) လျှိုအတွင်းမှ ရေများသိုလှောင်ကန်၊

ပုံ(၂၁) လျှိုအတွင်းမှ ရေများသိုလှောင်ကန်၊

ပုံ(၂၂) ရေဆိုးစွန့်ပစ်ကန်

နောက်ဆက်တွဲ (ခ)

ပြည်ထောင်စုသားကုမ္ပဏီ၏ ရွှေအသေးစားတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှုမှ ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှုအခြေအနေများ

ဆောင်ရွက်မည့်လုပ်ငန်း	ပတ်ဝန်းကျင်ထိခိုက်မှု	အကျိုးဆက်	ဖြစ်နိုင်ချေ	အန္တရာယ်	လျှော့ချမည့်နည်းလမ်း		မှတ်ချက်
					ဆောင်ရွက်မည့်လုပ်ငန်း	အချိန်ကာလ	
တည်ဆောက်ရေးကာလ							
• မြေနေရာရှင်းလင်းခြင်း၊ • လမ်းများဖောက်ခြင်း၊ • အုပ်ချုပ်မှုနှင့်စက်မှုဆိုင်ရာ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ • သတ္တုရိုင်းနှင့်စွန့်ပစ်မြေစာပုံ နေရာများ ပြင်ဆင်ခြင်း၊ • စွန့်ပစ်မြေစာကန်၊ အနည်ထိုင်ကန်များ တည်ဆောက်ခြင်း၊	သစ်တောသစ်ပင်ပြုန်းတီးခြင်း	၄	C	L	• အဆောက်အဦးများ တည်ဆောက်ရန် သစ်ပင်ပေါက်ရောက်မှု နည်းပါးသည့်မြေနေမျာအား ရွေးချယ်ခြင်း၊ • လိုအပ်မှု၏အနည်းဆုံးအရေအတွက်ကို တည်ဆောက်ခြင်း၊ • မြေထု၊ရေထု ညစ်ညမ်းမှုမရှိရန် မြေစာပုံများအား စနစ်တကျ ဒီဇိုင်းရေးဆွဲ တည်ဆောက်ခြင်း၊ • ကန်များတည်ဆောက်ရာတွင် မြေအောက်စိမ့်ခြင်း၊ လျှံကျခြင်းများမရှိစေရန် ဒီဇိုင်းရေဆွဲတည်ဆောက်ခြင်း၊ • စက်ယန္တရားလိုအပ်မှု အနည်းဆုံးသုံးခြင်း၊ ညအချိန်အသုံးမပြုခြင်း၊ • လုပ်ငန်းဆောင်ရွက်ချိန် လမ်းများတွင်ရေဖြန်းရန်၊ • အစားထိုးအပင်များ စိုက်ပျိုးခြင်း	စီမံကိန်းကာလ တစ်လျှောက် ဆောင်ရွက်ရန်၊	လုပ်ကွက်ဧရိယာမှာ ကျေးရွာ စိုက်ပျိုးမြေ ကာကွယ်တော ကင်းလွတ်ပါသည်။
	မြေဆီလွှာပြုန်းတီးခြင်း	၄	C	L			
	ဇီဝမျိုးစုံမျိုးကွဲဖြစ်ထွန်းမှုအနေအထားများ ပျက်ယွင်းခြင်း၊	၄	C	L			
	ဖုန်မှုန့်များထွက်ရှိ၍ လေထုညစ်ညမ်းခြင်း၊	၄	C	L			
	ဆူညံသံဖြစ်ပေါ်ခြင်း	၄	C	L			
	စိုက်ပျိုးမြေများဆုံးရှုံးခြင်း	-	-	-			
	ကာကွယ်တောများ ဆုံးရှုံးခြင်း	-	-	-			

နောက်ဆက်တွဲ (ခ)

ဆောင်ရွက်မည့်လုပ်ငန်း	ပတ်ဝန်းကျင်ထိခိုက်မှု	အကျိုးဆက်	ဖြစ်နိုင်ချေ	အန္တရာယ်	လျော့ချမည့်နည်းလမ်း		မှတ်ချက်
					ဆောင်ရွက် မည့်လုပ်ငန်း	အချိန်ကာလ	
လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊							
သတ္တုရိုင်းများတူးဖော်ခြင်း • လွန်တူးခြင်း၊ • ယမ်းခွဲခြင်း၊ • သတ္တုရိုင်းနှင့် စွန့်ပစ်မြေစာများ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း၊ • စုပုံခြင်း • စက်ကိရိယာများ အသုံးပြုခြင်း၊	ဆူညံသံ၊	၃	B	M	• စက်ကိရိယာများ အသုံးပြုခြင်းအား အနည်းဆုံးဖြစ်ရန် ဆောင်ရွက်ခြင်း၊ ညအချိန် အသုံးမပြုခြင်း၊ အသံထိန်းကရိယာ တပ်ဆင်ခြင်း • ယမ်းခွဲရာတွင် ယမ်းကန့်သတ်သုံးစွဲ၊ • လေတိုက်နှုန်းလာရား စစ်ဆေးခြင်း၊	စီမံကိန်းကာလ တစ်လျှောက် ဆောင်ရွက်ရန်၊	မြေအောက်လှိုဏ်ခေါင်းအတွင်း ယမ်းခွဲခြင်းဖြစ်၍ ဆူညံသံနှင့် တုန်ခါမှုနည်းပါသည်။
	တုန်ခါမှု၊	၄	B	M			
	ဖုန်မှုန့်များထွက်ရှိခြင်း၊	၃	A	M			
	လေထုညစ်ညမ်း၊	၄	C	L			
	မြေထုညစ်ညမ်း	၃	B	M	• စက်သုံးဆီများ ယိုဖိတ်မရှိစေရန် ဆောင်ရွက်ခြင်း၊ • ယိုဖိတ်မှုများအား ချက်ခြင်းသန့်ရှင်းစေရေးအတွက် ဆောင်ရွက်ခြင်း၊ • ဘေးအန္တရာယ်ရှိ ပစ္စည်းများအား ထားသိုမှုနှင့် စွန့်ပစ်မှုအား စနစ်တကျ ဆောင်ရွက်ခြင်း၊		
	ဟိုက်ဒြိုကာဗွန်ပါဝင်သော အန္တရာယ်ဖြစ်စေတတ်သည့် ဓာတုပစ္စည်းများ ယိုဖိတ်မှုနှင့်ယိုစိမ့်ခြင်း၊	၃	D	M			
• မြေအောက်စိမ့်ထွက်ရေ • စွန့်ပစ်ခြင်း၊	မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းခြင်း၊	၃	C	M	• အနည်ထိုင်ကန်များမှ တဆင့် စွန့်ပစ်ခြင်း၊ • လုပ်ငန်းတွင်အသုံးပြုခြင်း၊		အနက် မီတာ(၂၆၀)တွင် မြေအောက်ရေ ထွက်ရှိ/နည်း

နောက်ဆက်တွဲ (ခ)

ဆောင်ရွက်မည့်လုပ်ငန်း	ပတ်ဝန်းကျင်ထိခိုက်မှု	အကျိုး ဆက်	ဖြစ်နိုင် ချေ	အန္တရာယ်	လျှော့ချမည့်နည်းလမ်း		မှတ်ချက်
					ဆောင်ရွက် မည့်လုပ်ငန်း	လုပ်ငန်းဆောင် ရွက်မည့်အချိန်	
<u>လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊</u>							
<u>သတ္တုရိုင်းများကြိတ်ခွဲခြင်း</u>	ဖုန်မှုန့်များ ထွက်ရှိ၍ အင်းသားများ၏ ကျန်းမာရေးထိခိုက်ခြင်း လေထုညစ်ညမ်းခြင်း ဆူညံသံများ ထွက်ရှိခြင်း	၂ ၄	B C	M L	ကြိတ်ခွဲခြင်းအဆင့်တွင် ဖုန်စုပ်ပိုက်လိုင်းများ တပ်ဆင်ခြင်း၊ ဖုန်စစ်ကိရိယာတပ်ဆင်ခြင်း၊ နှာခေါင်းစီးများ ထုတ်ပေးခြင်း စက်ယန္တရားယားလိုအပ်မှုအနည်းဆုံး အရေအတွက်အား အသုံးပြုရန်၊	စီမံကိန်းကာလ တစ်လျှောက် ဆောင်ရွက်ရန်၊	
သတ္တုသန့်စင်ခြင်း (မျောလောင်းခြင်း)	မြေထုညစ်ညမ်းခြင်း၊	၂	B	M	စွန့်ပစ်မြေစာကန်များ အသုံးပြုခြင်း၊ စွန့်ပစ်ရေများ ပြန်လည်အသုံးပြုခြင်း၊		
	မြေပေါ်ရေ၊ မြေအောက်ရေ ညစ်ညမ်းနိုင်ခြင်း၊	၂	B	M			
<u>ပြဒါးဖမ်းခြင်း</u>	ပြဒါးငွေ့များ ထွက်ရှိ၍ ဝန်ထမ်းကျန်းမာရေးထိခိုက်စေနိုင်ခြင်း၊ လေထုမြေထုညစ်ညမ်းခြင်း	၄	C	M	ပြဒါးအငွေ့ဖမ်းကိရိယာများသုံးခြင်း၊ ကျွမ်းကျင်ဝန်ထမ်းအသုံးပြုခြင်း၊		

နောက်ဆက်တွဲ (ခ)

ဆောင်ရွက်မည့်လုပ်ငန်း	ပတ်ဝန်းကျင်ထိခိုက်မှု	အကျိုးဆက်	ဖြစ်နိုင်ချေ	အန္တရာယ်	လျော့ချမည့်နည်းလမ်း		မှတ်ချက်
					ဆောင်ရွက် မည့်လုပ်ငန်း	အချိန်ကာလ	
<u>သတ္တုပိတ်သိမ်းသည့်ကာလနှင့်ပိတ်သိမ်းပြီးကာလ</u>							
<u>ပိတ်သိမ်းပြီးကာလ ပတ်ဝန်းကျင် နှင့် လူမှုဝန်းကျင်အပေါ် ရေရှည်ထိခိုက်နိုင်သည့်အချက်များ</u> • လုပ်ငန်းရပ်နားခြင်း၊ • စွန့်ပစ်မြေစာပုံများ ပြိုကျတိုက်စားခြင်း၊ • မြေနေရာအသုံးချထားမှုမှ မြေဆီလွှာဆုံးရှုံးခြင်း၊ • မြင်ကွင်းများ ဆုံးရှုံးခြင်း	ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလန်းများ ဆုံးရှုံးခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်း၊ မြေပေါ်ရေ၊ မြေအောက်ရေ ညစ်ညမ်းခြင်း၊	၁ ၃ ၃	A B B	H M M	မြေလွတ်မြေရိုင်းများရှိ အစားထိုးစိုက်ခင်းများတွင် အလုပ်ခန့်ထားခြင်း၊ အခြားလုပ်ငန်းများတွင် ပြောင်းရွှေ့ခန့်ထားခြင်း၊ အသုံးပြုထားသောမြေနေရာများအား သင့်လျော်သော မြေယာအသုံးချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင်သည်အထိပြုပြင်ခြင်း၊ စွန့်ပစ်မြေစာပုံများအား တည်တံ့ခိုက်မြဲရေး နှင့် မြင်ကွင်းကောင်းမွန်စေရေးအတွက် ပြုပြင်ခြင်း၊ မြေဆီလွှာ၊ မြေပေါ်ရေ၊ မြေအောက်ရေညစ်ညမ်းမှုများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊	ပိတ်သိမ်းချိန် ပိတ်သိမ်းပြီး ကာလ	

နောက်ဆက်တွဲ (ခ)

အကျိုးဆက်အပေါ် အရည်အသွေးအလိုက်အတိုင်းအတာများ

အဆင့်	**ဖော်ပြသင့်သည့်အဆင့်**	**ပတ်ဝန်းကျင်ထိခိုက်မှုအခြေအနေ**
၁	ရေရှည်အကျိုးသက်ရောက်မည့်ထိခိုက်မှု	စီမံကိန်းပြင်ပသို့ပါ အကျိုးသက်ရောက်နိုင်ပြီး ရေရှည်ဆိုးကျိုးသက်ရောက်နိုင်သည်။
၂	အဓိကကျသော ထိခိုက်မှု	စီမံကိန်းပြင်ပသို့ပါ အကျိုးသက်ရောက်နိုင်သည်။
၃	အတော်အသင့်	ထိခိုက်မှုမှာ အချိန်တိုအတွင်း ဖြစ်ပေါ်ခြင်း ဖြစ်သော်လည်း မဖြစ်ပေါ်ရန် ထိန်းချုပ်ရမည့်ထိခိုက်မှု။
၄	သာမန်ထိခိုက်မှု	ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်။

ဖြစ်နိုင်ခြေရှိမှု အဆင့်

အဆင့်	**ဖော်ပြသည့်အဆင့်**	**ရှင်းလင်းချက်**
A	သေချာလုနီးပါးဖြစ်သော	အခြေအနေအတော်များများတွင် ဖြစ်ပေါ်ရန် မျှော်လင့်ရသည်။
B	ဖြစ်နိုင်ခြေရှိသော	အခြေအနေအတော်များများတွင် ဖြစ်ကောင်းဖြစ်နိုင်သည်။
C	ဖြစ်နိုင်သော	ဖြစ်နိုင်သည်။
D	ဖြစ်နိုင်ခြေမရှိသော	ဖြစ်နိုင်သည်၊ သို့သော်မျှော်လင့်မထားပါ။
E	ရှားပါးသော	ခြွင်းချက် အခြေအနေများတွင်သာ ဖြစ်ပေါ်ပါသည်။

ဘေးအန္တရာယ်ရှိမှုအဆင့်

အဆင့်	**ထိခိုက်နိုင်မှုအခြေအနေ**	**ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေ**
E	အလွန်အန္တရာယ်များ	ချက်ခြင်းအရေးယူဆောင်ရွက်ရန်လိုအပ်ပါသည်။
H	အန္တရာယ်အမြင့်ဆုံး	စီမံခန့်ခွဲသည်မှ အရေးတယူပြုလုပ်ရန်လိုအပ်ပါသည်။
M	အန္တရာယ် အတော်အသင့်	စီမံခန့်ခွဲ တာဝန်ယူသည်ကို သတ်မှတ်ပြဒါန်းရမည်။
L	သာမည အန္တရာယ်	လုပ်ရိုးလုပ်စဉ်အတိုင်း စီမံဆောင်ရွက်ရပါမည်။

နောက်ဆက်တွဲ(ဂ)

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်

မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသ

ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးမှု

မှတ်တမ်းဓာတ်ပုံများ

ပုံ(၁) ပန်းတောင်လုပ်ကွက်များအနီးရှိ ပန်းတောင်ကွက်ရပ်အား တွေ့မြင်ရပုံ

ပုံ(၂) ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ကျေးရွာများမှ ဒေသခံများနှင့် ပန်းတောင်ကွက်ရပ်အတွင်း
တွေ့ဆုံဆွေးနွေးခဲ့သည့် မှတ်တမ်းဓာတ်ပုံ

ပုံ(၃) ဒေသခံများသို့ တာဝန်ရှိသူမှ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းဆွေးနွေးနေပုံ

ပုံ(၄) ပန်းတောင်ကွက်ရပ်မှ လုပ်ကွက်အတွင်း အကျိုးတူဆောင်ရွက်နေသော ဒေသခံများအား တွေ့မြင်ရပုံ

နောက်ဆက်တွဲ (ဂ-၁)

ပြည်ထောင်စုသားကုမ္ပဏီ
ပန်းတောင်လုပ်ကွက် (YMT - 255 / 256 / 257)
အစည်းအဝေးတက်ရောက်သူများစာရင်း

စဉ်	ကျေးရွာအမည်/ကုမ္ပဏီ	အမည်	ရာထူး	လက်မှတ်
၁	ပြည်ထောင်စုသားကုမ္ပဏီ	ဦးမြင့်လွင်	အထွေထွေမန်နေဂျာ	
၂	॥	ဦးတင့်လွင်	မန်နေဂျာ	
၃	॥	ဦးနန်းဦး	ကြီးကြပ် (၁)	
၄	॥	ဦးအောင်ကျော်မင်း	॥	
၅	॥	ဦးအောင်ရင်	॥	
၆	॥	ဦးစိုးတင့်	॥	
၇	ပန်းတောင်ကျေးရွာ	ဦးဝင်းဗိုလ်	ကျေးရွာသား	
၈	॥	ဦးထွန်းဝေ	॥	
၉	॥	ဒေါ်မြင့်မြင့်စန်း	॥	
၁၀	॥	ဦးစိန်လင်း	॥	
၁၁	॥	ဦးဝင်းနိုင်	॥	
၁၂	॥	ဦးသန်းထိုက်	॥	
၁၃	॥	ဦးမောင်မြင့်	॥	
၁၄	॥	ဦးလှိုင်မျိုးသွင်	॥	
၁၅	॥	ဦးဖိုးလပြည့်	॥	
၁၆	သပြေပင်ကျေးရွာ	ဦးအောင်ဝင်း	॥	
၁၇	॥	ဦးကျော်သင်း	॥	
၁၈	॥	ဦးမြင့်ရွှေ	॥	
၁၉	॥	ဦးမင်းခန့်ဇော်	॥	
၂၀	॥	ဦးကျော်ငြိမ်း	॥	
၂၁	॥	ဦးဇော်မင်းထွေး	॥	
၂၂	॥	ဦးရဲမင်းစိုး	॥	
၂၃	॥	ဦးချမ်းပြည့်ဦး	॥	
၂၄	॥	ဒေါ်စန္ဒာဝင်း	॥	
၂၅	॥	ဦးဟိန်းစိုး	॥	
၂၆	॥	ဦးချစ်ကို	॥	
၂၇	॥	ဦးဝင်းသန်း	॥	
၂၈	॥	ဦးနေဆန်းဦး	॥	
၂၉	॥	ဒေါ်ရင်ရွှေ	॥	
၃၀	॥	ဦးဇော်ဖြိုးကျော်	॥	

နောက်ဆက်တွဲ(ဃ)

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်

မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်ဒေသ

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

ပုံ(၁) အင်တိုင်း-ကင်းရွာ-သပြေပင် ကျေးရွာချင်းဆက်လမ်း ရေတိုက်စားခြင်းအား ပြုပြင်နေပုံ

ပုံ(၂) အင်တိုင်း-ကင်းရွာ-သပြေပင် ကျေးရွာချင်းဆက်လမ်း ရေတိုက်စားခြင်းအား ပြုပြင်နေပုံ

ပုံ(၃) အင်တိုင်း-ကင်းရွာ-သပြေပင် ကျေးရွာချင်းဆက်လမ်း ဆောက်လုပ်ပေးထားပုံ

ပုံ(၄) သပြေပင်ကျေးရွာမူလတန်းကျောင်း ဆောက်လုပ်လှူဒါန်းပေးထားပုံ



ပုံ(၅) သပြေပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်လှူဒါန်းနေပုံ



ပုံ(၆) ပြည်ထောင်စုသားကုမ္ပဏီမှ သပြေပင်ကျေးရွာတွင် စေတီ တစ်ဆူ လှူဒါန်းထားပုံ

ပုံ(၇) သပြေပင်ကျေးရွာတွင် ဘုရားအတွင်း ပူဇော်ထားသည့် ဗုဒ္ဓရုပ်ပွားတော်

ပုံ(၈) ပြည်ထောင်စုသားကုမ္ပဏီမှ သပြေပင်ကျေးရွာတွင် သိမ်ကျောင်းတော်လှူဒါန်းထားပုံ

ပုံ(၉) ဗိုလ်ချုပ်ကြေးရုပ်အား ကြိုဆိုနေသည့် ဒေသခံပြည်သူများ



ပုံ(၉) ကုမ္ပဏီမှ (၁၃.၂.၂၀၁၇)ရက်နေ့ ရမည်းသင်းမြို့တွင် လှူဒါန်းထားသည့်ဗိုလ်ချုပ်ကြေးရုပ်နှင့်ဗိုလ်ချုပ်ပန်းခြံ

ပုံ(၁၀) ဆန်းရွှေပြည်နှင့်ပြည်ထောင်စုသားကုမ္ပဏီ မှ ရမည်းသင်းမြို့တွင် (၁၃.၂.၂၀၁၇)
ရက်နေ့တွင် ဗိုလ်ချုပ်ကြေးရုပ်အား လှူဒါန်းထားပုံ

ပုံ(၁၁) အင်းတိုင်းရွာတွင် ကျေးရွာအသုံးပြုရန် ရေကန် တူးဖော်ဆောက်လုပ်လှူဒါန်းထားပုံ

ပုံ(၁၂) အင်းတိုင်းရွာတွင် ကျေးရွာအသုံးပြုရန် ရေကန် တူးဖော်ဆောက်လုပ်လှူဒါန်းထားပုံ

နောက်ဆက်တွဲ (ဃ-၁)

ပြည်ထောင်စုသားကုမ္ပဏီလီမိတက်

မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊
ပန်းတောင်ဒေသ

စိမ်းလန်းစိုပြေရေးဆောင်ရွက်မှု(TPK-257)

မှတ်တမ်းဓာတ်ပုံများ

ပုံ(၁) ပန်းတောင်ရွှေလုပ်ကွက် (YMT-257) မှ သရက်စိုက်ခင်း

ပုံ(၂) ပန်းတောင်ရွှေလုပ်ကွက် (YMT-257) မှ ပျိုးခြံ

ပုံ(၃) ပန်းတောင်ရွှေလုပ်ကွက် (YMT-257) မှ သရက်ပင်ပေါက်များ

ပုံ(၄) အပင်များ စိုက်ပျိုးရန် နေရာများ သတ်မှတ်ထားပုံ

ပုံ(၅) (YMT-257) လုပ်ကွက် ဒေသအပင်များ ဖြစ်သော မယ်ဇလီစိုက်ခင်း

ပုံ(၆(YMT-257) လုပ်ကွက်အတွက် စိုက်ပျိုးထားသောကျွန်းပင်များ

Work Experiences on Environmental Impacts Assessments and Management Experiences in Mining Sectors.

U Zaw Win Than

Director(Retired)

Mineral Conservation and Environmental Control Section

Department of Mines, Ministry of Mines

Organization Work Experiences

Year	Department	Work Experiences
1982-1998	Metallurgical Research and Development Centre, ELA DGSE, Ministry of Mines	1. Extraction of Electrolytic Copper and by-product as Au & Ag by Hydro-Metallurgical Process. 2. Gold Refinery Operation (Ela) (1985-1998) 3. Design, Installation and Operation of 1 ton per day of Electrolytic Zinc Plant, including Design and Operation of Flue Gas Desulphurization Plant for Environmental Controls. 4. Design, Installation and Operation of 1 ton per day of Copper Refinery at Monywa, including Design for Acid Mists Emission from Tank House for Environmental Controls. 5. Commercial Plant Experiences on Copper Smelter and Copper Refinery (Tamano-Hebi Smelter, Japan) and Commercial Electrolytic Zinc Plant (Kamioka, Japan) (1984) 6. Waste Water (from Metallurgical Process) Treatment Experiences. 7. Test Run of Kyauk Pa Hto Gold Mine (1992-1995)
1998-2000	DGSE, Department of Geological Survey and Exploration, Ministry of Mines	1. Design Experiences on (10) Tons/Day Electrolytic Zinc Plant including acid mists controls at Leaching and Purification and Electro-winning cells.
2006-2014	Mineral Conservation and Environmental Control Section, Department of Mines. Ministry of Mines	1. Environmental Impacts Assessment and Treat - ment on Underground Water Contamination at Monywa Copper Project at 2006. 2. Environmental Impacts Assessments of Mines at Mogok, Phakhant and Khantee Yadanar Regions. 3. Imapcts Assessment and Treatment Experiences on Toyota Batteries Production Plant. Yangon. 4. Impacts Assessments and Controls at Small Scale Gold Mines in Thabeikkyin Region. 5. Impacts Assessments and Controls at Small Scale Gold Mines in Singku Region. 6. Impacts Assessments and Controls at Small Scale Gold Mines in Singku Region. 7. Impacts Assessments and Controls at Small Scale Gold Mines in Singku Region. 8. Impacts Assessments Zinc Fuming Plant , Southern Shan State. 9. Surface Water and Ground Water Contamination Assessments on Kyauk Pa Hto Gold Mine at 2012. 10. Tagaung Taung Nickel Project, Environmental Managements and Monitoring Experiences. 11. Mine closer Experiences on Sabetaung Open-pit at Monywa Copper Project.

နောက်ဆက်တွဲ (၁)

00006753

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ...၉၂၂......../ ၂၀၁၀–၂၀၁၁

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ...ပြည်ထောင်စုသား ကုမ္ပဏီ လီမိတက်...................................... အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ..၂၀၁၀.. နှစ်၊ ....သြဂုတ်....လ၊ ..၃၀..ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းအား ၂၀၁၂.. နှစ်၊ နိုဝင်ဘာ.......လ၊ ...၂၃ ရက်နေ့မှစ၍ သက်တမ်းတိုး ခွင့်ပြုလိုက်သည်။

စက်မှု/ထုတ်လုပ်မှု
INDUSTRIAL PRODUCTION

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(နန်းရီရီသန်း ၊ ညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. ....922........... of 2010-2011

I hereby certify that the tenure of PYI HTAUNGSU THAR COMPANY LIMITED .....incorporated under the Myanmar Companies Act on 30th AUGUST, 2010 is renewed with effected from 23rd NOVEMBER, 2012

For Director General
(Nang Yi Yi Than, Director)
Directorate of Investment and Company Administration